# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်     ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ သောကြာနေ့၊     အတွဲ [၅၄]၊ အမှတ် [၃၄၁]


**အရိယ သစ္စာန ဒဿနံ**
**ဧတံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ ဘူတန်ဝန်ကြီးချုပ်ဟောင်းနှင့် ဩစတြီးယား အဓိပတိဟောင်းတို့အား လက်ခံတွေ့ဆုံ

စာမျက်နှာ-၃



## မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ပေါင်းစည်းမှု၊ သဟဇာတရှိမှုနှင့် ကြွယ်ဝချမ်းသာမှုရရှိရန် ဆက်လက်ကြိုးပမ်း

စာမျက်နှာ-၄




လူထိုင်းမြန်မာစက်ရုံတွင် အကြိုသင်တန်းပေးနေမှုများကိုတွေ့ရစဉ်။

သတင်းနှင့် ဓာတ်ပုံ ဝင်းဝင်းမော်

**ရန်ကုန်   စက်တင်ဘာ   ၁၀**

သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းကို ယခုလအတွင်း မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်သည်။ KOYORAD(JAPAN) ကုမ္ပဏီကလည်း ယခုလအတွင်း စီးပွားဖြစ် စတင်လည်ပတ်တော့မည် ဖြစ်သည်။

ဆက်လက်၍ Foster ကုမ္ပဏီ ၊ Lu Thai Myanmarကုမ္ပဏီ၊ Indorama ကုမ္ပဏီနှင့် Cute ကုမ္ပဏီတို့မှ စက်ရုံများကလည်း ယခုနှစ်ကုန်တွင် စီးပွားဖြစ် စတင်လည်ပတ်မည်ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ကုမ္ပဏီ ၁၃ ခုအား ဆောက်လုပ်ခွင့်ပါမစ်ပေးခဲ့ပြီး ကုမ္ပဏီ ၁၂ ခုမှာ စတင်ဆောက်လုပ်လျက်ရှိသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

### ယနေ့ ဖတ်စရာ

**မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တိုင်းသည် ကိုယ်စီတာဝန်ကိုသိရှိပြီး လုပ်ငန်း၏ ရည်ရွယ်ချက်ကိုသိမှသာ တာဝန်ကို တိတိကျကျဆောင်ရွက်နိုင်မည်ဖြစ်**

စာမျက်နှာ » ၅

**သတင်းမီဒီယာကောင်စီဝင် လောင်း အဆိုပြုရန်ဖိတ်ခေါ်**

စာမျက်နှာ » ၇

**မြန်မာနိုင်ငံသား ၄၂ ဦး အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ**

စာမျက်နှာ » ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရွှေ့ပြောင်းလုပ်သား

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ကြသော လုပ်သားအများအပြားရှိပါသည်။ ထိုအထဲတွင် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၌ သွားရောက်အလုပ်လုပ်ကိုင်သော မြန်မာရွှေ့ပြောင်းလုပ်သားသုံးသန်းခန့်ရှိကြောင်း သိရပါသည်။ ယင်းတို့တွင် တရားဝင်သွားရောက်သည်လည်းရှိသလို တရားမဝင်သွားရောက်မှုများလည်းပါဝင်ပါသည်။ လူကုန်ကူးခံရပြီး မတရားခိုင်းစေခံရသူများလည်း ရှိနိုင်ပါသည်။ တရားဝင်သွားရောက်လုပ်ကိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

မြန်မာနိုင်ငံမှထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသော မြန်မာရွှေ့ပြောင်းလုပ်သားများမှာ အဓိကအားဖြင့် လုပ်ငန်းသုံးခုတွင် အများစုလုပ်ကိုင်ကြရကြောင်း သိရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်း(ဝါ)ရေလုပ်ငန်းတို့တွင်ဖြစ်ပါသည်။ ရေလုပ်ငန်းများ၌ လုပ်ကိုင်ရာတွင် နိုင်ငံ၏တရားဝင်ရေပိုင်နက်များအတွင်း လုပ်ကိုင်ရသည်မှာ အန္တရာယ်မရှိနိုင်သော်လည်း အခြားတစ်နိုင်ငံ၏ ရေပိုင်နက်နယ်နိမိတ်များအတွင်း ဝင်ရောက်ငါးဖမ်းဆီးခြင်း အလုပ်ကိုလုပ်မိပါက အန္တရာယ်များစွာရှိသည်ကို သတိပြုသင့်ပါသည်။

မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ အမ်ဘွန်ကျွန်း၌ အတိဒုက္ခရောက်နေသော မြန်မာရေလုပ်သား ၁၀၅ ဦးအား မြန်မာသံရုံး၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ပါသည်။ မြန်မာရေလုပ်သား ၃၆၄ ဦးသည် အတိဒုက္ခရောက်လျက်ရှိရာ ပထမအသုတ်အဖြစ် ၁၀၅ ဦးအား ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ဤမြန်မာရေလုပ်သားများသည် ထိုင်းငါးဖမ်းစက်လှေများတွင် အလုပ်လုပ်နေကြသူများဖြစ်ကြောင်း၊ အင်ဒိုနီးရှားရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းစက်လှေများအား ဖမ်းဆီးမှုများပြားလာ၍ အလုပ်မလုပ်ရသည်မှာ ခုနစ်လခန့်ရှိပြီဖြစ်ကြောင်း၊ လုပ်အားခမှာလည်း သုံးပုံတစ်ပုံပင်မရကြောင်း၊ အတိဒုက္ခရောက်နေကြ၍ သံရုံးနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ အကူအညီတောင်းခံရကြောင်း သိရသည်။

ဤသည်ကိုထောက်ရှုလျက် ထိုင်းနိုင်ငံရောက် မြန်မာရေလုပ်သားအချို့သည် တရားမဝင်ရေပိုင်နက်များအတွင်း အလုပ်လုပ်နေရသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။ အလွန်အန္တရာယ်များပြားပါသည်။ ထိုက်တန်သောလုပ်အားခမရသည့်အပြင် အသက်အန္တရာယ်ပင် စိုးရိမ်ရပါသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့သွားရောက်၍ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်သူအချို့သည် တရားဝင် **Work Permit** မရှိဘဲ သွားရောက်နေကြပါသည်။ ပြည်ပတွင် အဆင်ပြေရာ အလုပ်တစ်ခုခုတွင်ဝင်ရောက်လုပ်ကိုင်မည်ဆိုသော ရည်ရွယ်ချက်ဖြင့် သွားရောက်နေကြခြင်းဖြစ်ပါသည်။ ထိုအခါ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများတွင်လည်း လုပ်ကိုင်ရသူများရှိသလို ထိုင်းနိုင်ငံ၌ ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်ရသည်များလည်းရှိပါသည်။ အများစုမှာ ငါးဖမ်းလုပ်ငန်းများ၌ လုပ်ကိုင်နေကြောင်းသိရပါသည်။ ငါးဖမ်းလုပ်ငန်းသည် တရားဝင်နိုင်ငံရေပိုင်နက်များအတွင်း လုပ်ကိုင်ရလျှင် အန္တရာယ်မရှိနိုင်သော်လည်း အခြားနိုင်ငံများ၏ ရေပိုင်နက်များအတွင်း ဝင်ရောက်မိပါက မမျှော်မှန်းနိုင်သော အန္တရာယ်များနှင့် ရင်ဆိုင်ကြရမည်ဖြစ်၍ သတိပြု၍သွားလာလုပ်ကိုင်ဆောင်ရွက်သင့်ပါကြောင်း။ ။


# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချီ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာမည်။
မဲဆန္ဒရှင်ပြည်သူများသွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊ သို့မှသာ မှန်ကန်သည့်မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။
မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

# ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြု၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ



**မြစ်ကြီးနား စက်တင်ဘာ ၁၀**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ စက်တင်ဘာ ၉ ရက်က သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် ပြည်နယ်/ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ရင်း(၃၀)မှ တပ်ဖွဲ့ဝင်များ စုစုပေါင်း သွေးအလှူရှင် ၅၀ လာရောက်သွေးလှူဒါန်းခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းယု၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးချစ်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲအရာရှိများ၊ သွေးလှူဘဏ်ဌာနမှ ဒေါက်တာဝင်းရွှေစင်နှင့် ဓာတ်ခွဲခန်းလက်ထောက် ဆရာဝန် ဦးမျိုးဝေတို့က လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြည်နယ်ရဲမှူးကြီးက သွေးလှူရှင် ရဲတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

# လမ်းလယ်ကောင်က ချိုင့်ခွက်ကြီး

ထင်သာမြင်သာပြုပြင်စရာ



ဗဟန်းမြို့နယ် ဖိုးစိန်လမ်းမှ နတ်မောက်လမ်းသွယ်(၁)အဝင် လမ်းလယ်ကောင်၌ ရေမြောင်းပေါက်ကို ပိတ်ထားသော နှစ်ပေခွဲပတ်လည်ခန့်ရှိ မြောင်းဖုံးသံပြားကြမ်းခင်းကြီးမှာ ချိုင့်ဝင်၍ ချိုင့်ခွက်ကြီးဖြစ်နေသည်မှာ ရက်အတော်ကြာနေပြီဖြစ်သည်ဟု သိရသည်။ နေ့စဉ်ဆိုသလို ယာဉ်ငယ်များ ချိုင့်ခွက်ထဲ ဘီးချော်ဝင်၍ ထိခိုက်ပျက်စီးလျက်ရှိနေကြောင်း၊ လမ်းသွယ်ထဲသို့ လုပ်ငန်းသုံးယာဉ်ကြီးများ ဝင်ရောက်မှုကြောင့်ဖြစ်ကြောင်း ပတ်ဝန်းကျင်နေသူများက ပြောသည်။ အထူးသဖြင့် ညဘက်တွင် ပိုအဖြစ်များပြီး အနီးအနားရှိ ဆိုက်ကားဆရာများက ဝါးလုံးစိုက်ထူအချက်ပြသတိပေးသော်လည်း လူအချို့က လွတ်ပစ်ကြ၍ ယာဉ်ငယ်များ အန္တရာယ်တွေ့နေကြောင်း သိရသည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လကလည်း ယခုကဲ့သို့ တစ်ကြိမ်ဖြစ်ခဲ့ဖူးသည်။ စက်တင်ဘာ ၈ ရက်က သက်ဆိုင်ရာက နတ်မောက်လမ်းသွယ်(၁)ကို ကတ္တရာထပ်ပိုးဖာထေးခင်းသွားသော်လည်း အဆိုပါချိုင့်ခွက်ကို ပြုပြင်ပေးခြင်းမရှိဟု ပတ်ဝန်းကျင်နေသူများက ဆိုသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၆၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၁၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၆၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၉၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၅၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၉ |
| ဥရောပ | တစ်ယူရို | ၁၄၂၈·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၅·၁၆ |
| ထိုင်း | တစ်ဘတ် | ၃၅·၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၁၃၅ |
| တရုတ် | တစ်ယွမ် | ၂၀၀·၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃·၂၈ |

ခင်ရတနာ-စုစည်းသည်။

# လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့ မက်ဒရစ်မှ ဘူတန်ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂျင်မီရိုဆာသင်လေးနှင့် ဩစတြီးယား အဓိပတိဟောင်း မစ္စတာ အဲဖရက်ဂူဆန်ဘာတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်သူလူထု၏ ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မှုအခြေအနေ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူများကို စိတ်ချလက်ချရင်းနှီးမြှုပ်နှံနိုင်ရန် အာမခံချက်များပေးနိုင်ရမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ယမန်နေ့ နံနက် ၉ နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါအထူးစီးပွားရေးဇုန်သို့ရောက်ရှိပြီး လုပ်ငန်းများပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတဦးညွန့်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးသို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင်မှ ဒေသခံလုပ်သားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ **(ယာပုံ)**



ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ MJTD ၏ President & CEO, Mr. Takashi Yanai က သီလဝါအထူးစီးပွားရေးဇုန်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MJTD မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်မည့် အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် MJTD မှ ဥက္ကဋ္ဌ ဦးသိန်းဟန်က သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်စီမံကိန်းကို မကြာမီဖွင့်လှစ်ရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန်၏ အစုရှယ်ယာများကို ဝင်ငွေအဆင့်ဆင့်အမျိုးမျိုးရှိသော အလွှာအသီးသီးမှ ပြည်သူများ ပါဝင်ခွင့်ရရှိရေးအတွက် အစုရှယ်ယာတစ်စုလျှင် ငွေကျပ်တစ်သောင်းနှုန်း အများပြည်သူများအား အဓိကရောင်းချနိုင်မှု၊ ဒေသခံများအားအလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မှု၊ စက်ရုံလည်ပတ်မည့်အချိန်တွင် အသင့်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် လုပ်သားများအား အကြိုကျွမ်းကျင်မှုသင်တန်းများ ပို့ချပေးနေမှု၊ အမာထည်အခြေခံအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်မှု၊ လူမှုစီးပွားထိခိုက်ဆန်းစစ်မှုတို့အပါအဝင် သီလဝါအထူးစီးပွားရေးဇုန်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆက်လက်ဆောင်ရွက်သွားမည့် လျှပ်စစ်ကဏ္ဍ၊ ဆိပ်ကမ်းတည်ဆောက်ရေးကဏ္ဍ၊ လမ်းပိုင်းတိုးချဲ့ဖောက်လုပ်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် သီလဝါအထူးစီးပွားရေးဇုန်သည် မိမိတို့နိုင်ငံက ဆောင်ရွက်လျက်ရှိသည့် အထူးစီးပွားရေးဇုန်များ၏ ရှေ့ပြေး စီမံကိန်းဖြစ်၍ ရင်းနှီးမြှုပ်နှံသူများအတွက် အမာထည်အခြေခံ အဆောက်အအုံနှင့် အပျော့ထည်အခြေခံအဆောက်အအုံအား ပြီးပြည့်စုံပြီး လုပ်သာကိုင်သာရှိသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းဖန်တီးပေးရန် လိုအပ်သလို နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးစီးပွားဖြစ်ထွန်းမှု ရလဒ်ကောင်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံသူများ ရွေးချယ်ရာတွင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၊ သွင်းကုန်အစားထိုးနိုင်မှု၊ ပို့ကုန်ပမာဏမြှင့်တင်နိုင်မှု၊ အဆင့်မြင့်နည်းပညာများရရှိနိုင်မှု၊ ကုမ္ပဏီအုပ်ချုပ်မှု (Corporate Governance) နိုင်ငံတကာ ဂုဏ်သတင်းကျော်စောမှု၊ လူမှုအကျိုးသက်ရောက်မှုပေါ် တာဝန်ခံပူးပေါင်းဆောင်ရွက်မှုစသည့်အချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။

ယခု ဟက်တာ ၄၀၀ ပါဝင်သော သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စီမံကိန်းမှာ မကြာမီစတင်၍ စီးပွားဖြစ်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကို ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြရသူများအပါအဝင် မိမိတို့နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ပေးနိုင်ရန် လွန်ခဲ့သည့်နှစ်ကတည်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုယုံကြည်မှုရှိရေးအတွက် တာဝန်ရှိသူများက အလုပ်ဖြင့် သက်သေပြကြရမည်ဖြစ်ကြောင်း၊ အလားတူ ရင်းနှီးမြှုပ်နှံသူများကိုလည်း စိတ်ချလက်ချ အဆင်ပြေစွာ ရင်းနှီးမြှုပ်နှံနိုင်ရန် အာမခံချက်များ ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဝန်ကြီးဌာနများဖြင့် စုဖွဲ့ဖွင့်လှစ်ပေးထားသည့် One Stop Service Centre ကလည်း ရင်းနှီးမြှုပ်နှံသူများအဆင်ပြေစေအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီရုံး၌ ဖွင့်လှစ်ထားရှိသည့် One Stop Service Centre ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ထားပြီး မကြာမီလည်ပတ်တော့မည့် KOYORAD MYANMAR FACTORY PROJECT သို့ ရောက်ရှိပြီး မြန်မာလုပ်သားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် တည်ဆောက်ဆဲ Lu Thai Myanmar အထည်ချုပ် စက်ရုံသို့ရောက်ရှိပြီး စက်ရုံပြီးစီးချိန်တွင် အသင့်အလုပ်လုပ်ကိုင်နိုင်ရန် စက်ရုံ၏ အစီအစဉ်ဖြင့် ဒေသခံလုပ်သားများအား သုံးလသင်တန်း ကြိုတင်သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလဆန်းအထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကုမ္ပဏီပေါင်း ၄၀ ကို ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးခဲ့ကာ ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ကြောင်း သိရသည်။ လက်ရှိကာလတွင် ဂျပန်၊ တရုတ်၊ မလေးရှား၊ ပြင်သစ်၊ အမေရိကန်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်(တိုင်ပေ)၊ ဆွီဒင်၊ မြန်မာ၊ ဟောင်ကောင်နှင့် ဩစတြေးလျအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံက ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ၂၀၁၅ခုနှစ် ဩဂုတ်လအတွင်း ကုမ္ပဏီ ၁၃ ခုအား ဆောက်လုပ်ခွင့်ပါမစ်ပေးခဲ့ပြီး ကုမ္ပဏီ ၁၂ ခုမှာ စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ KOYORAD (Japan) ကုမ္ပဏီသည် ယခု စက်တင်ဘာလအတွင်း စီးပွားဖြစ်စတင်မည်ဖြစ်ပြီး ယခုနှစ်အကုန်တွင် Foster ကုမ္ပဏီ၊ Lu Thai Myanmar ကုမ္ပဏီ၊ Indorama ကုမ္ပဏီနှင့် Cute ကုမ္ပဏီတို့မှ စက်ရုံငါးရုံ လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ပေါင်းစည်းမှု၊ သဟဇာတရှိမှုနှင့် ကြွယ်ဝချမ်းသာမှုရရှိရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၀

**အကြိမ် (၂၀) မြောက် မဟာမဲခေါင်ဒေသဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (အောက်ပုံ)




အဆိုပါ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်(ယူနန်ပြည်နယ်)၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ မဟာမဲခေါင်ဒေသဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တက်ရောက်ကြသည်။

ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ရန်အတွက် သတ်မှတ်ထားသည့်အချိန် နီးကပ်လာပြီဖြစ်၍ မဟာမဲခေါင်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် အဖွဲ့ဝင် တစ်နိုင်ငံချင်းစီအတွက် အလွန်အရေးကြီးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အရှေ့အာရှ ဒေသတစ်ခုလုံးနှင့် ဒေသတွင်းနိုင်ငံများအကြား စီးပွားရေး ပြန်လည်ထူထောင်ရန် ကြိုးပမ်းမှုအတွက် အဓိကကျသည့် မဟာဗျူဟာဖြစ်ကြောင်း။

မဟာမဲခေါင်ဒေသတွင်း နိုင်ငံများအနေဖြင့် ကုန်စည်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ အခွန်အကောက်စနစ် ခေတ်မီတိုးတက်စေရေးကို ဦးစွာဆောင်ရွက်ပြီး မြန်မာနိုင်ငံအပါအဝင် အခြားဒေသတွင်းနိုင်ငံများ၏ စီးပွားရေးကို ရေရှည်နှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အာဆီယံပေါင်းစည်းမှု မူဘောင်နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းအတွင်းအမျိုးမျိုးသောပုံစံဖြင့် ချိတ်ဆက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဘက်ပေါင်းစုံမှ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ရင်ဆိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုရရှိစေရန် ပြည်သူလူထု၏ နေ့စဉ်လိုအပ်ချက်များ ပြည့်ဝစေရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

"တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နှိုင်းယှဉ်သိသာသော အားသာချက်/အကျိုးကျေးဇူးများ"ကို ပြည့်ပြည့်ဝဝရရှိခံစားရစေရန်၊ နှစ်ရှည်အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတို့အကြား ချိတ်ဆက်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း။

အသေးစားနှင့် အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများသည် ဒေသတွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရ-ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်များစွာလိုအပ်ကြောင်း၊ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိကမိတ်ဖက်များအတွက် အလုံးစုံ လွှမ်းခြုံထားသော ပတ်ဝန်းကျင်တစ်ခု ဖွံ့ဖြိုးလာစေရန်နှင့် ထပ်မံလိုအပ်သည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်အတွက် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဒေသတွင်းနှင့် ဒေသခွဲအစီအစဉ်များ၏ တစ်စိတ်တစ်ဒေသအဖြစ် အထူးအလေးထားဆောင်ရွက်လျက် ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော်စီးပွားရေးပေါင်းစည်းမှု ပိုမိုခိုင်မာလာစေရန်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်းအဖွဲ့အစည်းများအကြား မညီမျှမှုလျော့ချခြင်းနှင့် ကျယ်ပြန့်လာသော ပြည်တွင်းစီးပွားရေး၏ ဝင်ပေါက်/ထွက်ပေါက်များ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

နယ်စပ်ဖြတ်ကျော် စီးပွားရေးပေါင်းစည်းမှု ပိုမိုခိုင်မာလာခြင်းဖြင့် ပြည်တွင်းစိန်ခေါ်မှုများကို မဟာမဲခေါင်ဒေသတွင်း နိုင်ငံများ၏ ဖွံ့ဖြိုးမှု အခွင့်အလမ်းများအဖြစ် ပြောင်းလဲကျော်လွှားနိုင်မည်ဟုမျှော်လင့်ကြောင်း။

မဟာမဲခေါင်ဒေသတွင်းနိုင်ငံများအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုသည် တိုးတက်လျက်ရှိပြီး တတိယဆယ်စုနှစ်၏နှစ်ဝက်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခုရောက်ရှိနေသည့် အခြေအနေတွင် ရောင့်ရဲတင်းတိမ်မနေဘဲ မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ဒေသတွင်း နိုင်ငံများအကြား ပေါင်းစည်းမှု၊ သဟဇာတရှိမှုနှင့် ကြွယ်ဝချမ်းသာမှု ရရှိစေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား လွယ်ကူချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်စေရန် သယ်ယူပို့ဆောင်ရေးစင်္ကြံကို စီးပွားရေးစင်္ကြံအဖြစ် ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း။

ယခုအစည်းအဝေးတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း၍ အမြင်ချင်းဖလှယ်ခဲ့သည့် ရလဒ်များသည် မိမိတို့အားလုံးအတွက် အကျိုးဖြစ်ထွန်းမှုများစွာ ရရှိစေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အတူ တက်ရောက်လာကြသူများသည် အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မဟာမဲခေါင်ဒေသဝန်ကြီးများအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ မစ္စတာ စတီဖင်ဂရော့တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး စက်တင်ဘာ ၉ ရက်က ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အစီရင်ခံစာပါ မဟာမဲခေါင်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မူဘောင်အကောင်အထည်ဖော်မှု အစီအစဉ်(၂၀၁၄-၂၀၁၈) တိုးတက်မှု အခြေအနေ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်(၂၀၁၅-၂၀၂၂)၊ မဲခေါင်ဒေသ စီမံကိန်းဆိုင်ရာ အကြောင်းအရာများ၊ GMS Project Database ၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ မဲခေါင်ဒေသ ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်ရှာဖွေရေး မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်(၂၀၁၅-၂၀၂၀)၊ မဲခေါင်ဒေသ နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးမူဘောင်များ၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့များ၏ အစီရင်ခံစာများ၊ မဟာမဲခေါင်ဒေသ စီးပွားရေး ဖိုရမ်ပါအချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

GMS အစီအစဉ်ကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ၁၉၉၂ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၏ အခြားသော ဒေသတွင်းနှင့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအနက် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နှစ်အကြာရှည်ဆုံးနှင့် အအောင်မြင်ဆုံး အစီအစဉ်တစ်ရပ် ဖြစ်သည်။

ယခု ကျင်းပလျက်ရှိသည့် မဟာမဲခေါင်ဒေသဝန်ကြီးများ အစည်းအဝေးတွင် မဲခေါင်ဒေသစင်္ကြံများနှင့် နယ်စပ်ဒေသများရှိ အဓိကမြို့ပြစခန်းများ ဖွံ့ဖြိုးမှုရရှိစေရေးအတွက် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ဘက်စုံပါဝင်မှုနှင့် ယှဉ်ပြိုင်စွမ်းအားတိုးမြှင့်ခြင်းတို့အပေါ် အခြေခံပြီး မဲခေါင်ဒေသခွဲ မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင် (၂၀၁၅-၂၀၂၂) ကို အတည်ပြုနိုင်ခဲ့ပြီး ပူးတွဲကြေညာချက်စာတမ်းကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။

အဆိုပါ ကြေညာစာတမ်းတွင် မဲခေါင်ဒေသခွဲအစီအစဉ်၏ ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆယ်သွယ်ရေးနည်းပညာကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက်ဖြစ်ပေါ်တိုးတက်မှုများ၊ လက်ရှိဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများတွင် မဲခေါင်ဒေသခွဲ၏ အခန်းကဏ္ဍနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

---

❖ ***ကျောဖုံးမှ***

ဒေါ်လာသန်းပေါင်း ၆၅၀၆ ဒသမ ၃၉၅ ရှိကြောင်း၊ ယခုနှစ်ကုန်သွယ်မှုသည် ဒေါ်လာ ၁၁၄၃၄ ဒသမ ၄၁၄သန်းရှိသည့်အတွက် ကုန်သွယ်မှု ၁၁၂ ဒသမ ၃၂၄ ပိုမိုမြင့်တက်လာကြောင်း စီးပွား/ကူးသန်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

"ပြည်တွင်းမှာ နေရာအနှံ့ ရေလွှမ်းမှုဖြစ်စဉ်များနဲ့ ကြုံတွေ့ရပေမယ့် အခုနှစ်အတွက် နိုင်ငံတကာနဲ့ကုန်သွယ်မှုပမာဏက အရင်နှစ်ကထက် ပိုလာတာကိုတွေ့ရပါတယ်။ ရေလွှမ်းပြီးတောင်သူတွေရဲ့ လယ်ယာမြေတော်တော်များများရေနစ်မြုပ်တဲ့အတွက် ပြည်ပပို့ကုန်ကတော့ အနည်းငယ် လျော့လာတာတွေ့ရတယ်။ အခုနှစ် ပို့ကုန်တန်ဖိုးက အရင်နှစ် အလားတူကာလထက် ဒေါ်လာ ၂၀၀ ဒသမ ၉၀၂ သန်း လျော့ကျလာတာကို တွေ့ရပါတယ်။ အဓိကကတော့ ပြည်တွင်းရေလွှမ်းတဲ့အတွက်ကြောင့် လယ်ယာထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ဆန်စပါး၊ပဲအမျိုးမျိုးနဲ့ ပြောင်းစတဲ့ထွက်ကုန်တွေ အထွက်နည်းလို့ အခုလိုပို့ကုန်တွေ လျော့ကျလာတာဖြစ်ပါတယ်" ဟုရင်းက ပြောသည်။ ယခုနှစ် ပြည်ပကုန်သွယ်မှုပမာဏဒေါ်လာ ၁၁၄၃၄ ဒသမ ၄၁၄ သန်းတွင် နယ်စပ်ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၂၇၈၆ ဒသမ ၀၇၈သန်းဖြစ်ပြီး ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုပမာဏသည် ၈၆၄၈ ဒသမ ၃၃၆ ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ကုန်သွယ်မှုစုစုပေါင်းဒေါ်လာ၂၉ဘီလီယံကျော်အထိ ကုန်သွယ်မှုပြုနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်အတွက် ဒေါ်လာ ၂၉ ဒသမ ၉ ဘီလီယံအထိ မျှော်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ကုန်သွယ်မှုတွင် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာမှုနှင့် နှစ်နိုင်ငံအပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိလာသည့်အတွက် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုသည်လည်း ယခင်ကထက် ဖွံ့ဖြိုးလာခဲ့သည်။

နယ်စပ်ကုန်သွယ်မှုအများဆုံးနိုင်ငံသည် တရုတ်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ် ကုန်သွယ်မှုတန်ဖိုးအားလုံးတွင် တရုတ်နိုင်ငံမှ ၈၇ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ ၁၂ ရာခိုင်နှုန်းကုန်သွယ်မှုပြုခဲ့ကြောင်း၊ ကျန်သည့် ၁ ရာခိုင်နှုန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ကုန်သွယ်မှုပြုခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထုတ်ပြန်သောအချက်အလက်များအရ သိရသည်။ ပြီးခဲ့သည့်နှစ်နယ်စပ်ကုန်သွယ်မှုတွင် အိန္ဒိယနှင့် ဒေါ်လာ ၆၁ သန်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဒေါ်လာ ၁၄ သန်းကျော် ကုန်သွယ်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘူတန်ဝန်ကြီးချုပ်ဟောင်းနှင့် ဩစတြီးယားအဓိပတိဟောင်းတို့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကမ္ဘာ့ခေါင်းဆောင်များ မဟာမိတ်အဖွဲ့မက်ဒရစ်မှ ဘူတန်ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂျင်မီရိုဆာသင်လေးနှင့် ဩစတြီးယားအဓိပတိဟောင်း မစ္စတာ အဲဖရက်ဂူဆန်ဘာ **(ယာပုံ)**တို့ ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တိုင်းသည် ကိုယ်စီတာဝန်ကိုသိရှိပြီး လုပ်ငန်း၏ ရည်ရွယ်ချက်ကိုသိမှသာ တာဝန်ကိုတိတိကျကျဆောင်ရွက်နိုင်မည်ဖြစ်



နေပြည်တော် စက်တင်ဘာ ၁၀

**မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်း အမှတ်စဉ်(၂/၂၀၁၅)ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ AEC နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အဓိကတာဝန်ယူလုပ်ဆောင်ကြရမည့်သူများမှာ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များဖြစ်၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ သိရှိနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်နှင့် မဲရုံမှူးအနေဖြင့် မဲရုံတွင် ဖြစ်လာနိုင်သည့် ပဋိပက္ခများ၊ ပြဿနာများအပေါ်တွင် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လိုအပ်ကြောင်း။

မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တိုင်းသည် ကိုယ်စီတာဝန်ကို သိရှိပြီး လုပ်ငန်း၏ ရည်ရွယ်ချက်ကိုသိမှသာ တာဝန်ကိုတိတိကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မဲရုံဝင်ပေါက်တွင် မဲဆန္ဒရှင်လက်ချောင်းများကို စစ်ဆေးခြင်းသည် မင်တို့သည့်အခါ မင်မစွဲအောင် Coating တစ်ခုခုလုပ်ထားခြင်း ရှိ/မရှိကို စစ်ဆေးခြင်း၊ လက်ချောင်းတွင် မင်တို့ခြင်းသည် တစ်ဦးတည်းက နှစ်ကြိမ်မဲမပေးနိုင်စေရန် ဆောင်ရွက်ခြင်း၊မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါမှသာ မဲပေးခွင့်ပြုမည်မဟုတ်ဘဲ မှတ်ပုံတင်သော်လည်းကောင်း၊ သက်သေအထောက်အထားတစ်ခုခုသော်လည်းကောင်း ပြသနိုင်ပါကလည်းမဲပေးခွင့်ပြုခြင်း၊ မည်သည့်သက်သေခံကတ်မှ မပါသော်လည်း မဲဆန္ဒရှင်မှန်ကန်ကြောင်း ထောက်ခံပြောကြားသူရှိလျှင် ပုံစံ (၁၂)ဖြင့် မှတ်တမ်းပြု၍ မဲပေးခွင့်ပြုခြင်းစသည်ဖြင့် သိရှိထားရန်လိုကြောင်း။

ပွင့်လင်းမြင်သာမှုရှိခြင်းနှင့်စပ်လျဉ်း၍ ကြိုတင်မဲပေးသူစာရင်းများ မဲရုံတွင် ကပ်ထားရန်၊ မဲရေတွက်သည့်အခါ ကြိုတင်မဲကို ဦးစွာရေတွက်ရန်၊ မဲလက်မှတ်များအား အသိသက်သေများ ကြည့်ရှုသူများကို ပြသရန်၊ မဲရလဒ်များကို မဲရုံတွင် ကပ်ထားကြေညာရန်၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများကို ကြည့်ရှုလေ့လာခွင့်ပြုရန်၊ မဲပေးစဉ်ကာလတွင် လျှို့ဝှက်မဲပေးမှုကို မထိခိုက်စေရန် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးစသည်တို့ကိုလည်း သင်ကြားပေးရန် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့်သူများတွင် အတွေ့အကြုံရှိသူများ ပါနိုင်သကဲ့သို့ အတွေ့အကြုံမရှိသူများလည်း ပါဝင်နိုင်ကြောင်း၊ သင်တန်းတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလက်စွဲပါ လမ်းညွှန်ချက်များအတိုင်း ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ရေး လေ့ကျင့်ပေးရန်လိုကြောင်း။

နည်းပြလုပ်မည့်သူများ ကိုယ်တိုင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လက်စွဲပါ အချက်အလက်များအပေါ် ဂဃနဏ ရှင်းရှင်းလင်းလင်း သိရှိထားမှသာ ပြန်လည်သင်ကြားပို့ချချိန်တွင် ထိရောက်စွာ သင်ကြားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Australia Electoral Commission မှ Ms. Robyn Whitney က သင်တန်းပို့ချရခြင်းနှင့် စပ်လျဉ်း၍ ယခုသင်တန်းသည် ကော်မရှင်၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဆင့်ပွားသင်တန်းပို့ချရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါကြောင်း၊ လုပ်ငန်းစဉ်တိုင်းတွင် ပြဿနာအသေးအဖွဲ့မှစ၍ မဖြစ်ပွားစေရန် လုပ်ငန်းကြီးငယ်မရွေး အလေးထားဆောင်ရွက်ရန် ပို့ချလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၁ ဦးဖြင့် စက်တင် ဘာ ၁၀ ရက်မှ ၁၁ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတို့ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး Country Manager ဖြစ်သူ မစ္စတာ ထရိုလီစ်ဗွီစတာသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်း မြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ၏ (၁၄)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို ၁၀-၁၀-၂၀၁၅ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစုတို့တွင် စာရင်းပေးသွင်းနိုင်သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း- ၇၃၀၀၆၄၄၆၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း ၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံးဖုန်း -၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ ၈-၁၀-၂၀၁၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေကြီးရေလျှံဒေသများတွင် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခန္တီးမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ မုံရွာမြို့နယ်၊ ဘုတလင်မြို့နယ်၊ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ချောင်းဦးမြို့နယ်များ၌ စက်တင်ဘာ ၁ ရက်ကစ၍ ရေကြီးရေလျှံမှု ထပ်မံဖြစ်ပွားခဲ့သဖြင့် ရပ်ကွက်၊ ကျေးရွာပေါင်း ၄၀၄ခု၊ အိမ်ခြေ ၃၆၇၁၂ လုံးခန့်၊ လူဦးရေ ၂၀၄၃၀၄ ဦးတို့ ရေဘေးသင့်ခဲ့ရာ အခြေစိုက်ဆေးခန်း ၈၃ ခုနှင့် ရွေ့လျားဆေးခန်း ၆၂ ခု ဖွင့်လှစ်ထားရှိပြီး ဆေးခန်း၌ လာရောက်ပြသသူ ဦးရေ ၃၈၅၅ ဦးအား ဆေးကုသမှုပေးသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကလည်း ရေကြီး ရေလျှံမှုဖြစ်ပွားသော ခန္တီးမြို့နယ်သို့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စက်တင်ဘာ ၅ ရက်ကစ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ရေပြန်လည်ကျသွားသောမြို့နယ်များ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးလုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပျက်စီးသွားသော ကျန်းမာရေးဌာနအဆောက်အအုံများကို ပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရေကျပြီး နောက်ဆက်တွဲဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါက စောစီးစွာသိရှိတုံ့ပြန်ဆောင်ရွက်ရေးစနစ် (Early Warning Alert and Response System) လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ စက်တင်ဘာ ၁၀ ရက်အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အစ္စရေးနိုင်ငံသမ္မတအား သွားရောက်တွေ့ဆုံ


**နေပြည်တော် စက်တင်ဘာ ၁၀**

အစ္စရေးနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အစ္စရေးနိုင်ငံသမ္မတ Mr. Reuven Rivlin အား စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် ဂျေရုစလင်မြို့ရှိ သမ္မတအိမ်တော်၌ သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံတော်သမ္မတ၏ (၇၆) နှစ်မြောက် မွေးနေ့အတွက် ဆုမွန်ကောင်းတောင်းပြီး မွေးနေ့ဂုဏ်ပြုလက်ဆောင်ပန်းစည်းကို သမ္မတထံ ပေးအပ်သည်။ **(ယာပုံ)**

အစ္စရေးနိုင်ငံသမ္မတက အစ္စရေးနိုင်ငံအခက်အခဲများရှိစဉ်တွင် မြန်မာနိုင်ငံက ကူညီပေးခဲ့သည်များကို ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွင် ယဉ်ကျေးမှုဆိုင်ရာများကိုပါ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း၊ ၁၉၅၀ ပြည့်နှစ်က အစ္စရေးနှင့်မြန်မာနိုင်ငံချစ်ကြည်ရင်းနှီးမှု အခြေအနေသို့ ရောက်အောင် ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံ တည်ရှိရေးနှင့် ဒေသတွင်းအခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ အသိအမှတ်ပြုမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ခရီးစဉ်တိုတောင်းသော်လည်း သမ္မတ၊ ကာကွယ်ရေးဝန်ကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပါအဝင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စက်ရုံများကို လေ့လာခွင့်ရရှိခဲ့သည့်အတွက် အောင်မြင်သော ခရီးစဉ်တစ်ခု



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အစ္စရေးနိုင်ငံသမ္မတ Mr. Reuven Rivlin တို့ တွေ့ဆုံဆွေးနွေးစဉ်။
ဓာတ်ပုံ-မြဝတီ



ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် အစ္စရေးနိုင်ငံ ဂျေရုစလင်မြို့ဟောင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက် ညပိုင်းတွင် အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့ Bun Gurion အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ အစ္စရေးနိုင်ငံ Directorate of Security for Defense Establishment ၏အကြီးအကဲ Mr. Amir Kain နှင့်တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## နိုင်ငံအဖွဲ့အစည်းများမှ အလှူငွေနှင့် အလှူပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီသို့ နိုင်ငံ၊ အဖွဲ့အစည်းများမှ အလှူငွေနှင့်အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၈ ရက်က ဂျပန်အစိုးရအဖွဲ့အစည်းအဝေး၌ ရေဘေးသင့်ဒေသများတွင် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေး၊ ရေသန့်စင်ယာဉ်များနှင့် ရေတွင်း၊ ရေဘုံဘိုင်များ ထောက်ပံ့နိုင်ရေးအတွက် ဂျပန်ယန်း ငါးဘီလီယံကို ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၄ ရက်က ဂျပန်ယန်း ၁၈ သန်းတန်ဖိုးရှိ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများဖြစ်သော စောင်၊ အိပ်ရာလိပ်နှင့် ပလတ်စတစ်အခင်းများ လှူဒါန်းခဲ့သည်။ ဩဂုတ် ၁၄ ရက်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းတန်ဖိုးရှိ အစားအစာ၊ ရေနှင့်သန့်ရှင်းရေးသုံးပစ္စည်းများ၊ အမိုးအကာနှင့် အခြားပစ္စည်းများလှူဒါန်းခဲ့ကြောင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ နိုင်ငံတကာ ကြက်ခြေနီအသင်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်မြို့ရှိ ဂျပန်သံရုံးမှ သိရသည်။

ထို့အတူ ပေကျင်းမြို့ရှိ မြန်မာစစ်သံရုံး (ကြည်း၊ ရေ၊ လေ) အရာရှိစစ်သည်နှင့် မိသားစုများမှ လှူဒါန်းငွေဒေါ်လာ ၅၀၀၊ အာဆီယံစစ်သံရုံးများနှင့် ALTT ကုမ္ပဏီတို့မှ လှူဒါန်းငွေယွမ် မင်ဘီ ၆၁၇၀၀ နှင့် အလှူပစ္စည်းစက္ကူပုံး ၁၅ ပုံးတို့ကို စက်တင်ဘာ ၅ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၁၀**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော အဝတ်အထည်နှင့် စားစရာများကို ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

၂၀၁၆-၂၀၁၇ ခုနှစ်တွင် စက်ရုံတည်ဆောက်မှုများ ပြီးစီးမည်ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းပေါင်း လေးသောင်းနီးပါးကို ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဟု တာဝန်ရှိသူများက ခန့်မှန်းတွက်ချက်ထားသည်။

မကြာမီ စီးပွားဖြစ်လည်ပတ်တော့မည့် KOYORAD(JAPAN) ကုမ္ပဏီစက်ရုံတွင် အလုပ်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင်နေထိုင်သူ မမေမြတ်သူက "အလုပ်ဝင်တာ နှစ်လကျော်ပဲ ရှိပါသေးတယ်။ ကားရေတိုင်ကီတွေထုတ်လုပ်ပြီး Export လုပ်တဲ့ ကုမ္ပဏီပါ။ Local ကုမ္ပဏီနဲ့ NGO တွေမှာလုပ်ခဲ့ဖူးပါတယ်။ အခုကုမ္ပဏီက ဂျပန်ကုမ္ပဏီဖြစ်ပြီး အထူးစီးပွားရေးဇုန်မှာရှိတာကြောင့် ရုံးပိုင်းပရိဘောဂကအစ ငွေရေးကြေးရေးပိုင်းစတဲ့ System တွေက စနစ်တကျစီစဉ်တာတွေ့ရတယ်။ အကောင့်မန်နေဂျာအဖြစ်တာဝန်ယူပြီး အကောင့်ပိုင်းနှင့်ပတ်သက်တာ လုပ်ဆောင်နေပါတယ်" ဟုဆိုသည်။ KOYORAD(JAPAN) ကုမ္ပဏီသည် ဒေသခံလုပ်သား ၁၃ ဦးကို ဗီယက်နမ်နိုင်ငံသို့ စေလွှတ်၍ သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်၌ ဒေသခံများ စက်ရုံလည်ပတ်မည့်အချိန်တွင် အသင့်ဝင်ရောက်လုပ်ကိုင်ရေးအတွက် အကြိုကျွမ်းကျင်မှုသင်တန်းများကိုလည်း စက်ရုံအစီအစဉ်ဖြင့် ပို့ချပေးလျက်ရှိသည်။

"လက်ကမ်းစာစောင်ကနေ အလုပ်လာရောက် လျှောက်ဖြစ်တာပါ။ လောလောဆယ်လစာကို မသိသေးပါဘူး၊အလုပ်ဝင်တာ သုံးရက်ပဲရှိပါသေးတယ်၊ စက်ရုံက လက်ရှိသင်တန်းပေးနေပြီး ကျွန်မတို့တတ်မြောက်မှုအပေါ် ကြိုက်နှစ်သက်ရင် နောက်ပိုင်းအလုပ်ခန့်မှာ ဖြစ်ပါတယ်" ဟု Lu Thai Myanmar အထည်ချုပ်စက်ရုံတွင် ကြိုတင်သင်တန်းတက်ရောက်နေသည့် ကျောက်တန်းမြို့နယ် ကျိုက်ကမော့ကျေးရွာနေ မချစ်စုမွန်က ပြောသည်။

လက်ရှိကာလတွင် တည်ဆောက်ဆဲ Lu Thai Myanmar အထည်ချုပ်စက်ရုံသည် စက်ရုံပြီးစီးချိန်တွင် အသင့်အလုပ်လုပ်ကိုင်နိုင်ရန် စက်ရုံ၏ အစီအစဉ်ဖြင့် ဒေသခံလုပ်သားများကို သင်တန်းများပို့ချပေးလျက်ရှိသည်။

အဆိုပါ စက်ရုံမှမန်နေဂျာ Mr. Qin Da က "တီရှပ်နဲ့ အော်တာရှပ်တွေကိုထုတ်လုပ်တာပါ ၊ လက်ရှိသင်တန်းပေးနေတဲ့ စက်တွေက အမေရိကန်၊ ဂျပန်အော်တိုစက်တွေပါ၊ မြန်မာပြည်မှာ စတင်ကုမ္ပဏီထောင်တာပါ၊ အခုလောလောဆယ်သင်တန်းကာလ၊ စမ်းသပ်ကာလဆိုတာရှိတယ်။ သင်တန်းကာလမှာ သူတို့ဆောင်ရွက်နေတာကိုကျေနပ်ရင် ကျွမ်းကျင်မှုကိုကြည့်ပြီး အခုစမ်းသပ်ကာလ သုံးလမှာ ခန့်မယ်၊ အောင်မြင်သွားရင် ဝန်ထမ်းအဖြစ်ခန့်မှာပါ။ အခုသင်တန်းကာလမှာအောင်မြင်အောင် ကြိုးစားကြပါလို့ ဝန်ထမ်းတွေကိုပြောချင်တယ်။ အဆင်ပြေရင် စက်ရုံတစ်ခုပြီးတစ်ခု ဆက်ဖွင့်သွားဖို့ အစီအစဉ် ရှိပါတယ်။ ဒီကုမ္ပဏီရဲ့ Export က အာဖရိကနဲ့ဂျပန်ပါ၊ လူဦးရေ ၁၀၀၀ ခေါ်ထားတယ်၊ ၆၀၀ ရှိရင် ဖွင့်ပွဲလုပ်သွားမှာပါ"ဟု ဆိုသည်။

" ဝန်ထမ်းတွေကို မိသားစုလိုသဘောထားပြီး သင်တန်းကာလမှာစနစ်တကျသင်ကြားပေးနေတာပါ။ ပထမဆုံးစက်ရုံဖြစ်ပါတယ်။မြန်မာ-တရုတ် ဆက်သွယ်ရေးနှင့် ပတ်ဝန်းကျင်တိုးတက်ရေးဆိုတဲ့ ရည်ရွယ်ချက်လည်းပါပါတယ်။ လစာနှုန်းကို မြန်မာနိုင်ငံက သတ်မှတ်ထားတဲ့ လုပ်ခနှုန်းအတိုင်း တရားမျှတစွာ ပေးသွားမှာပါ။ အခုသင်တန်းကာလမှာ ထူးချွန်မှုအပေါ် မူတည်ပြီး လစာပေးသွားမှာပါ" ဟု အဆိုပါစက်ရုံမှ Sewing Supervisor က ပြောသည်။

Lu Thai Myanmar စက်ရုံ၌ ယခုရက်ပိုင်းအတွင်း သင်တန်းတက်ရောက်နေသူ သီလဝါဒေသခံ မငြိမ်းသီရိနိုင်က သွားရေးလာရေးအတွက် ဖယ်ရီစီစဉ်ပေးပြီး သင်တန်းကာလအတွင်း သေသေချာချာသင်ကြားပေး၍ အဆင်ပြေကြောင်း၊ လက်ရှိတွင် အဆောင်မရှိသေးကြောင်း ပြောသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလဆန်းအထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကုမ္ပဏီ ပေါင်း ၄၀ ကို ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးခဲ့ကြောင်း သက်ဆိုင်ရာကတစ်ဆင့်သိရသည်။ လက်ရှိကာလတွင် ဂျပန်၊တရုတ်၊မလေးရှား၊ ပြင်သစ်၊ အမေရိကန်၊စင်ကာပူ၊ ထိုင်း၊တရုတ်(တိုင်ပေ)၊ ဆွီဒင်၊ မြန်မာ၊ ဟောင်ကောင်နှင့် ဩစတြေးလျတို့အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံက ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး (MOI)ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုး စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်း၏ ဒုတိယအဆင့် ဟတ်တာ ၅၀၀ ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အကြိုလေ့လာရေးများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

❊ *ကျောဖုံးမှ*

မုံရွာမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခန့်စီကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ပေဝက်ခန့်နှင့် ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ပခုက္ကူခရိုင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## မိုးရွာနိုင်မည့်အခြေအနေ

**၁၁-၉-၂၀၁၅**

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေမှာ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊လက်ရှိရာထူး၊ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာအေးကျော်<br>ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာခင်မောင်ဦး<br>ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
|---|---|
| (က) ဒေါက်တာမျိုးကြွယ် | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) ဒေါက်တာလှတင့် | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင် တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာတင်မောင်ထွန်း | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာသက်ထွန်းအောင် | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာကြည်စိုး | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (စ) ဒေါက်တာသူရဦး | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) ဒေါက်တာတင်ဝင်း | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) ဒေါက်တာတင်မောင်လှ | ပါမောက္ခချုပ်<br>မန္တလေးအဝေးသင် တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) ဒေါက်တာဦးချို | ပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ည) ဒေါက်တာဝင်းနိုင် | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဋ) ဒေါက်တာမောင်မောင် | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဌ) ဒေါက်တာဒေါ်တင်မာကြည် | ပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာသိန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဦးအောင်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ငွေကြေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ဂ) ဒေါ်သန်းသန်းဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု စနစ်ဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းအသိအမှတ်ပြု လက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင် ဥပဒေအရထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးများဖြင့်စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထို့သို့ဆောင်ရွက်ပေးခဲ့ရာ (၁၀-၉-၂၀၁၅) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး တစ်ဦး၊ ထုတ်ဝေသက်တမ်းတိုး တစ်ဦး၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက် ကိုးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၅ ဦးနှင့်ပေါင်း လုပ်ငန်းအသစ် ၁၉ ဦးတို့အားလည်းကောင်း၊ ဂျာနယ်ရုံးခန်း လိပ်စာပြောင်း တစ်ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်းအမည်ပြောင်းတစ်ဦး တို့အားလည်းကောင်း အသိအမှတ်ပြု လက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့်(၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၄ ဦးနှင့် အသစ်လျှောက်ထားသူ ၂၃၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ ဦးနှင့်အသစ်လျှောက်ထားသူ ၅၆၆ ဦး၊ သတင်းအေဂျင်စီ လုပ်ငန်း အသစ်လျှောက်ထားသူ ၁၇ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၈၄၁ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# သတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုရန် ဖိတ်ခေါ်ခြင်း

သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာနည်းဥပဒေများအရ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) အဖြစ်မှ "သတင်းမီဒီယာကောင်စီ" အဖြစ် အများဆန္ဒဖြင့် ရွေးကောက်ပွဲကျင်းပပြီး အသစ်ပြင်ဆင် ဖွဲ့စည်းမည်ဖြစ်ပါသဖြင့် နည်းဥပဒေတွင် အကျုံးဝင်သည့် အဖွဲ့အစည်းများမှ ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေနှင့် သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ထံ အမည်စာရင်းတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

**ကောင်စီဝင်လောင်းရွေးချယ်ရာတွင် ကိုယ်စားလှယ်လောင်းများအတွက် အရည်အချင်းသတ်မှတ်ချက်**

**( က ) သတင်းမီဒီယာအဖွဲ့အစည်းများ**

၁။ အသင်းဝင်ဦးရေအနည်းဆုံး ၁၀၀ရှိရမည်။

အသင်းဝင်ဦးရေအလိုက် အောက်ပါအတိုင်း ကိုယ်စားလှယ်ဦးရေ တင်သွင်းနိုင်သည်-

( က ) အသင်းဝင်ဦးရေ ၁၀၀ မှ ၄၉၉ ဦးထိ ကိုယ်စားလှယ်တစ်ဦး။

( ခ ) အသင်းဝင်ဦးရေ ၅၀၀မှ ၉၉၉ ဦးထိ ကိုယ်စားလှယ် နှစ်ဦး။

( ဂ ) အသင်းဝင်ဦးရေ ၁၀၀၀နှင့်အထက် သုံးဦး။

၂။ အသင်းဖွဲ့စည်းပုံစည်းမျဉ်းရှိရမည်။

၃။ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားဆောင်ရွက်မှု ရှိရမည်။

၄။ ဖွဲ့စည်းထားမှုသက်တမ်း တစ်နှစ်နှင့်အထက်ရှိရမည်။

၅။ နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခု၏လက်အောက်ခံမဖြစ်စေရ။

**( ခ ) တစ်ဦးချင်းရွေးချယ်ခံမည့် သတင်းမီဒီယာသမားများ**

၁။ သတင်းမီဒီယာလုပ်ငန်းတွင် လေးစားအပ်သောရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံ ၁၀နှစ်နှင့်အထက် ရှိရမည်။

၂။ သိသာထင်ရှားသောသတင်းမီဒီယာ လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

၃။ အချိန်မှန်ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်များမှ ထုတ်ဝေသူ၊ အမှုဆောင်အရာရှိချုပ်၊ အယ်ဒီတာချုပ်၊ ရုပ်သံလွှင့်မီဒီယာများမှ သတင်းခန်း၏ အမှုဆောင်ထုတ်လုပ်ရေးမှူးနှင့်အထက် တာဝန်ရှိသူဖြစ်ရမည်။

**( ဂ ) တစ်ဦးချင်းရွေးချယ်ခံရမည့် အခြားနယ်ပယ်များမှ ကိုယ်စားလှယ်လောင်းများ**

၁။ သက်ဆိုင်ရာနယ်ပယ်တွင် လေးစားအပ်သော ရင့်ကျက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။

၂။ သက်ဆိုင်ရာနယ်ပယ်တွင် သိသာထင်ရှားသော လုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိရမည်။

**( ဃ ) သတင်းမီဒီယာနည်းဥပဒေ အခန်း(၃)၊ နည်းဥပဒေ ပုဒ်မ (၇)အရ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းမပြုနိုင်ပါ။**

(၁)နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်း၊

(၂)မကျန်းမာမှုကြောင့် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း၊

(၃)အကျင့်စာရိတ္တပျက်ပြားမှုနှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရဖူးသူ ဖြစ်ခြင်း၊

(၄)နိုင်ငံရေးပါတီတစ်ခုခုတွင် အမှုဆောင်ရာထူးတာဝန်ထမ်းဆောင်နေသူဖြစ်ခြင်း၊

❋ အဆိုပြုလွှာပုံစံများကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ရုံးခန်းအမှတ်(၉၀၂) ကိုးလွှာ ယုဇနတာဝါ၊ ရွှေဂုံတိုင်တွင် လည်းကောင်း၊ www.facebook.com /myanmarpresscouncil စာမျက်နှာတွင်လည်းကောင်း ကူးယူနိုင်ပါသည်။

❋ အဆိုပြုလွှာများကို ကာယကံရှင်ကိုယ်တိုင် ကောင်စီရုံးခန်းသို့ လာရောက်၍သော်လည်းကောင်း၊ အွန်လိုင်းမှတစ်ဆင့် အီးမေးလ်လိပ်စာ mmpresscouncil @gmail .com သို့လည်းကောင်း ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂ ရက် သောကြာနေ့ညနေ ၄နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

❋ ရွေးချယ်တင်မြှောက်ပွဲ ပြုလုပ်မည့်နေ့ကို သီးခြားကြေညာပါမည်။

**သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**
**အမှတ်(၉၀၂)၊ ၉ လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊**
**ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့**

# မူလအခြေအနေသို့ ဆောလျင်စွာ ပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ယမန်နေ့ နံနက်ပိုင်းက မင်းပြားမြို့ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၌ နိုင်ငံတော်ဗဟိုဝန်ဆောင် ဦးစီးပဓာန နာယက ဆရာတော် အမှူးပြုသော သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ မင်းပြားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံကာ ရေဘေးသင့်ဒေသများ၌ မူလအခြေအနေသို့ ဆောလျင်စွာ ပြန်လည်ရောက်ရှိစေရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် မင်းပြားမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသော ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်များကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်းပြားမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသားကျောင်းသူများ၊ သင်တန်းသူများအားတွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်ကာ သင်တန်းကျောင်းအတွင်း အိပ်ဆောင်၊ စားရိပ်သာနှင့် မီးဖိုချောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြောက်ဦးမြို့ သျှစ်သောင်းဘုရား၌ မြောက်ဦးမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကားပြောကြားကာ ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးအတွင်း လေအေးပေးစက်များ တပ်ဆင်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မဟာမုနိဘုရားရင်ပြင်တော်၌ ကျောက်တော်မြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအားတွေ့ဆုံ၍ လတ်တလောလိုအပ်ချက်များဖြစ်သည့် ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်များ ထောက်ပံ့ပေးအပ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကိုလည်းကောင်း၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် စက်ချုပ်သင်တန်း၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ချင်းပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် သတ္တုတွင်းဝန်ကြီးဌာနက စတုတ္ထအကြိမ် အလှူငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၀**

ချင်းပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာနက အလှူငွေပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်အောင်က ဦးစီးပြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းမှ စတုတ္ထအကြိမ် ကျပ်သိန်းပေါင်း ၅၀၀၀ ကို ပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၀ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ သတ္တုတွင်းဝန်ကြီးဌာနနှင့် ကျောက်မျက်လုပ်ငန်းရှင်များ အသင်းက စတုတ္ထအကြိမ်မြောက် လှူဒါန်းငွေကျပ် ၅၀၀၀၀၀၀၀၀၊ Creative Network International Myanmar Co., Ltd. က ငွေကျပ် ၅၀၀၀၀၀၊ Dr. Lin Khin Wan Hong Kong Macau and Myanmar Chamber of Commerce and Industry Ltd က အမေရိကန်ဒေါ်လာ ၄၁၄၂၀နှင့် United Bank of India က အမေရိကန်ဒေါ်လာ ၂၀၀ ကို အလှူငွေစာရင်းအမှတ် (1DA-0300086) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းသည်။ အဆိုပါ လာရောက်လှူဒါန်းငွေများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၁၆၅၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ကျပ် ၃၇၂၁၈၇၇၆၄၃၊ အမေရိကန်ဒေါ်လာ ၁၄၁၁၂၀၁ ဒသမ ၉၇၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး ယင်းလက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးစပါးစိုက်တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်မိုးစပါး ၁၅သန်းနှင့် နွေစပါးဧက သုံးသန်းခန့် စိုက်ပျိုးပြီး စပါးတင်းသန်းပေါင်း ၁၃၄၇ ထွက်ရှိကာ ဆန်ဖူလုံမှုရှိသည့်အပြင် ပြည်ပသို့ပင် ဆန်တင်ပို့ ရောင်းချနေသော နိုင်ငံတစ်ခုဖြစ်သည်။

၂။ ယခုနှစ်ဇူလိုင်နှင့်ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်လယ်မြေ ၁၅ သန်းကျော် ရှိသည့်အနက် ၉-၉-၂၀၁၅ နေ့အထိ မိုးစပါး ၁၃၂၆၉၉၆ ဧကရေလွှမ်းခဲ့ပြီး ၁၂၂၇၁၇၈ ဧက ပြန်လည်ပေါ်ပြီးဖြစ်သည်။ ၎င်းအနက် ၉၇၁၀၀၂ ဧက ထိခိုက်ခဲ့ပြီး ၇၄၆၇၆၂ ဧကပျက်စီးခဲ့ခြင်းကြောင့် ပျက်စီးမှုရာခိုင်နှုန်း ၄ ဒသမ ၉ ရာနှုန်းရှိ၍ အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးလျက်ရှိရာ ပျက်စီးခဲ့သည့် ပျိုးခင်း ၁၀၆၁၈ ဧက ပေါ်တွင် ဧက ၅၄၃၀ ပြန်လည်ပျိုးထောင်ပြီးဖြစ်ပါသည်။ ပျက်စီးခဲ့သည့် စိုက်ခင်း ၇၃၆၁၄၄ ဧကအပေါ်တွင် ၄၁၃၉၉၂ ဧက ပြန်လည်အစားထိုးစိုက်ပျိုးပြီးဖြစ်ပါသည်။ ဆက်လက် စိုက်ပျိုးလျက်ရှိပါသည်။

၃။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအား မိုးစပါး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများအသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အရန်ပျိုးများဖြင့်ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊
(ခ) သက်လတ်နှင့်သက်ကြီးစပါးမျိုးများကို သက်တမ်းရက် ၆၀အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊
(ဂ) သက်လျင်စပါးမျိုးဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊
(ဃ) သက်လျင်စပါးမျိုးဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊
(င) မပျက်စီးဘဲထိခိုက်သောစပါးခင်းများအား ရေသွင်း၊ ရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့်ပုလဲဓာတ်မြေဩဇာ ၃ အချိုး ၁ဖြင့် ရောစပ်ထည့်သွင်းပေးခြင်း။

၄။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသောစပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာကို အချိုးညီ အချိန်ကိုက်ထည့်သွင်းခြင်းပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း ရေသွင်းရေထုတ်ဂရုပြုဆောင်ရွက်ခြင်း လုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**၂၀၁၅-၂၀၁၆ ခုနှစ် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးဧရိယာများတွင် မိုးစပါးပြန်လည်အစားထိုးစိုက်ပျိုးပြီးစီးမှုအခြေအနေ**

**၉-၉-၂၀၁၅ နေ့ထိ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပျက်စီးဧက မိုးစပါး စိုက်ခင်း | ပြန်လည်အစားထိုးစိုက်ပျိုးပြီးအခြေအနေ | | | | | စိုက်ပျိုးပြီး |
|---|---|---|---|---|---|---|---|---|
| | | | အရန်ပျိုး | သားတက်ခွဲ | ပျိုးထောင်စိုက် | တိုက်ရိုက်မျိုးစေ့ချ | စုစုပေါင်း | ရာခိုင်နှုန်း |
| ၁ | ကချင် | ၁၂၈၅၈ | ၄၅၈၈ | | ၈၂၆ | ၂၁၄၉ | ၇၅၆၃ | ၅၈. ၈၂ |
| ၂ | ကယား | ၃၂ | | | | | | |
| ၃ | ကရင် | ၇၄ | | | ၇၄ | | ၇၄ | ၁၀၀. ၀၀ |
| ၄ | ချင်း | ၁၂၁၃ | | | | ၃၇၂ | ၃၇၂ | ၃၀. ၆၇ |
| ၅ | စစ်ကိုင်း | ၈၀၈၀၈ | ၂၅၄၇၂ | | ၃၈၁၁ | ၂၅၄၁၈ | ၅၄၇၀၁ | ၆၇. ၆၉ |
| ၆ | ပဲခူး | ၁၄၈၉၀၁ | ၁၀၄၄၉ | ၃၂၆၈၆ | ၂၁၃၀၅ | ၂၇၉၈၅ | ၉၂၄၂၅ | ၆၂. ၀၇ |
| ၇ | မကွေး | ၈၀၄၆ | | | ၁၃၄၄ | ၆၀၅၅ | ၇၃၉၉ | ၉၁. ၉၆ |
| ၈ | မန္တလေး | ၁၄ | | | ၅ | | ၅ | ၃၅. ၇၁ |
| ၉ | ရခိုင် | ၂၁၆၅၃၁ | | | ၁၀၀၉၄ | ၂၀၄၉၈၃ | ၂၁၅၀၇၇ | ၉၉. ၃၃ |
| ၁၀ | ရန်ကုန် | ၅၆၄၈၆ | ၁၇၄၉ | ၃၃၃၀ | ၈၀၁ | ၆၈၈၀ | ၁၂၇၆၀ | ၂၂. ၅၉ |
| ၁၁ | ရှမ်း | ၂၂၈၆ | ၁၀၇ | | ၃၂၇ | ၂၇ | ၄၆၁ | ၂၀. ၁၇ |
| ၁၂ | ဧရာဝတီ | ၂၀၈၈၉၅ | ၃၄၇၆ | ၄၉၃၂ | ၂၈၂ | ၁၄၄၆၅ | ၂၃၁၅၅ | ၁၁. ၀၈ |
| | စုစုပေါင်း | ၇၃၆၁၄၄ | ၄၅၈၄၁ | ၄၀၉၄၈ | ၃၈၈၆၉ | ၂၈၈၃၃၄ | ၄၁၃၉၉၂ | ၅၆.၂၄ |

၅။ သို့ပါ၍ စပါးစိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် အကူအညီများလိုအပ်ပါက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။


**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

# ချင်းတွင်းမြစ်ရေ မြစ်ကြောင်းတစ်လျှောက်ရှိမြို့များ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ


**နေပြည်တော်  စက်တင်ဘာ  ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့များ၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့၌ တစ်ပေခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**


ချင်းတွင်းမြစ်ရေ အခြေအနေ (ဟုမ္မလင်းမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)




ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)




## ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အထက်ဆက်လက်ကျော်လွန်

**နေပြည်တော်  စက်တင်ဘာ  ၁၀**


ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခန့် ကျော်လွန်လျက်ရှိပြီး နောက် သုံးရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေ ပခုက္ကူနှင့် ညောင်ဦးမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်မည်


**နေပြည်တော်  စက်တင်ဘာ  ၁၀**

ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းတာချက်များအရ ပခုက္ကူမြို့၌ ပေဝက်ခန့်နှင့် ညောင်ဦးမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)




## သရက်မြို့နယ် ရေပေါက်ကျွန်းကျေးရွာ ဧရာဝတီမြစ်ရေ ဒုတိယအကြိမ်ရေတက်လာ၍ ပြောင်းရွှေ့ရ

**သရက်  စက်တင်ဘာ  ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ရေပေါက်ကျွန်းကျေးရွာ၌ ဧရာဝတီမြစ်ရေသည် ဒုတိယအကြိမ် မြစ်ရေတက်လာမှုကြောင့် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ကျေးရွာရှိ နွား ၁၀၁ ကောင်၊ လှည်းလေးစီးတို့ကို သရက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၏ ကြီးကြပ်မှုဖြင့် ရေဘေးသင့်ပြည်သူများကို ရေလွတ်ရာသို့ ရွှေပြည်သစ် ဇက်ရေယာဉ်ဖြင့် နေရာပြောင်းရွှေ့ကူညီပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြောင်းရွှေ့ပေးရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံတပ်ရင်းမှ အရာရှိနှင့် စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေး အဖွဲ့များ၊ ကျန်းမာရေးဌာန၊ မွေး/ကုဌာနမှ ဝန်ထမ်းများ၊ ကျေးရွာမှ ဒေသခံပြည်သူများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီအထိ တိုင်းတာချက်အရ စိုးရိမ်ရေမှတ် ၁၁၉ အောက် စိုးရိမ်ရေမှတ် ၁၁၃ တွင် တည်ရှိနေကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော်  စက်တင်ဘာ  ၁၀

မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၄၀' |
| ၃။ | ရေဘူတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၁၀' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၉၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၁၀' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၂၀' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၁၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၇၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၅၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၅၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၈၀' |
| ၁၄။ | ရေသိုးရေလှောင်တမံ | ၁၅၅၀၀ | ၀. ၂၀' |
| ၁၅။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၀၀' |
| ၁၆။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၉၀' |
| ၁၇။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၃၁' |
| ၁၉။ | ရွှေတောင်ဆည် | ၅၃၆၀ | ၀. ၁၀' |
| ၂၀။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၄၀' |
| ၂၁။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၂။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၃။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၀၀' |
| ၂၄။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၉၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၂၀' |
| ၂၆။ | အဇင်းဆည် | ၁၅၄၂၇ | ၀. ၁၀' |
| ၂၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၂၈။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၉။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၆၀' |
| ၃၀။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၇၉' |
| ၃၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၆' |
| ၃၂။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၂၀' |
| ၃၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၂၀' |

**(သတင်းစဉ်)**

# ကယန်းအမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၀

**ကယန်းအမျိုးသားပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ဦးနန်းရီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်ဟာ ကယန်းအမျိုးသားပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဦးနန်းရီဖြစ်ပါတယ်။ ကယန်းတိုင်းရင်းသားလူမျိုးအကြောင်းအရာနှင့် ကယန်းအမျိုးသားပါတီရဲ့ ရည်ရွယ်ချက်များ၊ မူဝါဒလုပ်ငန်းစဉ်များ အကျဉ်းတို့ကို ဟောပြောတင်ပြသွားပါမယ်။

**ကယန်းတိုင်းရင်းသားလူမျိုးအကြောင်းအရာအကျဉ်းမှာ-**

ကယန်းတိုင်းရင်းသားလူမျိုးဟာ ရှေးပဝေသဏီကပင် ကယားပြည်နယ်(အနောက်/မြောက်ခြမ်း) ရှမ်းပြည်နယ် တောင်ကြီး (ဖယ်ခုံမြို့နယ်နှင့် ပင်လောင်းမြို့နယ်)၊ နေပြည်တော်ကောင်စီနယ်မြေ(လယ်ဝေးနှင့် ပျဉ်းမနားနယ်)၊ ကရင်ပြည်နယ်(သံတောင်မြို့နယ်မြောက်ပိုင်း)တို့တွင် တစုတစည်းတည်း၊ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြပါတယ်။ ကယန်းတိုင်းရင်းသားလူမျိုး လူဦးရေ သုံးသိန်းကျော်ရှိပါတယ်။

ကယန်းတိုင်းရင်းသားလူမျိုးဟာ အခြားတိုင်းရင်းသားလူမျိုးများဖြစ်ကြတဲ့(ကယား၊ မနူ၊ ကယော၊ ယင်းတလဲ၊ ဂေဘား)တို့နဲ့ ညီအစ်ကိုအရင်းအချာများဖြစ်ကြပါတယ်။ တစ်ခုတည်းသောစကား၊ စာပေနှင့်ယဉ်ကျေးမှုရှိပါတယ်။ နယ်ချဲ့အင်္ဂလိပ်ရဲ့လက်ချက်ကြောင့် ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကရင်ပြည်နယ်တို့၌ သံပရာသီး လေးခြမ်းခွဲသကဲ့သို့ အခွဲခံခဲ့ရပါတယ်။

ကယန်းတိုင်းရင်းသားလူမျိုးဟာ နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့ကို အခြားညီအစ်ကိုတိုင်းရင်းသားများနှင့်လက်တွဲပြီး အကြီးအကျယ်တိုက်ထုတ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ခေတ်အဆက်ဆက်အစိုးရနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်လာခဲ့သည်လည်း သမိုင်းတွင် အထင်အရှားတွေ့ရှိရပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကယန်းတိုင်းရင်းသားလူမျိုးများဟာ နိုင်ငံတော်နှင့်ပြည်သူအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ တာဝန်ထမ်းရွက်နိုင်ရန်အတွက် အခါအခွင့်ရှိတိုင်း နိုင်ငံရေးပါတီကို တည်ထောင်လာခဲ့ပါတယ်။

- ၁၉၉၀ ပြည့်နှစ်မှာ ကယန်းအမျိုးသားစည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ခဲ့ပြီး ၁၉၉၀ ရွေးကောက်ပွဲ ဝင်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အနိုင်ရရှိခဲ့ပါသည်။
- ၂၀၁၀ ပြည့်နှစ်မှာ ကယန်းအမျိုးသားပါတီတည်ထောင်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ခဲ့ရာ နှစ်ဦးအနိုင်ရရှိခဲ့ပါတယ်။
- ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် သုံးဦး၊ အမျိုးသား

လွှတ်တော် နှစ်ဦး၊ ပြည်နယ်လွှတ်တော် ခုနစ်ဦး၊ တိုင်းရင်းသားရေးရာ တစ်ဦး၊ စုစုပေါင်း ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကယန်းအမျိုးသားပါတီရဲ့ ရည်ရွယ်ချက်များကို တင်ပြပါမယ်။

**ရည်ရွယ်ချက်တို့မှာ-**

(၁) မြန်မာ့နိုင်ငံရေးမှာ တစ်ထောင့်တစ်နေရာ၊ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်တာဝန်ထမ်းရွက်နိုင်ရေး။
(၂) ပြည်ထောင်စုစစ်စစ်တည်ဆောက်ရေး။
(၃) စစ်မှန်တဲ့ ဒီမိုကရေစီရရှိရေး။
(၄) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး။
(၅) ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး။
(၆) ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး။
(၇) အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူလက်ဝယ်မှာ ထားရှိရေး။
(၈) အာဏာရှင်အစိုးရနဲ့ အာဏာရှင်စနစ်များ ချုပ်ငြိမ်းရေး။
(၉) ကယန်းတိုင်းရင်းသားလူမျိုးများကို သင့်လျော်တဲ့ဒေသတစ်ခုခုမှာ တစုတစည်းတည်း ပေါင်းစည်းခွင့်ရရှိရေး။
(၁၀) ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေး။
(၁၁) ကယန်းစကား၊ စာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများတို့ကို ဖော်ထုတ်ထိန်းသိမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကယန်းအမျိုးသားပါတီရဲ့ နိုင်ငံရေးမူဝါဒလုပ်ငန်းစဉ်များကို တင်ပြပါမယ်။

**နိုင်ငံရေးမူဝါဒလုပ်ငန်းစဉ်များတို့မှာ-**

(၁) ဘက်မလိုက်နိုင်ငံရေးမူဝါဒကို ကျင့်သုံးပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု မူငါးချက်ကို ကျင့်သုံးသွားမယ်။
(၂) ပြည်ထောင်စုကို အမျိုးသားပြည်နယ်နဲ့ တည်ဆောက်မယ်။
(၃) ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရများ အာဏာခွဲဝေမှု ရှိရပါမယ်။
(၄) လွတ်လပ်တဲ့တရားစီရင်ရေး ထားရှိမယ်။
(၅) ကာကွယ်ရေးနဲ့ လုံခြုံရေးဟာ သမ္မတအောက်မှာထားရှိမယ်။
(၆) ဥပဒေအပေါ်မှာ မည်သူမျှမရှိရဘူး။
(၇) ပြည်တွင်းငြိမ်းချမ်းရေးအတွက် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် စားပွဲဝိုင်းမှာ ဖြေရှင်းမယ်။
(၈) ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးခြင်းအားဖြင့် မူးယစ်ဆေးဝါး ပပျောက်ရေးကို ဆောင်ရွက်မယ်။
(၉) ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်။
(၁၀) ကျန်းမာရေးကဏ္ဍမှာ စေတနာ၊ ကရုဏာရှေ့တန်းတင်ပြီး သက်သာချောင်ချိစွာ ကုသနိုင်ရေး ကြိုးပမ်းမယ်။
(၁၁) လူမှုရေး၊ ယဉ်ကျေးမှု၊ စာရိတ္တများကောင်းမွန်စေပြီး တတ်သိပညာ ဖွံ့ဖြိုးတိုးတက်စေနိုင်သော ပညာရေးစနစ်ကို မြှင့်တင်ပေးမယ်။ ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ရှိရမယ်။
(၁၂) ကျေးလက်အထိ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် ဆောင်ရွက်မယ်။
(၁၃) လယ်လုပ်သူ လယ်ပိုင်ရမယ်။ လယ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရှိရမယ်။
(၁၄) အလုပ်သမားများဘဝ ဖူလုံရေး ကြိုးပမ်းပေးမယ်။ အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်ရှိရမယ်။
(၁၅) ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ငွေကြေးတန်ဖိုး တည်ငြိမ်အောင် ကြိုးပမ်းမယ်။
(၁၆) လူငယ်များအား တိုင်းပြည်အတွက် အနာဂတ်ကြယ်ပွင့်များ ဖြစ်လာအောင် မွေးထုတ်မယ်။ လူငယ်သမဂ္ဂများ ဖွဲ့စည်းခွင့်ရှိတယ်။
(၁၇) အမျိုးသမီးကဏ္ဍ မြှင့်တင်ပေးမယ်။ အမျိုးသားနဲ့ တန်းတူအခွင့်အရေးရှိရမယ်။
(၁၈) တိုင်းရင်းသားလူမျိုးများရဲ့ စကား၊ စာပေနှင့် ယဉ်ကျေးမှုမြှင့်တင်ပေးမယ်။
(၁၉) စီးပွားရေးထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစားပေးမယ်။
(၂၀) တိုင်းပြည်ရဲ့ သယံဇာတများကို ရေရှည်အကျိုးကိုရှေးရှုပြီး စည်းကမ်းစနစ်နဲ့ ထုတ်ယူသုံးစွဲမယ်။
(၂၁) ကျေးလက်အထိ လျှပ်စစ်မီးဓာတ်အားသုံးစွဲနိုင်အောင် ကြိုးပမ်းမယ် စသည်များဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

နိုင်ငံရေးပါတီတိုင်းဟာ ရည်ရွယ်ချက်များ၊ မူဝါဒလမ်းစဉ်များရှိကြပါတယ်။ တိုင်းပြည်အတွက် ဘယ်လိုရည်ရွယ်ချက်များ ထားရှိပါတယ်။ တိုင်းပြည်တိုးတက်ပြောင်းလဲဖို့ ဘယ်လိုလုပ်မယ်။ ဘယ်လိုဆောင်ရွက်မယ်။ မူဝါဒလုပ်ငန်းစဉ်များ ထားရှိကြပါတယ်။ ဒါဟာ အင်မတန်အရေးကြီးပါတယ်။ သို့သော် ကောင်းတဲ့ရည်ရွယ်ချက်များ၊ မူဝါဒလုပ်ငန်းစဉ်များ ထားရှိရုံနဲ့ မပြီးသေးပါဘူး။ အမှန်တကယ် လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် လူတွေဖြစ်ကြဖို့ အလွန်အရေးကြီးပါတယ်။ လူကောင်းလူတော်ဖြစ်ကြဖို့ လိုပါတယ်။ လူရိုးလူဖြောင့်ဖြစ်ကြဖို့ လိုပါတယ်။ သစ္စာသမာဓိရှိကြဖို့ လိုပါတယ်။ တိုင်းပြည်ကို အမှန်တကယ်ချစ်၊ ပြည်သူကို အမှန်တကယ်ချစ်တဲ့လူဖြစ်ကြဖို့လိုပါတယ်။ ဒါ့ကြောင့် ပါတီကိုလည်း ကြည့်ဖို့လိုပါတယ်။ လူလည်းကြည့်ဖို့ လိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသာရှိသေးရင် ကျွန်ုပ်တို့ တိုင်းပြည်ဟာ ဒီလိုအဆင့်နဲ့သာ ရှိလိမ့်မယ်လို့မထင်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်း မူဝါဒကဲ့သို့ရှိတဲ့ နိုင်ငံရေးပါတီကို ကြည့်ကြပါ။ ဗိုလ်ချုပ်အောင်ဆန်းအမူအကျင့်ကဲ့သို့ ရှိတဲ့လူကိုသာ ရွေးချယ်ကြပါလို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

နိုင်ငံရေးပါတီကြီးတစ်ခုတည်းနဲ့ အစိုးရဖွဲ့နိုင်တာမျိုးကို ဦးစားမပေးလွန်းကြပါနဲ့။ ပါတီကြီးတစ်ခုတည်းနဲ့ အစိုးရဖွဲ့နိုင်လို့ ထင်ရာစိုင်းတတ်တဲ့ သမိုင်းအတွေ့အကြုံရှိလာခဲ့ပါတယ်။ ညွန့်ပေါင်းအစိုးရမျိုးမှ အပြန်အလှန် ထိန်းကျောင်းမှုကောင်းတဲ့ အစိုးရမျိုးဖြစ်လာနိုင်မယ်လို့ ယူဆပါတယ်။ အပြန်အလှန်လေးစားကြမှသာ တိုင်းပြည်ကိုတိုးတက်အောင် ပြုပြင်ပြောင်းလဲနိုင်မယ်လို့ ယူဆပါတယ်။ တိုင်းရင်းသားများအားလုံးပါဝင်တဲ့ ညွန့်ပေါင်းအစိုးရမျိုး ဖွဲ့စည်းနိုင်မယ်ဆိုရင် တို့တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်မယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် တိုင်းရင်းသားပါတီများကို ထောက်ခံကြပါ။ ကယန်းအမျိုးသားပါတီကိုလည်း ထောက်ခံ မဲပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

## အာဆီယံပြည်သူ့ဂုဏ်ပြုဆု (ASEAN People's Award) လျှောက်ထားနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် အာဆီယံအသိုက်အဝန်း တည်ဆောက်မှုများတွင် ပြောင်မြောက်စွာ ပံ့ပိုးပါဝင်ဆောင်ရွက်ခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား/အဖွဲ့အစည်းတို့ကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုရန် ရည်ရွယ်ကာ အာဆီယံပြည်သူ့ဂုဏ်ပြုဆု (ASEAN People's Award)ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ လူပုဂ္ဂိုလ်/အဖွဲ့အစည်းတစ်ခုစီကို ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းအနေဖြင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ချီးမြှင့်ခံရမည်ဖြစ်သည်။

ဆုပေးပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ Side Event အဖြစ် ကျင်းပသွားမည်ဖြစ်သည်။ ရွေးချယ်ခံရသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းအနေဖြင့် မိမိ/မိမိအဖွဲ့အစည်း၏ လှုပ်ရှားဆောင်ရွက်မှုများ၊ အောင်မြင်မှုများကို ဆုပေးပွဲအခမ်းအနားတွင် တင်ဆက်ပြသနိုင်ရမည်ဖြစ်သည်။ ASEAN People's Award ၏ ဆောင်ပုဒ်မှာ "သက်ဝင်လှုပ်ရှား တောင့်တင်းခိုင်မာသော အာဆီယံအသိုက်အဝန်းတည်ထောင်ရေး" (BUILDING A VIBRANT AND RESILIENT ASEAN COMMUNITY ) ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံမှ နိုင်ငံသား/အဖွဲ့အစည်းများ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်ထားသူပုဂ္ဂိုလ်/အဖွဲ့အစည်းအနေဖြင့် မိမိနှင့်ပတ်သက်သည့် အချက်အလက်၊ မိမိလုပ်ငန်းအဖွဲ့အစည်းနှင့် ပတ်သက်သည့် အချက်အလက်၊ အသိုက်အဝန်းအတွက် အထောက်အကူပြုသည့် လှုပ်ရှားဆောင်ရွက်မှု၊ အနာဂတ်တွင် လှုပ်ရှားဆောင်ရွက်မည့် အစီအစဉ်၊ မိမိ/ မိမိအဖွဲ့အစည်း ရရှိခဲ့သည့် အောင်မြင်မှုများနှင့်ပတ်သက်သည့် သက်သေအထောက်အထား စသည်တို့နှင့်အတူ ပူးတွဲတင်ပြလျှောက်ထားနိုင်သည်။ လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်မှာ စက်တင်ဘာ ၃၀ ရက်ဖြစ်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) နေပြည်တော်သို့ လိပ်မူလျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက www.asean.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**ဆိပ်ဖြူ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ၂၀၁၅ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဒေါ်မေသူအောင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားချက်(၁/၂၀၁၄)ကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၀

**ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီဥက္ကဋ္ဌ ဦးအေးကြိုင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**အားလုံးမင်္ဂလာပါ**

**ပါတီပေါ်ပေါက်လာပုံ။** ။ကျွန်တော်ရို့ ပါတီမထူထောင်မီ ရခိုင်ပြည်နယ်ရှိ မြို့နယ်(၅)ခုမှ ညီလာခံကဲ့သို့သော အချို့သောပုဂ္ဂိုလ်များနှင့် ဆွေးနွေးရာမှာ ၂၀၁၀ ပါတီထူထောင်ခွင့်ရချိန်တွင် တစ်ပါးသူကမှလည်း ပါတီထူထောင်ရန် ပေါ်ပေါက်ခြင်းမရှိပါ၍ ပြည်နယ်ကိုယ်စားပြု ရခိုင်ပါတီတစ်ခုရှိသင့်သည်ဟု အဖြေထွက်ပေါ်ချက်အရ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ရခိုင်ပြည်သူ ပြည်သားများအား အလုပ်အကျွေးပြုလုပ်လိုသည့်ဆန္ဒဖြင့် ပါတီထူထောင်ခွင့်အမှတ်စဉ်(၈)ဖြင့် ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီအဖြစ် ထူထောင်ခြင်းဖြစ်ပါကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သလိုက်ရပါတယ်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီဥက္ကဋ္ဌ ဦးအေးကြိုင်ဖြစ်ပါတယ်။

ပါတီ၏ လိုဂိုတံဆိပ်မှာ သဇင်(နှစ်ခက်) ဖြစ်ပါတယ်။ သဇင်ပန်းတို့၏ သဘာဝမှာ လောင်းရိပ်မပွင့် ပင်မြင့်ပွင့်သော ပန်းဖြစ်သလို ရခိုင်တို့၏ အထွတ်အထိပ်ပန်းတစ်ပွင့်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီကလည်း မည်သည့်အဖွဲ့အစည်းလက်အောက်ခံမှမဟုတ်ဘဲ ရခိုင်ပြည်နယ်ရဲ့ ကံကြမ္မာကို ပြောင်းလဲဖြစ်ပေါ်တိုးတက်နိုင်ရန် ရခိုင်သားများရို့နှင့် သုတေသနပြုဝိုင်းဝန်းအဖြေရှာ ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

**ပါတီအလံ** - ပါတီ၏အလံမှာ ထိပ်ဆုံးထောင့်စွန် တြိဂံပုံအဖြူရောင်၌ ဒန်းဂါးတံဆိပ်တို့မှာ ရခိုင်ပြည်နယ်သင်္ကေတတံဆိပ်နှင့် ဖြူစင်သန့်ရှင်းခြင်းကို ဖော်ဆောင်ပြီး အလံ၏အထက်နား အနီရောင်မှာ ရဲရင့်ခြင်း၊ ဇွဲသတ္တိရှိခြင်းကို ဖော်ဆောင်လျက် အလံ၏အောက်နား အပြာရောင်မှာ စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်ကာ အလံ၏အလယ်တည့်တည့် ကြယ်ဖြူလေးလုံးမှာ ရခိုင်ပြည်နယ်ရှိ လေးဝတီသားများအားလုံး ဖြူစင်သော သဘောထားနှင့် ညီတူညီမျှရှိကြသည်ကို ဖော်ဆောင်ခြင်းပင် ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီသည် ရခိုင်ပြည်နယ်အား ကိုယ်စားပြု ၂၀၁၀ ခုနှစ်တွင် ဦးစွာထူထောင်ပေါ်ပေါက်ခြင်းကြောင့် ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အသင်းအဖွဲ့အစည်းများ၊ အခြားသောနိုင်ငံရေးပါတီများမှ ငွေကြေးကဏ္ဍ ဆက်စပ်ကမ်းလှမ်းခြင်းများရှိကောင်းရှိနိုင်သည်မှာ အမှန်ပင်ဖြစ်သော်လည်း သဇင်ပန်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ သစ္စာစောင့်သိစွာဖြင့် နည်းပရိယာယ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်ကျိုးဖက်လို၍သော်လည်းကောင်း၊ တစ်စုံတစ်ရာဖောက်ဖျက်ကျူးလွန်ခြင်းမရှိ ရှောင်ကြဉ်လျက် တစ်ဖက်မှ ဖိအားပေးကြိုးဆွဲခံကင်းဝေးကာ မိမိတို့ခြေမှာ မိမိတို့ရပ်တည်လာခဲ့ကြခြင်းကြောင့် ရန်ပုံငွေအားနည်းပါ၍ ရခိုင်ပြည်နယ်အတွင်း ကျယ်ပြန့် နှံ့စပ်အောင် မဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အမှန်ပင်ဖြစ်ပါတယ်။ အခုလို ထုတ်ဖော်ပြောဆိုရခြင်းမှာလည်း တစ်ဖက်မှ ထူထောင်ထားသောပါတီတစ်ခုလိုလို၊ အစိုးရကခိုင်းစေ၍ မဲကွဲအောင်လုပ်နေသလိုလို ပုတ်ခတ်ပြောဆိုခြင်းများ ရှိနေခြင်းကြောင့် ပြည်သူတွေ သူခိုးကအိမ်ရှင်၊ အိမ်ရှင်ကသူခိုး ဟုတ်နိုးနိုး ယောင်ဝါးဝါးမဖြစ်ရလေအောင် အခွင့်ကြုံခိုက် လူသိရှင်ကြားတင်ပြလိုက်ရခြင်းဖြစ်ပါတယ်။ ယင်းကြောင့် ရခိုင်ပြည်နယ်အရေးသစ္စာ သမာဓိရှိရှိ ဝိုင်းဝန်းအဖြေရှာဆောင်ရွက်လိုသူများ ဤသဇင်နှစ်ခက် ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီနှင့် ဆက်စပ်ပူးပေါင်းပါဝင်ကြပါရန်ကိုလည်း နှိုးဆော်တိုက်တွန်းလိုက်ရပါတယ်။

**ပါတီ၏ ရည်ရွယ်ချက်/ယုံကြည်ချက်/လမ်းစဉ်သဘောထား**

ပါတီ၏ရည်ရွယ်ချက်မှာ တစ်ပါတီအာဏာရှင်စနစ်မှ အရပ်ဘက်ပြည်သူ့အုပ်ချုပ်ရေး ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ပေါက်ရန်နှင့် အားလုံးပွင့်လင်းမြင်သာစွာပါဝင်နိုင်သည့် ဒီမိုကရေစီအစိုးရ၏ ဦးဆောင်မှုဖြင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလျက် ပိုမိုရင့်ကျက်သည့် လူနေမှုဘဝ စနစ်တကျ အမြန်ဆုံး ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါတယ်။

ပါတီ၏ယုံကြည်ချက်မှာ ၂၀၀၈ ဖွဲ့စည်းပုံသည် ကျွန်တော်တို့လိုလားသည့် ဒီမိုကရေစီ စနစ်တစ်ရာ ရာနှုန်းပြည့်ပြီး ပြည့်စုံသည်ဟူ၍ မဟုတ်ပါ။ ပေါ်ပေါက်လာမည့် အများပြည်သူမှ ရွေးချယ်ပေးလိုက်သော ပြည်သူ့ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များမှ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို ပြင်ဆင်ဖြည့်စွက်ခြင်းဖြင့် အများပြည်သူလိုလားတောင့်တနေသည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် တန်းတူညီမျှသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းလျက် ဒေသအသီးသီး ညီတူညီမျှဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားကြရမည်ဟု ယုံကြည်ပါတယ်။

ပါတီ၏လမ်းစဉ်မှာ ငြိမ်းချမ်းရေးလမ်းစဉ်ပင်ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူတို့ရဲ့ လက်ရှိပကတိ ဘက်ပေါင်းစုံလိုအပ်နေသော အရာများကို အခြားသောပါတီများနှင့်မိတ်ဖွဲ့ကာ တူညီသည်များကို လက်တွဲပူးပေါင်းလျက် မတူညီသည်များကိုလည်း ဆက်လက်အဖြေရှာဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးထာဝစဉ်ရရှိသည်အထိ ဆောင်ရွက်သွားဖို့ပင်ဖြစ်ပါတယ်။

လက်ရှိတွင်လည်း ကျွန်တော်တို့ပါတီမှ ၅၆ ပါတီကိုယ်စားပြု ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးမူဘောင်ရေးဆွဲရေး (၁၅)ပါတီထဲတွင် ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။

**ပါတီသဘောထား။** ။ကျွန်တော်တို့ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီသည် ဖွဲ့စည်းပုံအရ ပါဝင်လုပ်ဆောင်ခွင့်ရရှိပါက တိုင်းနှင့်ပြည်နယ်အသီးသီးနှင့် ညီတူညီမျှဖြစ်စေမည့် ရခိုင်ပြည်နယ်အတွက် အောက်ပါမူဝါဒလမ်းစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

၁။ ကျွန်တော်တို့ ရခိုင်ပြည်နယ် အပါအဝင် တိုင်းနဲ့ပြည်နယ် အသီးသီးရှိ ပြည်သူလူထုလိုလားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ တရားဝင်ပါတီအားလုံး၊ တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံး၊ လူထုလူတန်းစား အတတ်ပညာရှင်၊ အသိပညာရှင် လိုအပ်လျှင် လိုအပ်သလို ပါဝင်ခြင်းဖြင့် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

၂။ ရခိုင်ပြည်နယ်တွင် ကြုံကြိုက်ခဲ့ကြရသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိဘဲ နိုင်ငံ၏ အချုပ်အခြာအာဏာကို သူတစ်ပါးက ဖိအားပေးမှု၊ ခြိမ်းခြောက်တောင်းဆိုမှု ပြုလုပ်သော မည်သည့်အဖွဲ့အစည်း၊ မည်သည့်နိုင်ငံကိုမဆို ပြည်သူအားဖြင့် တွန်းလှန်သွားရန်ဖြစ်ပါတယ်။

၃။ ကျွန်တော်တို့ပါတီကိုယ်စားပြုသည့် ရခိုင်ပြည်နယ်သည် နိုင်ငံအတွင်း အဆင်းရဲဆုံး ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေရသလို တခြားသော တိုင်းနဲ့ပြည်နယ်တိုင်းရင်းသားတွေရဲ့ အမျိုးသားရေး၊ အခက်အခဲပဋိပက္ခမှ လွတ်မြောက်စေရန် အထက်မှာဖော်ပြခဲ့သော ဖွဲ့စည်းပုံပြောင်းလဲဖြစ်ပေါ်လာစေခြင်းဖြင့် မိမိတို့နှင့်ပတ်သက်သည့် ရခိုင်ဒေသမှလည်း မြေပေါ် မြေအောက်ထွက်ရှိသော သယံဇာတအား ပြည်ထောင်စုအစိုးရနှင့်ခွဲဝေသည့်စနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

၄။ ရခိုင်ပြည်နယ်မှ မြောက်မြားစွာသော အဝေးရောက်အလုပ်ရှာ ထွက်ခွာသွားကြသည့် ရခိုင်ပြည်သူ/ပြည်သားများအား မိမိဒေသအတွင်းသို့ ပြန်လည်ရောက်ရှိလာနိုင်စေရန်၊ ပြည်နယ်အတွင်း အလုပ်အကိုင်များ ဖန်တီးဖော်ထုတ်ရန် စက်မှုဇုန်နှင့်ဖြစ်နိုင်ခြေစက်ရုံများ ဖြစ်ပေါ်လာအောင် ပြည်နယ်အစိုးရပြည်ထောင်စုအစိုးရတို့ ပူးပေါင်းအားထုတ်ဖို့ဖြစ်ပါတယ်။

ပါတီသည် လူမှုရေး/နိုင်ငံရေး/စီးပွားရေး/တောင်သူလယ်သမားရေး/ ပညာရေး/ အလုပ်သမားရေး/ကျန်းမာရေး အခြားသော ကိစ္စရပ်များနှင့် ပတ်သက်လို့ ပါတီဖွဲ့စည်းပုံစာအုပ်ထဲမှာ ရေးသွင်းဖော်ပြထားပြီးဖြစ်ပါတယ်။ အခုကတော့ အချိန်နှင့်တစ်ပြေးညီ ပြောဆိုရသည့်အတွက် လိုရင်းတိုရှင်း ပန်ကြားသွားဖို့ ဖြစ်ပါတယ်။

ကျန်းမာရေး၊ ပညာရေး၊ တောင်သူလယ်သမားအရေး၊ အလုပ်သမားအရေးနှင့်ပတ်သက်လို့ လက်ရှိတွင် လိုအပ်နေသော အရာများအား အကောင်းဆုံးပြောင်းလဲတိုးတက်ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပတ်သက်လို့ အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်ခိုးဝင်လာခြင်းအား တားဆီးကာကွယ်နိုင်အောင် ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ သန်းခေါင်စာရင်းတို့ကို တိကျစွာကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

ရခိုင်ပြည်သူ ပြည်သားအပေါင်းတို့ ကျွန်တော်တို့ ရခိုင်လူမျိုးများသည် ရိုးသားပွင့်လင်းကြပါတယ်။ ရိုးသားပွင့်လင်းခြင်းကို အခွင့်ကောင်းယူကာ နည်းပရိယာယ်အသုံးချခြင်းများအပေါ် မကျရောက်လေအောင် အကန်းယုံ အရမ်းယုံ မယုံကြဘဲ လက်တွေ့ကျကျလေ့လာသုံးသပ်ခြင်းဖြင့် အဖြေရှာဆောင်ရွက်ကြပါလို့ တိုက်တွန်းပန်ကြားလိုပါရေ။

နိဂုံးချုပ်အနေဖြင့် ပန်ကြားလိုတာကတော့ ယခုပေါ်ပေါက်လာမည့် (၂၀၁၅)ရွေးကောက်ပွဲကာလမှာ အများပြည်သူရွေးချယ်ပေးရမှာကတော့ ၂၀၁၆ ခုနှစ် အာဏာသုံးရပ်တွင် တာဝန်ယူဆောင်ရွက်ကြရမည့် ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ယင်းကြောင့် တိုင်းပြည်အကျိုး၊ ဒေသခံအကျိုးများကို အမှန်တကယ် အပြောနှင့်အလုပ်၊ အလုပ်နှင့်အပြော ညီမျှသည့် ပုဂ္ဂိုလ်များဖြစ်ပြီး မိမိတို့အား အလုပ်အကျွေးပြုမည့် အရည်အချင်းပြည့်ဝသူများအား အသည်းထဲက မဲတစ်ပြားကို ဉာဏ်နှင့်ယှဉ်ကာ မဲပေးပြုလုပ်ကြပါလို့ ပန်ကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။**

## အလင်းသစ်မော်ကွန်း(၁)

**တေးရေး-လူငြိမ်းခိုင်၊ တေးဆို-သားသွေး**
**တေးဂီတ-စန္ဒရားသန်းဝင်းနိုင်(မဟာနွယ်)**

CHO; (ရက္ခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ)၂
VI အာရိယန်ရို့ ဂန္ဓဝင်သမိုင်းအမွှ ဘိုးဘွားစိုင်ဆက်ထိန်းသိမ်းခရေမြီ
သာကီနွယ်ရို့ အောင်လံဝင့်ချီ ငြိမ်းချမ်းရေးအတွက် လမ်းပြဖို့ပါတီ
CHO (ရက္ခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ)၂
VII ပြည်ရက္ခိုင်အဝှမ်း အေးချမ်းဖွံ့ဖြိုးအောင် ဒီမိုကရေစီတည်ဆောက်ကတ်မည်
ချမ်းအတူပူအမျှ ရက္ခိုရရို့ နှလုံးအိမ် အမျိုးစောင့် တရားထင်ရှားနိုးကြားလီ
CHO (ရက္ခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ)၂
VIII ဂုဏ်ရောင်မော်ကွန်း ထွန်းပလခြမ်းမြီ ရက္ခိုတရို့အားမာန်ချီ
အမျိုးဘာသာအတွက် စည်းလုံးလက်တွဲညီ ရက္ခိုင်စည်သံနဲ့ ပြည်ကြီးနိုးထလီ
CHO (ရက္ခိုင်ပြည် အမျိုးသားအင်အားစုပါတီ)၅

## နိုင်ငံရေးပါတီများ၏ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

“ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ တအာင်း(ပလောင်) အမျိုးသားပါတီနှင့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၁ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## မိုးကြီးနိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

**နေပြည်တော် စက်တင်ဘာ ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စက်တင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၌ နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ကရင်ပြည်သူ့ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၀

**ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ စောထွန်းအောင်မြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**"အားလုံးမင်္ဂလာပါ"**

ကျွန်တော်ကတော့ ကရင်ပြည်သူ့ပါတီရဲ့ဥက္ကဋ္ဌ စောထွန်းအောင်မြင့် ဖြစ်ပါတယ်။ ကရင်အမည်ကတော့ စောဆာတူဝေါ ဖြစ်ပါတယ်။ ယခုလို ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့စကားပြောဆိုခွင့်ရရှိတဲ့အတွက် လုပ်သားပြည်သူအားလုံးနှင့် စီစဉ်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်များကိုပါ အထူးကျေးဇူးတင်ရှိပါတယ်။ အားလုံးပဲ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ ပါတီရဲ့အမည်ဖြစ်တဲ့(ကရင်ပြည်သူ့ပါတီ)ရဲ့ အဓိပ္ပာယ်ကို စတင်ရှင်းလင်းပါမယ်။ ကရင်ပြည်သူ့ပါတီကို ကရင်အမျိုးသားများက ဦးဆောင်သောကြောင့် ကရင်ပြည်သူ့ပါတီဟု ခေါ်သော်လည်း အားလုံးသော ပြည်ထောင်စုဖွားတိုင်းရင်းသား လုပ်သားပြည်သူလူထုအားလုံးကို ကိုယ်စားပြုတဲ့အနေဖြင့် ပြည်သူ(Peoples) ဆိုတဲ့ ဝေါဟာရကို ထည့်ထားပါတယ်။ ပြည်သူ (Peoples) ဆိုတဲ့ ဝေါဟာရဟာ နိုင်ငံရေးအဘိဓာန်မှာပဲ ရှိတယ်။ အောက်ခြေလူတန်းစား၊ သာမန်ပြည်သူများ၊ တစ်ရွာတည်းနေ တစ်ရေတည်းသောက် ပြည်သူအများစုကို ကိုယ်စားပြုသူများဟု အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ ကရင်သာမကဘဲ လူမျိုးပေါင်းစုံဖြစ်တဲ့ ပြည်သူများပါဝင်နိုင်ကြောင်း ပဏာမပြောကြားလိုပါတယ်။ အမြင်ကျဉ်းမြောင်းသော လူမျိုးစုအမြင်မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးပါဝင်ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ တိုင်းရင်းသားလုပ်သားပြည်သူအားလုံး ပါဝင်နိုင်ပြီး ပါတီမှလည်း ဝင်ရောက်ရွေးချယ်ခံနိုင်ပါတယ်။

ကရင်ပြည်သူ့ပါတီကိုဖွဲ့စည်းပြီး ဘာကြောင့် ရွေးကောက်ပွဲဝင်သလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ ကရင်တစ်မျိုးသားလုံးအတွက် ရရှိသင့်၊ ရရှိထိုက်သောအခွင့်အလမ်း Space နဲ့ နေရာ Platform ကိုယူပြီး ကိုယ်စားပြုပြောဆိုနိုင်ရန်နှင့် ကရင်အမျိုးသားအပါအဝင်ဖြစ်တဲ့ ပြည်သူတစ်ရပ်လုံးအတွက် အကျိုးပြုနိုင်ရန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီရဲ့ သဘောထားခံယူချက်ကတော့ တိုင်းပြည်အေးချမ်းသာယာမှ တိုင်းပြည်စီးပွားရေး ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မယ်။ ဒါမှ တစ်ဦးချင်းလူနေမှုအဆင့် ကောင်းမွန်လာပြီး တစ်တိုင်းပြည်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မယ်လို့ မြင်ပါတယ်။

နိုင်ငံရေးအမြင်ကတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တစ်ဆင့်ပြီး တစ်ဆင့် ထိန်းသိမ်းသွားရမှာပါပဲ။ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ စိတ်ရှည်လက်ရှည်သည်းခံညှိနှိုင်းပြီး အသွင်ကူးပြောင်းရမယ့်ဖြစ်စဉ်လို့ပဲ ထင်ပါတယ်။ ဆန္ဒစောပြီးလုပ်ဆောင်ရင် တိုင်းပြည်နစ်နာသွားစရာ အကြောင်းရှိနိုင်ပါတယ်။

စီးပွားရေးအမြင်ကတော့ ဈေးကွက်စီးပွားရေးပီပီပြင်ပြင် အချုပ်အချယ်မရှိ လွတ်လွတ်လပ်လပ် ဆောင်ရွက်ခွင့်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ဆောင်ရွက်လျှင် တိုင်းပြည် ပိုမိုတိုးတက်ချောင်လည်လာမည်ဟု ထင်မြင်ပါတယ်။

ပညာရေးအမြင်ကတော့ လူတိုင်း၊ ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် အလုပ်အကိုင်ရရှိရေးကို အထောက်အကူပြုတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်သင့်ပါတယ်။ တိုင်းရင်းသားလူနည်းစုများကိုလည်း မိမိဘာသာစာပေများကို လွတ်လပ်စွာ သင်ကြားခွင့်ပြုသင့်တယ်လို့ ထင်ပါတယ်။ ပြည်ထောင်စုကြီးဟာ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းနေတာ အရှိဖြစ်နေတဲ့အတွက် ဤအရှိဖြစ်စဉ်ကို လက်ခံပြီး မတူကွဲပြားမှုများကနေပြီး စည်းလုံးညီညွတ်မှုရရှိနိုင်မယ့် နည်းလမ်းကို ရှာဖွေဖော်ထုတ်သင့်ပါတယ်။

ကျန်းမာရေးအမြင်ကတော့ အောက်ခြေပြည်သူလူထုအတွက် အကုန်အကျသက်သာသောဆေးဝါးကုသမှုစနစ် အကောင်အထည်ဖော်သင့်ပါတယ်။ တစ်နည်းအားဖြင့် ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်ကို ပိုမိုတိုးမြှင့်ခွဲဝေပေးသင့်ပါတယ်။ ပညာရေးနဲ့ကျန်းမာရေးက ပြည်သူလူထုအတွက် အကောင်းဆုံးအရင်းအနှီးဆိုတဲ့ အမြင်ရရှိမှသာလျှင် တိုးတက်အောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

လူမှုရေးအမြင်ကတော့ စိတ်ရင်းစေတနာကောင်းဖြင့် ဖွဲ့စည်းသောအဖွဲ့များကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုပြီး အားပေးကူညီ ပံ့ပိုးသင့်တယ်လို့ ထင်ပါတယ်။

တိုင်းရင်းသားရေးအမြင်ကတော့ ပြည်ထောင်စုတိုင်းရင်းသားအားလုံးဟာ စည်းလုံးညီညွတ်မှုရရှိပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုအပြည့်အဝ ရရှိစေရန်အတွက် သဘောထားကြီးကြီးထားပြီး နည်းမျိုးစုံဖြင့် မရမနေ ကြိုးစားဆောင်ရွက်သွားရမယ်လို့ မြင်ပါတယ်။

တစ်မျိုးသားလုံး ပြန်လည်စည်းလုံးညီညွတ်ရေးအမြင်ကတော့ All inclusive တစ်မျိုးသားလုံးဆွေးနွေးညှိနှိုင်းတိုင်ပင်မှု လမ်းကြောင်းမှသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အပြီးတိုင် အောင်မြင်ပြီးဆုံးသည်အထိ စိတ်ရှည်သည်းခံစွာဖြင့် ပြုလုပ်သွားရမှာပဲ ဖြစ်ပါတယ်။

အခြားပါတီများပေါ် သဘောထားအနေဖြင့် အခြားသော ကရင်ပါတီများနှင့် သော်လည်းကောင်း၊ အခြားပါတီမှ ကရင်အမျိုးသားများနှင့် သော်လည်းကောင်း ဦးတည်ချက်ချင်းတူလျှင် လက်တွဲဆောင်ရွက်သွားပါမယ်။ မည်သည့်ပါတီနှင့်မဆို အခြေခံသဘောထား တူညီလျှင် လက်တွဲဆောင်ရွက်ကြမည် ဖြစ်ပါတယ်။

ကရင်ပြည်သူ့ပါတီရဲ့ ရွေးချယ်မှုလမ်းကြောင်းကတော့ ပြည်သူများအတွက် အကျိုးရှိမယ်ဆိုလျှင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမထားဘဲ လုပ်ကိုင်ဆောင်ရွက်သွားပါမယ်။ အရှိကိုအရှိအတိုင်း ရှုမြင်သုံးသပ်ပြီး တိုင်းပြည်၏ ရေရှည်အကျိုးကိုသာ အဓိကထားရပ်တည်ဆောင်ရွက်မည်ဖြစ်ပါတယ်။

လက်ရှိ ရွေးချယ်တင်မြှောက်ပွဲအပေါ် ချမှတ်သောဦးတည်ချက်ကတော့ ကရင်တိုင်းရင်းသားအရေးကို လုပ်ဆောင်နိုင်မယ့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကို အဓိကထားပါမယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကို အင်အားရှိသရွေ့ ဝင်ရောက်အရွေးခံပါမယ်။ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့နိုင်မယ့်တိုင်းဒေသကြီးလွှတ်တော်ကို ဒုတိယဦးစားပေး ဝင်ရောက်ယှဉ်ပြိုင်ပါမယ်။ ဒါကြောင့် ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်များမှာ

**တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်**

ယခင်-၅ နေရာ ယခု ၅ နေရာ၊ တိုင်းဒေသကြီး၊ပြည်နယ်လွှတ်တော် ယခင်-၄ နေရာ ယခု ၆၆ နေရာ

**အမျိုးသားလွှတ်တော်** ယခင်-၅ နေရာ ယခု ၂၂ နေရာ

**ပြည်သူ့လွှတ်တော်** ယခင်-၇ နေရာ ယခု ၂၆ နေရာ

စုစုပေါင်းလွှတ်တော် ၁၁၉ နေရာကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ပြည်သူလူထုကို နောက်ဆုံးပြောကြားလိုတာကတော့ ရွေးကောက်ပွဲနေ့ကြီးကို စိတ်ရှည်သည်းခံခြင်းအပြည့်အဝဖြင့် စောင့်ဆိုင်းပြီး မိမိကိုယ်တိုင်ပိုင်ဆိုင်တဲ့ အသည်းကြားကမဲတစ်ပြားနဲ့ မိမိစိတ်ကြိုက်ခေါင်းဆောင်ကို ရွေးချယ်မဲပေးကြပါ။ ရွေးကောက်ပွဲကြီးက အမှန်တကယ် ဖြစ်ပေါ်လာပြီဖြစ်တဲ့အတွက် မဲမပေးဘဲနေတာက ဘာမှအပြောင်းအလဲတစ်ရပ်ဖြစ်မလာနိုင်ပါဘူး။ မိမိမဲတစ်ပြားအပါအဝင် ပြည်သူအားလုံးရဲ့ မဲများနဲ့ ပါတီစုံဒီမိုကရေစီစနစ်သို့ အပြောင်းအလဲတစ်ခုဖြစ်ပေါ်စေရန် ဝိုင်းဝန်းလုပ်ဆောင်ကြပါစို့လို့ နိဂုံးချုပ်ပြောကြားလိုပါတယ်။



ကျွန်တော်ကတော့ ကရင်ပြည်သူ့ပါတီရဲ့ အထွေထွေအတွင်းရေးမှူးတာဝန်ထမ်းဆောင်တဲ့ ဦးစောစေးဝါး ဖြစ်ပါတယ်။ အခုလို ပြည်သူလူထုနှင့် တိုက်ရိုက်တွေ့ဆုံပြောကြားခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ပြည်သူလူထုအပေါင်း မင်္ဂလာအပေါင်းနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆန္ဒပြုပါတယ်။

ကျွန်တော့် ဥက္ကဋ္ဌကြီးက ပါတီရဲ့ မူဝါဒ၊ လမ်းစဉ်နှင့် ရပ်တည်ချက်တွေကို ပြောကြားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေဖြင့် ပြည်သူလူထု၊ အထူးသဖြင့် ကရင်ပြည်သူလူထုအတွင်းမှာ ရှင်းရှင်းလင်းလင်းမသိသေးတဲ့ အကြောင်းအချက်အလက်အချို့ကို ပြောကြားလိုပါတယ်။

ပထမဦးဆုံးကိစ္စကတော့ ပင်စင်စားဝန်ထမ်းဘဝကနေပြီးတော့ နိုင်ငံရေးလောကထဲ ဘာဖြစ်လို့ ဝင်လာသလဲဆိုတာကို ပြောကြားလိုပါတယ်။ တိုတိုနဲ့လိုရင်းကို ပြောရရင် ဘဝနေဝင်ချိန်၊ ဘဝနိဂုံးအပိုင်းမှာ လူငယ်မျိုးဆက်သစ်တွေအတွက် ကိုယ်တတ်သမျှ မှတ်သမျှ ကိုယ်ရရှိပြုစုပျိုးထောင်လာခဲ့တဲ့ အတွေ့အကြုံပေါ်မှာမူတည်ပြီး အကောင်းဆုံးအမွေတစ်ခုထားခဲ့လိုခြင်းပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံရှိသော ပြည်သူ့အစိုးရသို့ ပြောင်းလဲမှုအစဉ်မှာ ကိုယ်တတ်စွမ်းသမျှ ပါဝင်ခြင်းပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းပြုပြည်ပြု အခန်းကဏ္ဍမှာပါဝင်ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဝန်ထမ်းအငြိမ်းစား ဘဝကလာသူမို့ နိုင်ငံရေးသမားတော့ ပီပီပြင်ပြင်မဖြစ်နိုင်ဘဲ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်(Statesman) သာ ဖြစ်နိုင်မယ်လို့ ထင်ပါတယ်။

ဥက္ကဋ္ဌကြီးပြောတဲ့ ကရင်လူမျိုးအတွက်၊ ပြည်သူလူထုအတွက် Platform & Space ဖန်တီးပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးဗမာအပါအဝင် ရှစ်ဖွဲ့ရှိရာမှာ ဒီတိုင်းရင်းသားမဏ္ဍိုင်ရှစ်တိုင်မှာ ကရင်တိုင်းရင်းသားမဏ္ဍိုင်မှာ ခိုင်ခိုင်ခံ့ခံ့ရှိစေချင်တယ်။ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ဖို့ အကျိုးပြုလုပ်ငန်းလုပ်ခြင်းပါပဲ။

ကျွန်တော်တို့ဟာ တပ်က ၊ ပြည်သူ့ရဲက၊ ဝန်ထမ်းကလာတဲ့ ပုဂ္ဂိုလ်တွေဖြစ်သော်လည်း ယခုအခါ ပြည်သူထဲက ပေါက်ဖွားလာတဲ့ ပြည်သူတွေဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူရဲ့ဆန္ဒသဘောထားကို ခြုံမိငုံမိပြီဖြစ်တဲ့အတွက် ပြည်သူ့ဆန္ဒကို လွှတ်တော်ဆန္ဒဖြစ်ဖို့ ပါဝင်လာခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်ရေးရရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်တို့တွင် ရေးဆွဲကျင့်သုံးခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ကျင့်သုံးဆောင်ရွက်နေလျက်ရှိပါတယ်။ ယခင်က ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မြန်မာနိုင်ငံရှိ လူနည်းစုအခွင့်အရေးကို ပြဋ္ဌာန်းထားခြင်းမရှိပါ။ ယခု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၆၁) ၌သာ လူနည်းစုအခွင့်အရေးပြဋ္ဌာန်းချက် ပါရှိပါတယ်။

ကရင်လူမျိုးတို့သည် မြန်မာနိုင်ငံတွင် ပြန့်ကျဲစွာ နေထိုင်ကြပါတယ်။ ကရင်လူမျိုးတို့သည် အမျိုးသားနိုင်ငံရေးအမြင် နိုးကြားမှုမှာလည်း အလွန်ပင်အားနည်းနေပါတယ်။ ကရင်လူမျိုးတို့၏ တိုးတက်ဖွံ့ဖြိုးရေးရည်မှန်းချက်မှာလည်း ပျောက်ကွက်နေပါတယ်။ သို့ပါ၍ ကရင်ပြည်သူ့ပါတီသည် အောက်ပါအချက်(၃)ချက်ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

(၁) ကရင်လူမျိုးတို့၏ ပြန့်ကျဲနေမှုကို ပြန်လည်ကောက်သင်းကောက်စုစည်းရေး၊ (၂) ကရင်လူမျိုးတို့နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အမျိုးသားနိုင်ငံရေးအမြင်ရှင်သန်ရေး၊ (၃) ကရင်လူမျိုးတို့နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရေးဖြစ်ပါတယ်။

ကရင်တိုင်းရင်းသားရေးရာအတွက် ကိုယ်စားလှယ် ငါးဦးကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှာ တစ်ဦးစီရရှိပါတယ်။ ကရင်ရေးရာကိစ္စကို ဆောင်ရွက်မည့်ကိုယ်စားလှယ်ဟာ အမှန်တကယ် ကရင်လူထုအများစုကို ကိုယ်စားပြုဆောင်ရွက်ရမည့်သူဖြစ်တယ်။ ကရင်တိုင်းရင်းသားပါတီမှ ကရင်ကိုယ်စားလှယ်သာလျှင် ကရင်အမျိုးသားကိစ္စကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်မယ်လို့ပဲ ကရင်လူထုကို ပြောလိုပါတယ်။

လွတ်လပ်ပြီးမျှတသော free and fair election ဟာ အမှန်တကယ် လိုအပ်ပါတယ်။ ပြည်သူတွေဟာ မိမိဆန္ဒကို ဘယ်ပယောဂမှ မပါဘဲ ဖော်ထုတ်နိုင်မှသာလျှင် ပြည်သူ့အစိုးရပုံစံသို့ ပီပီပြင်ပြင်ပြောင်းလဲနိုင်မှာဖြစ်ပါတယ်။ free and fair election ဟာ ဤရွေးချယ်တင်မြှောက်ပွဲရဲ့ အသက်ဖြစ်သလို အများပြည်သူရဲ့ဆန္ဒအမှန်ကို ဖော်ထုတ်ပြသခွင့်ရပါမှ အနာဂတ်ရဲ့ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီဟာ ပြည်မတွင် မကပါဘူး၊ ကရင်ပြည်နယ်မှာလည်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများနှင့်တကွ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏အရေးကို လက်လှမ်းမီသရွေ့ လုပ်ဆောင်ပေးခဲ့ပါတယ်။ တိုင်းရင်းသားလုပ်သားပြည်သူလူထုအတွက်နဲ့ ကရင်လူထုအတွက် အချိန်အခါနဲ့အခြေအနေပေါ် မူတည်ပြီး ခံစားချက်တူ၊ အမြင်တူ၊ ခံယူချက်တူတဲ့ ပါတီများနဲ့ညှိနှိုင်းပြီး အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပေးပါတယ်။

ကျွန်တော်တို့ကရင်ပြည်သူ့ပါတီဟာ ယခင်ရွေးကောက်တင်မြှောက်ပွဲမှာ ကိုယ်စားလှယ် ၄၁ ဦးသာ ဝင်ရောက်နိုင်ပါတယ်။ ယခုရွေးကောက်တင်မြှောက်ပွဲမှာ ၁၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အရေအတွက်နည်းသော်လည်း ပြည်သူလူထုအကျိုးကို အမှန်တကယ် လုပ်ဆောင်ပေးမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် ပြည်သူလူထုများက တစ်ခဲနက်ထောက်ခံအားပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကရင်ပြည်သူ့ပါတီဟာ စဉ်ဆက်မပြတ် ပြည်သူလူထုအကျိုးကို နည်းမျိုးစုံကြိုးပမ်းဆောင်ရွက်နေမယ်ဖြစ်ပြီး ကရင်များအပါအဝင် ပြည်သူတစ်ရပ်လုံးအကျိုးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားနိုင်ဖို့ သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ပြည်သူများရဲ့မေတ္တာကိုခံယူပါတယ်။

**ကျေးဇူးတင်ပါတယ်။ ။**

# အထူးကျေးဇူးတင်သာဓုခေါ်ဆိုခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အောင်သပြေရပ်ကွက်သည် ရေရှားပါးပြီး စက်ရေတွင်းများ တူးဖော်ရာ၌လည်း ရေထွက်ရှိရန် လွန်စွာခက်ခဲလှပေသည်။ ယခုအခါ ကူကြိုးမွေတော်ပရိယတ္တိစာသင်တိုက်အတွင်း ဒါယကာကြီး ဦးအောင်ကိုဝင်းနှင့် ဒါယိကာမကြီး ဒေါ်နန်းသန်းထွေး(ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း) မိသားစုတို့၏ စစ်မှန်သော စေတနာသဒ္ဓါတရားဖြင့် တူးဖော်လှူဒါန်းမှုကြောင့် ရေပေါများစွာ ထွက်ရှိခဲ့ပြီး ရေလှောင်ကန်ကြီး (၂)ကန်ကို ဆောက်လုပ်လှူဒါန်းပေးသည့်အပြင် ရပ်ကွက်နေပြည်သူများ အတွက်လည်း ရေပေးရေးကိုပါ စီစဉ်ဆောင်ရွက်လှူဒါန်းပေးခဲ့သည့်အတွက် ကူကြိုးမွေတော်ပရိယတ္တိစာသင်တိုက်နှင့် အောင်သပြေရပ်ကွက်နေပြည်သူများအတွက် များစွာအကျိုးကျေးဇူးကြီးလှပါသည်။

သို့ဖြစ်ပါ၍ ဒါယကာကြီး ဦးအောင်ကိုဝင်းနှင့် ဒါယိကာမကြီး ဒေါ်နန်းသန်းထွေး(ကမ္ဘောဇဘဏ်လီမိတက် နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း)မိသားစုတို့အား များစွာကျေးဇူးဥပကာရတင်ရှိပြီး၊ လှူဒါန်းမှု ဒါနကုသိုလ်အတွက် ဝမ်းမြောက်နုမော် သာဓုသာဓုသာဓုခေါ်ဆိုလျက် ဒါယကာ၊ ဒါယိကာမကြီး မိသားစုနှင့်တကွ ဤရေ အလှူတော်နှင့် စပ်ဆိုင်သူအားလုံး ကျန်းမာချမ်းသာကြ၍ ကောင်းကျိုးလိုအင်ဟူသမျှ ပြည့်စုံကြစေရန် ဆရာတော်နှင့် တကွ အောင်သပြေရပ်ကွက်ပြည်သူများက ဆုတောင်းမေတ္တာပို့သလျက် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ဦးဣန္ဒာဝုဓ**
**(နာယကဆရာတော်)**
**ကူကြိုးပရိယတ္တိစာသင်တိုက်**
**နှင့်**
**အောင်သပြေရပ်ကွက်ပြည်သူများ**
**တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။**

# အထူးဝမ်းမြောက်ကျေးဇူးတင်ရှိခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ စဝ်စံထွန်းဆေးရုံကြီး၌ ခွဲစိတ်ခန်းများ၊ လူနာဆောင်များနှင့် ဆေးရုံတက်ရောက်နေကြသော လူနာများအတွက်လည်းကောင်း၊ ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ ဝန်ထမ်းမိသားစုများ၏ နေအိမ်များ၌လည်းကောင်း လိုအပ်နေသည့် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာ ရရှိစေရန်နှင့် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် စက်ရေတွင်းတူးဖော်ပေးခြင်း၊ ရေပိုက်လိုင်းများ ရေတိုင်ကီများ သွယ်တန်းပေးခြင်းစသည့် စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးခြင်းများအတွက် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေး မိသားစုအား အထူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဆေးရုံအုပ်ကြီးနှင့် အရာထမ်း၊ ဝန်ထမ်းများ**
**စဝ်စံထွန်းဆေးရုံကြီး**
**ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့။**

## အမရပူရမြို့နယ် ရတနာ့ဂူဘုရားပွဲတော် ဘုရားဖူးဧည့်သည်များစည်ကား

**အမရပူရ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အမှတ် (၄) ရပ်ကွက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရတနာ့ဂူဘုရားပွဲတော်ကို ဝါခေါင်လပြည့်ကျော် ၇ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိသည်။

စက်တင်ဘာ ၉ ရက် (လပြည့်ကျော် ၁၀ ရက်)တွင် ပုပ္ပားမယ်တော်အား ချိုးရေတော်သုံးပြီး နတ်သဘင်ပွဲကို စည်ကားစွာကျင်းပခဲ့သည်။ ပွဲတော်၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ဇာတ်သဘင်မင်းသား ဖိုးချစ်တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး လာရောက်ကြည့်ရှုကြသော ဘုရားဖူးဧည့်သည်များဖြင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။

ရတနာ့ဂူဘုရားပွဲတော်ကို နှစ်စဉ်လပြည့်ကျော် ၇ ရက်မှ စတင်ကာ ရက်သတ္တပတ် ပြုလုပ်မြဲဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလေ့ရှိသည်။

**တင်လှမောင်**

## ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနက ခြေတုများတပ်ဆင်ပေး

**သံဖြူဇရပ် စက်တင်ဘာ ၁၀**

သံဖြူဇရပ်မြို့နယ်အတွင်းမှ ခြေတုတပ်ဆင်ထားရသည့် လူနာများ၏ ခြေတုများကို ပြုပြင်ပေးခြင်းနှင့် ခြေတုတပ်ဆင်ရမည့် လူနာအသစ်များအတွက် ခြေတုများတပ်ဆင်ပေးခြင်းကို သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၈ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့ပူးပေါင်း၍ ဘားအံ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဦးစိုးထိုက်နှင့် ကျွမ်းကျင်ပညာရှင်အဖွဲ့က ခြေတုလက်တုများ ပြုပြင်တပ်ဆင်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး သံဖြူဇရပ်မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ဌေးနှင့် မြို့နယ်ကြက်ခြေနီတပ်ရင်းမှ ဒုတပ်ရင်းမှူးဦးစိုးမင်းနှင့် တပ်ဖွဲ့ဝင်များက ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

လူနာများအား ခြေတုများ ပြုပြင်ပေးခြင်းနှင့် အသစ်တပ်ဆင်ပေးခြင်းကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ပြီး ဝေဒနာရှင်အသစ်နှင့် အဟောင်း စုစုပေါင်း ၄၃ ဦးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ခြေတုများအပြင် ချိုင်းထောက်နှင့် လက်ထောက်များပါ ပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ဘီးလင်း စက်တင်ဘာ ၁၀**

စိုက်ပျိုးရေးကဏ္ဍတွင် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာသည်နှင့်အမျှ စက်မှုလယ်ယာ ဦးစီးဌာနမှလည်း တောင်သူများစက်ကိရိယာကိုစနစ်တကျမောင်းနှင်အသုံးပြုနိုင်ရေးအတွက် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲက ဘီးလင်းမြို့နယ် အမှတ် ၃၇ စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက် ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမောင်မောင်ဆန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းတွင် စပါးရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်၊ လက်တွန်းထွန်စက်နှင့် ကောက်စိုက်စက်မောင်းနှင်ခြင်းများကို စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက လက်တွေ့သင်ကြားပြသပေးခဲ့သည်။ သင်တန်းသို့ ရွှေလှေ၊ လိပ်ခုံ၊ ဝင်းပြန်၊ ကျောက်ရေတွင်း၊ နောင်ကုလားနှင့်ဇီးဝန်းကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၁၀ ရက်ထိ ဖွင့်လှစ်ပေးခဲ့ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## မြစိမ်းရောင်ငွေစာရင်းထိန်းသိမ်းမှု ဆင့်ပွားသင်တန်းပို့ချ

**ဗန်းမော် စက်တင်ဘာ ၁၀**

ကချင်ပြည်နယ် ဗန်းမော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင် ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကျေးရွာကော်မတီဝင်များအား ငွေစာရင်းထိန်းသိမ်းနည်း ဆင့်ပွားသင်တန်းကို စက်တင်ဘာလ ပထမပတ်က မြို့နယ်ကျေးလက်ရုံး၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ဗန်းမော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီးမှူး ဦးကျော်ထွန်းက ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဝင်များက လည်ပတ်ရန်ပုံငွေကိုထိန်းသိမ်းရာတွင် စာရင်းများမှားယွင်းမှု နည်းပါးစေရန်နှင့် အတိုးအရင်းများ စနစ်တကျပြုစုထိန်းသိမ်းရန်အတွက် မြစိမ်းရောင်ငွေစာရင်းထိန်းသိမ်းမှု ဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချရာ ယင်းသင်တန်းသို့ သင်တန်းသားဦးရေ ၇၅ ဦး တက်ရောက်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံသစ်ဖွင့်

**သာစည် စက်တင်ဘာ ၁၀**

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းမှ တောင်ပေါ်ဒေသကျေးရွာတစ်ရွာဖြစ်သည့် သက္ကယ်ဒိတ်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးထွန်းလင်း၊ သားဖွားဆရာမ ဒေါ်နွယ်နီထွန်းနှင့် ရပ်မိရပ်ဖဦးကျော်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ သက္ကယ်ဒိတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေကျပ်သိန်း ၁၀၀နှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေ ကျပ်သိန်း ၇၀ စုစုပေါင်း ငွေကျပ်သိန်း ၁၇၀ ဖြင့် အလျား ၃၆ပေ၊ အနံ ၂၉ ပေရှိ အုတ်ညှပ်တစ်ထပ် အဆောက်အအုံသစ်ကို ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။



သက္ကယ်ဒိတ်ကျေးရွာအုပ်စုသည် သွားလာရန်ခက်ခဲသော တောင်ပေါ်ဒေသကျေးရွာများဖြစ်ရာ ယခင်က ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အခက်အခဲများစွာကြုံတွေ့ကြရပြီး ၂၀၁၃ခုနှစ် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပြီးချိန်မှစ၍ ဒေသခံများ၏ကျန်းမာရေးအတွက် များစွာ အဆင်ပြေခဲ့ကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)သည် အုပ်စုတွင်း ကျေးရွာများဖြစ်သော သက္ကယ်ဒိတ်ကျေးရွာ၊ မျက်နီကျင်းကျေးရွာနှင့် ဖိုးသာနိုင်းကျေးရွာများရှိ အိမ်ထောင်စု ၃၆၀ မှ လူဦးရေ ၁၈၀၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ရေဘေးသင့်ကျေးရွာများသို့ ပို့ဆောင်လှူဒါန်းလျက်ရှိ

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၀**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၌ ဩဂုတ်လအတွင်းက မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးသင့်ခဲ့သော ဝေန်မြစ်ကမ်းဘေး ကျေးရွာများသို့ အလှူရှင်များက စက်တင်ဘာ ၈ ရက်အထိ ပေးပို့လှူဒါန်းလျက်ရှိရာ ပုသိမ်မြို့နေ အလှူရှင်များက လှူဒါန်းသော တန်ဖိုးငွေ ကျပ် ၁၃ သိန်းရှိ ဆန်အိတ်၊ ရေသန့်ဘူး၊ ဆီ၊ ခေါက် ဆွဲခြောက်နှင့်အာလူးအိတ်များကို ငါးသိုင်းချောင်းမြို့မှ ကက္ကူလေးကျေးရွာသို့ စက်လှေများဖြင့် သယ်ယူပို့ဆောင်လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးက ယခုလက်ရှိ အချိန်တွင် စိုးရိမ်ရေအမှတ် အထက်တစ်ပေခန့်ကျော်နေသော်လည်း ကျေးရွာအတွင်း နေအိမ်များမှာ ပြန်လည်နေထိုင်လျက်ရှိကြကြောင်း၊ ကယ်ဆယ်ရေးစခန်းလည်း ပိတ်သိမ်းထားပြီးဖြစ်၍ အလှူပစ္စည်းများကို ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်လျက် ကျေးရွာရှိ ရေဘေးသင့်ခဲ့သော အိမ်ထောင်စု ၂၀၀ ကို စနစ်တကျခွဲဝေ၍ လှူဒါန်းပေး နိုင်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာဌာနများ၏ မြစ်ရေအခြေအနေ သတိပေးချက်များကိုလည်း ကျေးလက်နေပြည်သူများက ဂရုစိုက်နားစွင့် နေထိုင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ဖောင်းပြင်မြို့နယ် ရေဘေးသင့်ပြည်သူများအား Mobile Library ဖွင့်လှစ်ပေး

**ဖောင်းပြင် စက်တင်ဘာ ၁၀**

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ရေဘေးသင့်ပြည်သူများ စာပေဗဟုသုတရရှိစေရန် ကြုံတွေ့နေရသည့် သဘာဝဘေး အန္တရာယ်၏ စိတ်ဖိစီးမှုများ ပြေပျောက်စေရန် ဖောင်းပြင်မြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ Mobile Library ဖွင့်လှစ်ပြီး ငှားရမ်းပေးလျက်ရှိသည်။

ထို့ပြင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မိုးလေဝသခန့်မှန်းချက်များကို လူစည်ကားရာ လက်ဖက်ရည်ဆိုင်များ၊ ရေယာဉ်ဂိတ်များနှင့် ဈေးရှေ့များ၌ ပြည်သူများသိရှိနိုင်ရန် နေ့စဉ်လိုက်လံကြော်ငြာပေးလျက်ရှိကြောင်း သိရသည်။

**ဖောင်းပြင် (ပြန်/ဆက်)**

## စာကြည့်တိုက်များသို့ စကိုင်းနက်ရုပ်သံဖမ်းစက်များ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စက်ရေတွင်းတူးဖော်ရန်အတွက် အလှူငွေပေးအပ်ပွဲနှင့် ကျေးရွာစာကြည့်တိုက်များသို့ Sky Net ရုပ်သံဖမ်းစက်နှင့် ရုပ်မြင်သံကြားစက်များ လှူဒါန်းပွဲကို ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ဇေယျာသီရိမြို့နယ်အတွင်းရှိ သိုက်ချောင်း၊ ရွှေတွင်းကုန်း၊ အောင်ချမ်းသာကျေးရွာများတွင် စက်ရေတွင်းတူးဖော်ရန် အလှူငွေများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ စာကြည့်တိုက် ၁၉ တိုက်သို့ Sky Net စက်နှင့် ရုပ်မြင်သံကြားဖမ်းစက်များကို ရဲမြတ်ထရိတ်ဒင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြစန်းရီထံသို့ လှူဒါန်းပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ရော်ဘာစိုက်ပျိုးထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

**ရေး စက်တင်ဘာ ၁၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ဦးစီး၍ ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်းကို စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ရေးမြို့နယ်အတွင်းရှိ ရော်ဘာစိုက်တောင်သူ ၅၀ တက်ရောက်ပြီး သင်တန်းတွင် ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာများကို စာတွေ့အပြင် အဆိုပါမြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနအတွင်း စိုက်ပျိုးထားသည့် ပျိုးပင်များကို လက်တွေ့ပါသင်ကြားခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ရေလွှမ်းပျက်စီးသော လယ်မြေများအတွက် မျိုးစပါးထောက်ပံ့ငွေပေးအပ်

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် မိုးစပါးစိုက်လယ်မြေများအတွက် မျိုးစပါးထောက်ပံ့ငွေများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများထံ စက်တင်ဘာ ၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မျိုးစပါးထောက်ပံ့ငွေပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမိုးဇော်ထွန်းက မျိုးစပါးထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းမှ ရေလွှမ်းပျက်စီးခဲ့သည့် မိုးစပါးစိုက်လယ်မြေ ၈၂၁၂ ဧကအတွက် မျိုးစပါးထောက်ပံ့ငွေ ကျပ် ၅၇၄ သိန်းကျော်ကို ဒေသခံတောင်သူများထံ ပေးအပ်ခဲ့သည်။

**သူ(ပုဏ္ဏားမြီ)**

# မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၄၃။ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့် မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် အခငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

**အခန်း(၈)**

**ဦးစီးဌာန၏လုပ်ပိုင်ခွင့်များ**

၄၄။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ သတ်မှတ်ခြင်း၊

(ခ) မော်တော်ယာဉ် မှတ်ပုံတင်ခြင်း လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများသတ်မှတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံအတွင်းခေတ္တ သို့မဟုတ် ပုံမှန်ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင်မော်တော်ယာဉ်ကိုဖြစ်စေ၊ ပြည်ပသို့ ခေတ္တ သို့မဟုတ် ပုံမှန်ထွက်ခွာသွားမည့် ပြည်တွင်းမှတ်ပုံတင် မော်တော်ယာဉ်ကိုဖြစ်စေ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက် လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မော်တော်ယာဉ် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက် တပ်ဆင်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလက်မှတ်လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ မောင်းနှင်ခွင့်၊ သုံးစွဲခွင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဇ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဈ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

(ဋ) လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အရည်အသွေး စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ကျွမ်းကျင်သူစေလွှတ်ခြင်းနှင့်သက်ဆိုင်ရာသို့ အကြံပြုခြင်း၊

(ဌ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့်ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်ခြင်း၊

(ဍ) ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဎ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) အများပြည်သူသုံးလမ်းပေါ်တွင်သွားလာနေသည့် မော်တော်ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်းသတ်မှတ်ခြင်း။

**အခန်း(၉)**

**တားမြစ်ချက်များ**

၄၅။ မည်သူမျှ အောက်ပါအခြေအနေတစ်ရပ်ရပ်၌ မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်းမပြုရ -

(က) မော်တော်ယာဉ်ကို မှတ်ပုံတင်ထားမှု မရှိခြင်း၊

(ခ) မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ်ရပ်စဲခြင်း၊ သိမ်းဆည်းခံရခြင်း၊ သက်တမ်းကုန်ဆုံးခြင်း သို့မဟုတ် သတ်မှတ်သည့်နည်းလမ်းအတိုင်း ပြသမထားခြင်း၊

(ဂ) မော်တော်ယာဉ်မှတ်ပုံတင် ဖျက်သိမ်းခံရခြင်း သို့မဟုတ် သက်တမ်းကုန်ဆုံးခြင်း။

၄၆။ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှု အာမခံမထားရှိဘဲ အများပြည်သူဆိုင်ရာ နေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။ ဤတားမြစ်ချက်သည် ခရီးသည်များနှင့် မသက်ဆိုင်စေရ။

၄၇။ (က) မည်သူမျှ မိမိအား ထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင် လက်ဝယ်မထားလျှင် အများပြည်သူဆိုင်ရာ နေရာတွင် မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ။

(ခ) မည်သူမျှ ယာဉ်မောင်းလိုင်စင်မရှိလျှင် မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင်မောင်းနှင်ခြင်းမပြုရ။

(ဂ) မည်သည့်မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ် အတွက် တာဝန်ရှိသူမျှယင်းမော်တော်ယာဉ်ကို ယာဉ်မောင်း လိုင်စင်ရရှိမထားသူတစ်ဦးဦးအား မောင်းနှင်စေခြင်းမပြုရ သို့မဟုတ် မောင်းနှင်ရန်ခွင့်မပြုရ။

၄၈။ မည်သူမျှအများပြည်သူဆိုင်ရာနေရာတွင် ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ။

၄၉။ မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်း အောက်လျှော့၍မောင်းနှင်ခြင်း၊

(ခ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဂ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊အရက်သေစာ မူးယစ်သောက်စား၍ သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

၅၀။ မည်သူမျှ -

(က) လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း သို့မဟုတ် တည်ဆောက်တပ်ဆင် ခြင်းလုပ်ငန်းကို မပြုရ၊

(ခ) လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၅၁။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းသင်တန်း ကျောင်း ဖွင့်လှစ်ခြင်းမပြုရ။

၅၂။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၅၃။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မော်တော်ယာဉ်နံပါတ်ပြားကို မထင်ရှားအောင်ပြုလုပ်ခြင်း၊

(ခ) မော်တော်ယာဉ်နံပါတ်ပြားကို ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊

(ဂ) မမှန်ကန်သောမော်တော်ယာဉ်နံပါတ်ပြားကို မော်တော်ယာဉ်တွင် တပ်ဆင်အသုံးပြုခြင်း။

၅၄။ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ယာဉ်အကူလက်မှတ်မရှိဘဲ ယာဉ်အကူအဖြစ်ပါဝင်ဆောင်ရွက် ခြင်း၊

(ခ) စိတ်ဖြစ်စေ၊ ကိုယ်ဖြစ်စေ မော်တော်ယာဉ်ကို မောင်းနှင်ရန်သင့် လျော်ခြင်းမရှိသည့်အခါမောင်းနှင်ခြင်း၊

(ဂ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဃ) မော်တော်ဆိုင်ကယ်ကို စီးနင်းစဉ်မော်တော်ဆိုင်ကယ်ဦးထုပ် ကို မေးသိုင်းကြိုး သေချာစွာတပ်၍ မောင်းနှင်မှုမပြုခြင်း၊

(င) သတ်မှတ်ထားသည့် မော်တော်ယာဉ်ကိုမောင်းနှင်စဉ် ယာဉ်မောင်း နှင့် လိုက်ပါစီးနင်းသူများသည် အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်မှုမပြုခြင်း၊

(စ) ခြေကျင်လမ်းကူးနေရာနှင့်သက်ဆိုင်သည့် နည်းဥပဒေပါပြဋ္ဌာန်း ချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(ဆ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဌာန်ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် စက်ကိရိယာတစ်စိတ်တစ်ဒေသကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း၊

(ဇ) မော်တော်ဆိုင်ကယ်ကို နောက်ကြည့်မှန် သို့မဟုတ် အိတ်ဇောရှိ အသံထိန်းကိရိယာမပါဘဲ မောင်းနှင်ခြင်း။

၅၅။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ အောက်ပါတစ်ခုခုကို မပြု လုပ်ရ-

(က) မော်တော်ယာဉ် ပေးကမ်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော် ယာဉ် ပေးကမ်းသည့်နေ့ရက် သို့မဟုတ် အရောင်းအဝယ် စာချုပ် ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်သူ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက် ကွက်ခြင်း၊

(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်သူအမည်ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိ သည့်ရက်မှ ရက်ပေါင်း၃၀အတွင်း လျှောက်ထားရန် ပျက်ကွက် ခြင်း၊

(ဂ) မှတ်ပုံတင်သူအမည်ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော် တော်ယာဉ်ပေးကမ်းခြင်းနှင့် ရောင်းဝယ်ခြင်းစာချုပ်၌ အချက် အလက်တစ်စုံတစ်ရာကို မမှန်မကန်ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန်ဖော်ပြ ခြင်း။

၅၆။ မည်သူမျှဦးစီးဌာနက ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို သက် ဆိုင်ခြင်းမရှိသည့် မော်တော်ယာဉ်တွင် ပြောင်းလဲသုံးစွဲခြင်း သို့မဟုတ် သုံးစွဲစေခြင်းမပြုရ။

၅၇။ မည်သူမျှ အခြားသူတစ်ဦးဦး၏ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ် အကူလက်မှတ်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

**အခန်း(၁၀)**

**ပြစ်ဒဏ်များ**

၅၈။ (က) မည်သူမဆို ပုဒ်မ ၄၅၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉နှင့် ပုဒ်မ ၅၀ ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင် ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို ပုဒ်မ ၅၀ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို တစ်နှစ်အတွင်း ထပ်မံကျူးလွန်လျှင်ထပ်မံကျူးလွန်သော ပြစ်မှုအတွက် သုံးလ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်း ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၅၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၁၀ သိန်း ထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၃ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၄၇ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသောင်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမဆိုပုဒ်မ ၅၅ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ် ချမှတ်ရမည်။

၆၄။ မည်သူမဆို ပုဒ်မ ၅၆ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရ မည်။

၆၆။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေ တစ်ခုခုအရဖြစ်စေ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ရန်အားပေး ကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ် ဒဏ်ချမှတ်ခြင်းခံရမည်။

**အခန်း(၁၁)**

**လျော်ကြေးငွေပေးဆောင်ခြင်း**

၆၇။ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခု ကြောင့် တစ်ဦးတစ်ယောက်သောသူသည် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ပုဒ်မ ၃၃၇၊ ပုဒ်မ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄-က အရ ပြစ်မှုထင်ရှား စီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခုပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်းပျက်စီးဆုံး ရှုံးမှုအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) အစိုးရဌာန၊အစိုးရအဖွဲ့အစည်းပိုင်ပစ္စည်းတစ်ခုခုပျက်စီးလျှင် အဆိုပါပစ္စည်းကိုပြုပြင်ရန်သို့မဟုတ် အစားထိုးရန်လုံလောက် သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ(က)တွင်ဖော်ပြထားသည့်ပစ္စည်းမှအပ အခြားပစ္စည်း တစ်ခုခုပျက်စီးလျှင် ပစ္စည်းပိုင်ရှင်နှင့်ပြစ်မှုကျူးလွန်သူ နှစ်ဖက် သဘောတူညီမှုမရပါက အဆိုပါပစ္စည်းကိုပြုပြင်ရန်သို့မဟုတ် အစားထိုးရန်လုံလောက်သည့် လျော်ကြေးငွေပေးစေရန်အမိန့် ချမှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ချမှတ်သည့်လျော်ကြေးငွေ ကိုပေးရန် ပျက်ကွက်လျှင် အဆိုပါလျော်ကြေးငွေကို ဝင်ငွေခွန် မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၆၈။ ပုဒ်မ ၆၇ အရ ချမှတ်သည့်အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိစေရ။

**အခန်း(၁၂)**

**စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း**

၆၉။ ဝန်ကြီးဌာနသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သူများအား စစ်ဆေးအရေးယူရန် ဦးစီးဌာန ကိုသော်လည်းကောင်း၊ ဦးစီးဌာနမှသင့်လျော်သည့် အရာရှိတစ်ဦး ဦးကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၇၀။ (က) ရဲဝတ်စုံဝတ်ထားသည့် ရဲအရာရှိသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ် ကိုမောင်းနှင်ခြင်း၊

(၂) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း၊

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်း နှင်ခြင်း။

(ခ) အရက်သေစာသောက်စား၍ မူးယစ်နေစဉ် မော်တော်ယာဉ် မောင်းနှင်ခြင်းနှင့်စပ်လျဉ်း၍ ထိုသို့ဖမ်းဆီးခံရသည့် သူတစ်ဦးဦး ကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်းစစ်ဆေးပြီး အချုပ်မှ လွှတ်ရမည်။

*စာမျက်နှာ (၁၇) သို့*

*စာမျက်နှာ (၁၆) မှ*

၇၁။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိသည် အောက်ပါတစ်ဦးတစ်ယောက်သောသူကို ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်-
(၁) ဤဥပဒေပါပြဋ္ဌာန်းချက်များအရ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရအမည်နှင့်နေရပ်ဖော်ပြစေလိုပါလျက် မဖော်ပြလိုဟု ငြင်းဆိုသူ သို့မဟုတ် ထိုရဲအရာရှိက မမှန်ဟုယုံကြည်ရန် အကြောင်းရှိသော အမည်နှင့်နေရပ်ဖော်ပြသူ၊
(၂) ဤဥပဒေအရဖြစ်သောပြစ်မှု သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်သော ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာမကင်းဖွယ်ရာ အကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟုသို့မဟုတ် သမ္မန် စာချအပ်ခြင်းမခံရအောင် အခြားနည်း ရှောင်ရှားနေမည်ဟု အဆိုပါရဲအရာရှိက ယုံကြည်ရန်အကြောင်းရှိသောသူ၊
(ခ) ရဲအရာရှိသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကိုလုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟုထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကို ရွှေ့ပြောင်းနေရာချထားရန် လိုအပ်ပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်ဆောင်ရွက်ရမည်။

၇၂။ (က) ရဲအရာရှိ သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့်ယာဉ်မောင်းသူ လက်ရှိထားသော ယာဉ်မောင်းလိုင်စင်ကို သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူလျှင် ယာဉ်မောင်းလိုင်စင်သိမ်းယူကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။
(ခ) ယာဉ်မောင်းလိုင်စင်သိမ်းယူကြောင်း အသိအမှတ်ပြု လက်မှတ်ဖြင့် မော်တော်ယာဉ်ကိုနေထိုင်ရာဥပစာသို့ ပြန်လည်ယူဆောင်ရန်အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၇၃။ ရဲအရာရှိကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှအရာရှိကဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်များကို စစ်ဆေးရာတွင် ယင်းလက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါသက်သေခံအထောက်အထားများကို သိမ်းယူနိုင်သည်။

၇၄။ ရဲအရာရှိ သို့မဟုတ် ဦးစီးဌာနမှအရာရှိသည် အများပြည်သူဆိုင်ရာနေရာတွင် အောက်ပါ မော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင် ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံး ရဲစခန်းတွင် အပ်နှံရမည်-
(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊
(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

**အခန်း(၁၃)**

**နည်းဥပဒေများထုတ်ပြန်ရာတွင်ပါဝင်ရမည့်ကိစ္စရပ်များ**

၇၅။ ဝန်ကြီးဌာနသည် နည်းဥပဒေများထုတ်ပြန်ရာတွင် အောက်ပါကိစ္စတစ်ခုခုဖြစ်စေ၊ အားလုံးဖြစ်စေ ပါဝင်စေရန် ဆောင်ရွက်ရမည် -
(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊
(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊
(ဂ) မော်တော်ယာဉ်တည်ဆောက်ခြင်း၊ နောက်တွဲယာဉ် တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာတပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စ၊
(ဃ) မော်တော်ယာဉ်အမျိုးအစား၊ အလေးချိန်နှင့် တင်ဆောင်သည့် ဝန်သတ်မှတ်ခြင်းကိစ္စ၊
(င) မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ်ရောင်းချခြင်း၊ မော်တော်ယာဉ်တည်ဆောက်တပ်ဆင်ခြင်းနှင့်မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စ၊
(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းဆိုင်ရာကိစ္စ၊
(ဆ) လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကိစ္စ၊
(ဇ) မော်တော်ယာဉ်ကြောင့် မတော်တဆထိခိုက်မှု ဖြစ်ပွားသည့်အခါ ရဲအရာရှိ၊ မော်တော်ယာဉ်မောင်းနှင်သူနှင့် မော်တော်ယာဉ်အတွက် တာဝန်ရှိသူဆောင်ရွက်ရမည့် ကိစ္စ၊
(ဈ) ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရေးကိစ္စ၊
(ည) မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေရေးကိစ္စ၊
(ဋ) ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊
(ဌ) ယာဉ်အကူလက်မှတ် ထုတ်ပေးရန် စစ်ဆေးခြင်းကိစ္စ၊
(ဍ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းဆိုင်ရာကိစ္စ၊
(ဎ) စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေး ကိစ္စ၊
(ဏ) မော်တော်ယာဉ်သွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးကိစ္စ၊
(တ) ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းများကိစ္စ၊
(ထ) စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်းများကိစ္စ၊
(ဒ) အချက်ပြအထိမ်းအမှတ်များနှင့် အချက်ပြကိရိယာများဆိုင်ရာကိစ္စ၊
(ဓ) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် လမ်းအချက်ပြများဆိုင်ရာကိစ္စ၊
(န) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရည်ရွယ်၍ လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုနိုင်ရေးကိစ္စ၊
(ပ) မော်တော်ယာဉ်တွင် အသက်ကယ်လေအိတ်များ ပါရှိစေရေးကိစ္စ၊
(ဖ) အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေးကိစ္စ၊
(ဗ) ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေး ထိုင်ခုံသုံးစွဲရေးကိစ္စ၊
(ဘ) မော်တော်ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ရေးနှင့် စီးနင်းရေးကိစ္စ၊
(မ) မော်တော်ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းအသုံးမပြုရေးကိစ္စ၊
(ယ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများနှင့် သက်ဆိုင်သည့်ကိစ္စ၊
(ရ) ဤဥပဒေအရ ပေးဆောင်ရမည့် အခကြေးငွေများမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊
(လ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုမှ ကင်းလွတ်ခွင့်ပေးရေးကိစ္စ၊
(ဝ) ဤဥပဒေအရ တင်သွင်းနိုင်သည့်အယူခံအမှုများနှင့်သက်ဆိုင်သောကိစ္စ၊
(သ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ယာယီထွက်ခွာသွားသော သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ယာယီရောက်ရှိလာသော မော်တော်ယာဉ်များနှင့်သက်ဆိုင်သည့် ကိစ္စ၊
(ဟ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဖြတ်သန်းသွား လာသော ပြည်ပမော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်ကိစ္စ၊
(ဠ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ခေတ္တမျှသာနေထိုင်သူတို့ ယူဆောင်လာသည့် မော်တော်ယာဉ်များနှင့် သင့်တင့်ဆီလျော်စေရန် ပြုလုပ်ရေးကိစ္စ၊
(အ) အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို အခပေး ငှားရမ်းခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များနှင့် ပေးဆောင်ရမည့်အခများ သတ်မှတ်ခြင်းကိစ္စ။

**အခန်း(၁၄)**

**အထွေထွေ**

၇၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာဖြင့်မည်သည့် မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်အမျိုးအစားကို မဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခု အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၇၇။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို ကျခံရမည်။

၇၈။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၉။ ဤဥပဒေမပြဋ္ဌာန်းမီထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းအထောက်အထားနှင့်သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်များသည် ဤဥပဒေအရထုတ်ပေးသောစာတမ်းအမှတ်အသားများဖြစ်သည်ဟု မှတ်ယူရမည်။

၈၀။ ၁၉၆၄ခုနှစ်၊ မော်တော်ယာဉ်ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းကမ်းများ၊အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၈၁။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၂။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သီးနှံ နစ်နာကြေးလျော်ကြေးငွေပေးအပ်

**ကန့်ဘလူ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မူးမြစ်ကူးတံတား(ကာဘိုး) တည်ဆောက်ရာ၌ ချဉ်းကပ်လမ်းတွင်ပါဝင်သွားသော ယာမြေသီးနှံ နစ်နာကြေးနှင့်မြေလျော်ကြေး ပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်မြေအသုံးချမှု ကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်လမ်းဦးစီးဌာနမှူးက ယာမြေများပေါ်ရှိ သီးနှံနစ်နာကြေး ငွေကျပ် ၄၀ ဒသမ ၀၅ သိန်းကို ပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူ ဦးကျော်စိန်က လက်ခံရယူပြီး ယာမြေလျော်ကြေးငွေ ကျပ် ၁၂၀ ဒသမ ၁၅ သိန်းကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပေးအပ်ရာ တောင်သူများကိုယ်စားတောင်သူ ဦးချစ်အောင်က လက်ခံရယူသည်။ ယာမြေ ၈ ဒသမ ၀၁ ဧက တွင် လုပ်ကိုင်လျက်ရှိသော တောင်သူ ၃၂ ဦး အားလျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




# မြေငှားဂရန်ပြုလုပ်ပေးရေးဆွေးနွေး

**ထားဝယ် စက်တင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူများအား (One Stop Shops) မြေငှားဂရန်ပြုလုပ်ပေးရေးအတွက် ဆွေးနွေးပွဲကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ထားဝယ်မြို့ ကြက်စားပြင်ရပ်အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးသိန်းအောင်က အိမ်ခြံမြေများကို မြေငှားဂရန်ပြုလုပ်ပေးရန်အတွက် သက်ဆိုင်ရာဌာနများ မှတစ်နေရာတည်းတွင် လုပ်ငန်းဆောင်ရွက်မှုများ ပြီးပြတ်အောင် (One Stop Shops) မြေငှားဂရန်ပြုလုပ်ပေးမည်ကိုသိရှိနိုင်ရန် ဆွေးနွေးခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ဌာနဆိုင်ရာဦးစီးမှူးများက လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ပုလဲမြို့နယ်တွင် 11KV လိုင်း (၁၂ ဒသမ ၅ မိုင်) တည်ဆောက်

**ပုလဲ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် တမာပင်ခွကျေးရွာမှ ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာအထိ ကျေးရွာပေါင်း ၂၀ ကျော် လျှပ်စစ်မီးရရှိနိုင်ရန် 11 ကေဗွီ လိုင်း ၁၂ ဒသမ ၅ မိုင် နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ ငွေကျပ် သိန်း ၁၇၅၀ အကုန်အကျခံကာ တည်ဆောက်ပေးလျက်ရှိသည်။

ပုလဲမြို့နယ် လျှပ်စစ်မှူး ဦးဝင်းမြင့်က နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေ ပြည်သူများ“ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ ငွေကျပ် သိန်း ၁၇၅၀ အကုန်အကျခံပြီး ယင်းမာပင်မြို့နယ် တမာပင်ခွကျေးရွာမှ ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ အထိ 11 ကေဗွီလိုင်း ၁၂ ဒသမ ၅ မိုင်ကို ဇွန်လက စတင်ပြီး တည်ဆောက်နေတာ အောက်တိုဘာလကုန်မှာ ပြီးစီးမှာဖြစ်ပါတယ်။ 11 ကေဗွီ လိုင်းတည်ဆောက်ပြီးစီးပါက ပုလဲမြို့နယ်အတွင်းရှိ ပုပ္ပား မောင်းတုံ၊ ပုထိုးသာ၊ ရွာသစ်၊ ကတိုးကံ၊ ကျေးသမျှား၊ မင်းမအနောက်၊ ကမ္ဘာ့ရပ်၊ ထိန္နဲ၊ ဇီးရင်း၊ သီတင်း၊ ကံကြီး၊ ရွာနောင်၊ လှိုင်း၊ မုံသွင်၊ ကြူခြံ၊ ပိတောက်ကုန်း၊ ကြာစီ၊ ချင်ပြစ်၊ ရှောက်ရင်းကုန်းကျေးရွာများနဲ့ မရိုးကုန်း ကျေးရွာများရှိ အိမ်ထောင်စု ၄၁၃၈ စုနှင့် လူဦးရေပေါင်း ၂၁၁၀၁ ဦးတို့ဟာ လျှပ်စစ်မီးရရှိတော့မှာ ဖြစ်ပါတယ်” ဟု ပြောကြားသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ထီးလင်း စက်တင်ဘာ ၁၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ထီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စက်ချုပ်သင်တန်းများ ကျေးရွာများသို့ ကွင်းဆင်းသင်ကြားပေးလျက်ရှိသည်။

သရခါကျေးရွာ စက်ချုပ်သင်တန်းတွင် ကျေးရွာများမှ အမျိုးသမီးငယ် ၂၀ ကို စုစည်းလျက် အုပ်ချုပ်ရေးမှူးရုံး၌ ၄၅ ရက်ကြာ စက်ချုပ်သင်တန်းကို နည်းပြဆရာ နှစ်ဦးဖြင့် သင်ကြားပေးခဲ့သည်။ သင်တန်းတွင် စက်ချုပ်နည်းနှင့် အခြားအိမ်တွင်းမှု လုပ်ငန်းပညာရပ်များကို စုံလင်စွာ သင်ကြားပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ စည်းရုံးဟောပြောရန် နေရာသတ်မှတ်

**ရွှေဘို စက်တင်ဘာ ၁၀**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကြီးအတွက် နိုင်ငံရေးပါတီများ အနေဖြင့် စက်တင်ဘာ ၈ ရက်မှစ၍ မဲဆွယ်စည်းရုံးဟောပြောနိုင်ပြီဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့၌ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးနိုင်သည့် နေရာများနှင့် မဲဆွယ်စည်းရုံးခွင့်မရှိသည့် နေရာများကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စက်တင်ဘာ ၇ရက်ကအစည်းအဝေးကျင်းပပြီး သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးမှ ညှိနှိုင်းသတ်မှတ်ချက်အရ ရွှေဘိုမြို့ပေါ်တွင် အနောက်လောကမာရဇိန်၊ သက်သာပန်းတောင်း ဘောလုံးကွင်း၊ အမှတ်(၁၀) ရပ်ကွက် ကွင်းပြင်နှင့် ကားဝင်းထိပ်များတွင်လည်း ကောင်း၊ ကျေးရွာအုပ်စုများရှိ ကျေးရွာအားကစားကွင်းများ၊ သက်ဆိုင်ရာပါတီရုံးနှင့် စည်းရုံးရေးမှူးများ၏ အိမ်များတွင်လည်းကောင်း မဲဆွယ်စည်းရုံးဟောပြောနိုင်သည့် နေရာများအဖြစ် သတ်မှတ်ခဲ့သည်။ မဲဆွယ်စည်းရုံးဟောပြောရန် ခွင့်မပြုသော နေရာများမှာ သာသနာ့မြေ၊ စာသင်ကျောင်း၊ ဈေး၊ ဆေးရုံနှင့် အစိုးရဌာနဆိုင်ရာ ရုံးပရိဝုဏ်များဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးဟောပြောရမည့်နေရာသတ်မှတ်ရေး ညှိနှိုင်းအစည်းအဝေး ၁၇/၂၀၁၅ ကို ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကားပြောကြားကာ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးအောင်မင်းဦးက လုပ်ငန်းအစီအစဉ်အသေးစိတ်ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းကြပြီး ရွှေဘိုမြို့ပေါ်နှင့် မြို့နယ်အတွင်းကျေးရွာများတွင် ပါတီအသီးသီးက စည်းရုံးဟောပြောရန် နေရာများကို သတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။

**(၀၅၀)**

# မြန်မာ့သွေး၊ မြန်မာ့သတ္တိ၊ မြန်မာ့မာန် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်းတွင် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီးVICTORYနှင့် MYAMAR Group Co.,Ltd.,T & T Group နှင့် Naing Moe Entertainment မှ ဦးစီးကျင်းပသည့် MANDALAY RUMBLING "မြန်မာ့သွေး၊ မြန်မာ့သတ္တိ၊ မြန်မာ့မာန်" မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးတွင် တွဲဆိုင်းပေါင်းများစွာနှင့် နာမည်ကြီး လက်ဝှေ့ကျော်များ ပါဝင်ထိုးသတ်ကြမည်ဖြစ်သည်။ အမျိုးသမီးတွဲဆိုင်း နှစ်ဆိုင်း ပါဝင်မည်ဖြစ်သည်။

တူးတူး(နဂါးမာန်)နှင့် စောဂေါ်မူတို(သတ္တိ) ၊ သွေးသစ်အောင်(နဂါးနီ)နှင့်စိုးလင်းဦး(ဒို့ရိုးရာ)၊ မူမူထွေး(မြွေဟောက်မင်း)နှင့်နော်ချဲဖော(တိုက်ဂါး)၊ ချယ်ရီမြ(မြွေဟောက်မင်း)နှင့်နော်စုစုမြတ်(တိုက်ဂါး)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့်စောသူရိန်(သတ္တိ)၊ ကျားဗဟိန်း(အလင်းရောင်)နှင့် မျိုးမာန်သစ်(STL)၊ သိန်းစိုး (T&T)နှင့် မိုက်မိုက်(STL)၊ ရဲသွေးနီ(တောင်ကလေး)နှင့်ကျော်ဝင်းအောင်(T&T)၊ စောမိုက်ရိုင်း (ရွှေထူး)နှင့်စောလှကြည်ထူး(တောင်ကလေး)၊ ဖျံသွေး(ငြိမ်းချမ်းရေး)နှင့်ရှမ်းကို (T&T)တို့ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ကလေးတွဲတစ်တွဲလည်း ပါဝင်မည်ဖြစ်သည်။

အဆိုပါ မြန်မာ့သွေး၊ မြန်မာ့သတ္တိ၊ မြန်မာ့မာန်၊ မြန်မာ့ရိုးရာလက် ဝှေ့စိန်ခေါ်ပွဲတွင် လက်ဝှေ့ကျော် တွေ့မရှောင်က မြန်မာ့ရိုးရာလက်ဝှေ့ရေးပြမည်ဟုလည်း သိရှိရသည်။

တူးတူး(နဂါးမာန်)နှင့် စောဂေါ်မူတို(သတ္တိ)တို့ အတွဲသည် အဓိက တွဲဆိုင်းဖြစ်ပြီး တူးတူးနဂါးမာန်သည် ဩဂုတ် ၃၁ ရက်က မက်သရူး (ကနေဒါ)ကို လေးချီတွင် အလဲထိုးအနိုင်ရရှိခဲ့သလို စောဂေါ်မူတို(သတ္တိ)သည်လည်း ချန်ပီယံဟောင်း စောငမန်းနှင့်ပူးတွဲသရေကျခဲ့ပြီး မန္တလေးကန်တော်ကြီးပွဲတွင်လည်း မြနန်းတော်(မန္တလေး)နှင့်ပူးတွဲ သရေကျထားသူဖြစ်သည်။

**ခင်ခင်ဝင်း(ပညာရေး)**

# လားရှိုးချယ်ရီမြိုင်အဆင့်မြင့်အိမ်ရာမှ လုံးချင်းအိမ်များစတင်ရောင်းချ

**လားရှိုး စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့အဝင် အဝေးပြေးကားဝင်းအနီး၌ ချယ်ရီမြိုင်အဆင့်မြင့် အိမ်ရာစီမံကိန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကော်မတီနှင့် Shining Myanmar Co.,Ltd တို့က ပူးပေါင်းတည်ဆောက်ခဲ့ရာ အဆိုပါ ချယ်ရီမြိုင် အဆင့်မြင့်အိမ်ရာမှ တစ်ထပ်နှင့်နှစ်ထပ်လုံးချင်းအိမ်ရာအမျိုးမျိုးနှင့် အဆင့်မြင့်ကုန်သိုလှောင်ရုံကြီးများကို စက်တင်ဘာ ၇ ရက်တွင် စတင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

အိမ်ရာအရောင်းပွဲတော်ကြီးကိုလည်း လားရှိုးမိုတယ်၌ ခေတ်မီပုံစံငယ်များပြသ၍ ကျင်းပလျက်ရှိပြီး အဆိုပါအရောင်းပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်(မြောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စက်တင်ဘာ ၈ ရက်က သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ ချယ်ရီမြိုင်အဆင့်မြင့်အိမ်ရာကို ပြည်သူများထံ ရောင်းချပေးသွားမည့် လုံးချင်းအိမ်ပုံစံ ခုနစ်မျိုးကို Shining Myanmar ကုမ္ပဏီ၏အုပ်ချုပ်မှု ဒါရိုက်တာ ဦးကျော်စွာထွဋ်က ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ရှင်းလင်းတင်ပြခဲ့သည်။



ချယ်ရီမြိုင်အဆင့်မြင့်အိမ်ရာ အရောင်းပွဲတော် စတင်ရောင်းချသည့် စက်တင်ဘာ ၇ ရက်မှစ၍ ပြည်သူများအနေဖြင့် စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိကြောင်းနှင့် ဝယ်ယူကြသူများလည်း ရှိနေပြီဖြစ်ကြောင်း သိရသည်။

**လင်းလင်း(လားရှိုး)**

## သတင်းတို

### ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

၂၀၁၅ ခုနှစ် ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့ရာ အသက်အန္တရာယ်ကာကွယ်ဖို့ ရှေးဦးပြုစုဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်ကျောင်းသားကျောင်းသူ ၂၆ ဦး၊ အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူ ၃၃ ဦး၊ စုစုပေါင်း ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေကြီး၍ပျက်စီးခဲ့သော ငါးကန်များအတွက် ငါးမျိုးများ ထောက်ပံ့ပေးအပ်

**စစ်ကိုင်း စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဇူလိုင်လအတွင်း မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများရှိ ငါးမွေးမြူရေးလုပ်ငန်းရှင်များ မွေးမြူထားသော ငါးကန်အချို့ ရေကြီးနစ်မြုပ်ခြင်းနှင့် ကန်ပေါင်များကျိုးပျက်ခြင်းများရှိခဲ့ရာ အဆိုပါငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် ငါးမျိုးများကို ရွှေဘိုခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်က ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ စက်တင်ဘာပထမပတ်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၏ ပျက်စီးခဲ့သော ငါးကန်များကို ပြန်လည်ထူထောင်နိုင်ရေးအတွက် ရွှေဘိုခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်က ငါးကန်တစ်ဧကလျှင် ငါးကောင်ရေ ၂၅၀၀ နှုန်းဖြင့် ဧက ၁၀၀ အတွက် ငါးမြစ်ချင်းကောင်ရေ ၂၅၀၀၀၀ ကို ကန့်ဘလူမြို့နယ်အတွင်းရှိ ရွာသစ်ကုန်း၊ ချပ်သင်း၊ ပေါက်ဆိန်ကုန်း၊ ခက်သင့်၊ ပဇီကြီး၊ ထိန်တောကျေးရွာများနှင့် အမှတ်(၃)ရပ်ကွက်များမှ ငါးမွေးမြူသူ ၁၇ ဦးထံ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ရေကြီးမှုကြောင့် ငါးကန်များ၏ ကန်ပေါင်များ ကျိုးပျက်ခြင်းများကိုလည်း သဲအိတ်များဖြင့် ယာယီပြုပြင်ထားပြီးဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေဘေးသင့်ကျေးရွာများ၌ လမ်း၊ တံတား၊ ရေနှင့် မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

**တာချီလိတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်အတွင်းမှ ရေဘေးသင့်ကျေးရွာများတွင် လမ်း၊ တံတားတည်ဆောက်ခြင်း၊ သောက်သုံးရေရရှိရေး၊ ဆိုလာ မီးရရှိရေးနှင့် ယင်လုံအိမ်သာများ တည်ဆောက်ပေးခြင်းလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းလပ်မြို့နယ်အတွင်းရှိ ကျကကျေးရွာတွင် ငွေကျပ် ၃၉ သန်းဖြင့် အရှည် ၆၅ ပေ၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားတစ်စင်းနှင့် ငွေကျပ် ၁၃ ဒသမ ၂၅ သန်းဖြင့် အရှည် ၁ မိုင် ၄ ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်း၊ ကော်ကော့ကျေးရွာတွင် ငွေကျပ် ၁၂ သန်းဖြင့် အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားတစ်စင်းနှင့် ငွေကျပ် ၁ဒသမ၃၇၅ သန်းဖြင့် အရှည် နှစ်ဖာလုံရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ပါန္ဓန်ကျေးရွာတွင် ငွေကျပ် ၃ ဒသမ ၄၅ သန်းဖြင့် အုတ်ရေကန်တည်ဆောက်မည့်လုပ်ငန်း၊ နမ့်ကိုင်းကျေးရွာတွင် ငွေကျပ် ၅ဒသမ၅ သန်းဖြင့် အရှည် တစ်မိုင်ရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ နမ့်ဝမ်း(၁)၊ နမ့်ဝမ်း(၂)နှင့် နမ့်ဝမ်း(၃)ကျေးရွာများတွင် ငွေကျပ် ၁၃ ဒသမ ၇၅ သန်းဖြင့် အရှည် ၂ မိုင် ၄ ဖာလုံရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ နမ့်ဖြန်ကျေးရွာတွင် ငွေကျပ် ၈ ဒသမ ၂၅ သန်းဖြင့် အရှည် ၁ မိုင် ၄ ဖာလုံရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ဝမ်မီးမိုင်ကျေးရွာတွင် ငွေကျပ် ၅ ဒသမ ၅ သန်းဖြင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ငွေကျပ် ၅၇ သန်းဖြင့် ကျကကျေးရွာနှင့် ပါန္ဓန်ကျေးရွာများတွင် ဆိုလာ ၁၃၆ စုံတပ်ဆင်ခြင်း၊ နမ့်ဖြန်ကျေးရွာတွင် ဆိုလာ ၇၉ စုံ တပ်ဆင်ခြင်း၊ နမ့်ဝမ်း(၁)၊ (၂)၊ (၃) ကျေးရွာများတွင် ဆိုလာ ၁၆ စုံ တပ်ဆင်ခြင်း၊ ဝမ်မီးမိုင်ကျေးရွာတွင် ဆိုလာ ၂၉ စုံ တပ်ဆင်ခြင်း၊ နမ့်ကိုင်းကျေးရွာတွင် ဆိုလာ ၂၅ စုံ တပ်ဆင်ခြင်းနှင့် နမ့်ဖြန်ကျေးရွာတွင် ငွေကျပ် ၁ ဒသမ ၃၅သန်းဖြင့် အိမ်ထောင်စုသုံး ယင်လုံအိမ်သာကိုးလုံး တည်ဆောက်ခြင်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးမောင်မောင်ဝင်း၊ ရှမ်းပြည်နယ်(ရုံးခွဲ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးအောင်၊ ခရိုင်ဦးစီးမှူး ဦးအောင်ထွန်း ၊ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်၊ ခရိုင်နှင့်မြို့နယ်ဦးစီးဌာနများမှ ဝန်ထမ်းများက စက်တင်ဘာ ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကာ နမ့်ဖြန်ကျေးရွာနှင့် ပါန္ဓန်-ကျကကျေးရွာများတွင် ကွန်ကရစ်လမ်းခင်းနေမှုနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။



**ဝေယံလင်း(ပြန်/ဆက်)**



## အခြေခံ ပန်းရန်နှင့် လက်သမားသင်တန်း ဖွင့်လှစ်

**လပွတ္တာ စက်တင်ဘာ ၁၀**

လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံပန်းရံနှင့် လက်သမားသင်တန်း အမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲကို လပွတ္တာမြို့ ရွှေနဒီခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။ သင်တန်းသို့ သင်တန်းသား ၆၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အသက်မွေးမှုအတတ်ပညာသင်တန်းများကို ကျေးရွာများမှ လူငယ်များအား ဖွင့်လှစ်သင်ကြားပေးသည့်အတွက် ကျေးရွာရှိလူငယ်များအားလုံး သင်ကြားခွင့်ရရှိခဲ့သည့်အပြင် မိမိအိမ်တွင် ကိုယ်တိုင်လက်သမား၊ ပန်းရံပညာများကိုလည်း လက်တွေ့ကျကျ လုပ်ကိုင်နိုင်မည်ဖြစ်သည်။ အသက်မွေးမှုအတတ်ပညာတစ်ခုအား အခြေခံတတ်မြောက်စေမည်ဖြစ်၍ ကျေးလက်ဒေသများမှ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေမည်ဖြစ်ကြောင်း သိရှိသည်။

**(မြို့နယ် ပြန်/ဆက်)**

## လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ငွေများ ပေးအပ်

**မော်လမြိုင် စက်တင်ဘာ ၁၀**

၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက်မှတ်ပုံတင်ထားပြီး သေဆုံးသွားသူ၏ ကျန်ရစ်သူမိသားစုအား ငွေလုံးငွေရင်း အကျိုးခံစားခွင့်ထုတ်ပေးခြင်းနှင့် အခြားအကျိုးခံစားခွင့်များ ထုတ်ပေးခြင်းအခမ်းအနားကို ဘိုကုန်းရပ်ကွက်ရှိ မော်လမြိုင် ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်ခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုဖူလုံရေးရုံး တာဝန်ခံဒေါ်သင်းသင်းဦးက အမှာစကားပြောကြားပြီး လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် မော်လမြိုင်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်မှ အာမခံအလုပ်သမား ဦးရှားမင်း၏ ဇနီးဖြစ်သူ ဒေါ်မေစုမွန်အား အကျိုးခံစားခွင့် ငွေကျပ် ၁၂သိန်း ကိုလည်းကောင်း၊ သံလွင်အေးစက်မှုကုမ္ပဏီမှ အာမခံဝန်ထမ်း ဒေါ်ဟေမာဝင်းအား မီးဖွားမှုအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ် ကျပ် ၁၂၂၂၅၀ ကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးမှ အာမခံဝန်ထမ်း ဒေါ်အေးသန္တာဝင်းဆွေအား မီးဖွားမှုအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ် ၁၈၃၄၅၅ ကျပ် ကိုလည်းကောင်း၊ စက်မှုကြီးကြပ်မှ အာမခံဝန်ထမ်း ဒေါ်သီဂီဝင်းအား မီးဖွားမှုအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ် ကျပ် ၂၅၃၄၀၀ ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ကျေးရွာခုနစ်ရွာသို့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ ပေးအပ်

**မြင်းခြံ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာခုနစ်ရွာအတွက် စီမံကိန်းရန်ပုံငွေများကို စက်တင်ဘာ ၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျုံးလျန်ဗွိုင်း၊ မြို့နယ်ဦးစီးမှူး ဦးကံချွန်နှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များက ကျေးရွာများသို့သွားရောက်၍ ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## အင်းတော်ကြီးဒေသ ရေကြီးရေလျှံမှုကြောင့် မိုးစပါးကေသုံးထောင်ကျော်ပျက်စီး

**မိုးညှင်း စက်တင်ဘာ ၁၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် ရေကြီးရေလျှံမှုများ ဖြစ်ခဲ့ပြီးနောက် အင်းတော်ကြီးဒေသ ကျေးရွာအုပ်စု ၁၀ ခုတွင် စိုက်ပျိုးထားသော မိုးစပါးလယ်မြေဧက ၃၀၀၀ ကျော်မှာ ယနေ့အထိ ရေကျသွားခြင်းမရှိသေးသဖြင့် ပျက်စီးမှုကြုံတွေ့နေရကြောင်း သိရသည်။

မိုးညှင်းမြို့နယ်အတွင်း အင်းတော်ကြီးကန်ရွှေမဉ္ဇူဘုရားရင်ပြင်တော်မှ မှတ်သားရေသည် တစ်ပေခွဲခန့်အထိ ကျဆင်းသွားသော်လည်း အင်းတော်ကြီးပတ်ဝန်းကျင်တွင် ရွာသွန်းသောမိုးများကြောင့် စက်တင်ဘာ ၅ ရက်တွင် ခြောက်လက်မခန့် ပြန်လည်မြင့်တက်လာကြောင်း ရွှေမဉ္ဇူဘုရား ဂေါပကအဖွဲ့မှ သိရသည်။ မိုးရွာသွန်းပြီး အင်းတော်ကြီးကန် ရေတက်လာခြင်းကြောင့် မိုးညှင်းမြို့နယ်အတွင်းရှိ ရေလျော့နည်းစပြုနေသော လယ်မြေအချို့သို့ ရေပြန်လည်ဝင်ရောက်နိုင်သေးကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ရေဝင်ရောက်နစ်မြုပ်သည့် လယ်ယာမြေပိုင်ရှင်တောင်သူများအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်အောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက စက်တင်ဘာ ၂ ရက်တွင် သွားရောက်တွေ့ဆုံခဲ့ပြီး အားပေးစကား ပြောကြားကာ ဆန်နှင့် စားဆီများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ဒေသတွင်းရှိ တောင်သူလယ်သမားများအား ဆောင်းသီးနှံများဖြစ်သော ဆီမုန်ညင်း၊ ပဲပုတ်စိုက်ပျိုးရေးနှင့် ကြွက်အန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို တောင်သူများအား ဆွေးနွေးပညာပေးသော်လည်း တောင်သူအများစုမှာ ပူးပေါင်းပါဝင်မှုအားနည်းနေသေးကြောင်း၊ ကြွက်အကောင်ရေ မပြန့်ပွားမီ ကြိုတင်ထိန်းချုပ်နိုင်မှသာ သီးနှံပင်များ ဖျက်ဆီးခံရမှု လျော့နည်းမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးအောင်လွင်ဦးက ပြောသည်။

အဆိုပါ ရေဝင်ရောက်ပျက်စီးသည့် လယ်မြေများတွင် ဒေသရေမြေသဘာဝအရ ယခုနှစ်အတွင်း မိုးစပါး အစားထိုးစိုက်ပျိုး၍ မရနိုင်တော့သော်လည်း ရေကျပြီးပါက ဆောင်းသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် ခရိုင်သီးနှံကာကွယ်ရေး၊ ခရိုင်မြေအသုံးချရေးနှင့် မြို့နယ် သီးနှံကာကွယ်ရေးအဖွဲ့များမှ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့် ဇူလိုင်လ စတုတ္ထအပတ်အတွင်းကပင် တွေ့ဆုံ၍ ဆွေးနွေးထားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

**မိုးအောင်(ကချင်မြေ)**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ကျောက်တံခါး စက်တင်ဘာ ၁၀**

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းရေးကာလတွင် ကျေးလက်ဒေသများမှ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်သုံးစွဲတတ်စေရန်နှင့် စက်များကို ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းများအား နားလည်တတ်ကျွမ်းစေရန်အတွက် တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ချောက်တရာဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းသို့ ရင်းတိုက်ကုန်းကျေးရွာအုပ်စုနှင့် ကျွန်းချောင်းကျေးရွာအုပ်စုများမှ သင်တန်းသားတောင်သူလယ်သမား ၃၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းနည်းပြငါးဦးက ၁၁ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဟု သိရသည်။



**ခင်ကို(ကျောက်တံခါး)**

## အစေ့ထုတ်ပြောင်းများ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ၌ စိုက်ပျိုးထားသော ၈၈၈ အစေ့ထုတ်ပြောင်းဖူးမျိုးများကို ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးအတွက် အခွံချွတ်ခြင်း၊ အခြောက်လှမ်းခြင်းနှင့် စက်ဖြင့်ချွေခြင်းများကို တောင်သူများစတင်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ပြောင်းဖူးမျိုးစေ့တွေကို တစ်အိတ် ၂၃၀၀၀ ကျပ်နှုန်းနဲ့ဝယ်ယူရပြီး တစ်အိတ်ကို တစ်ဧက စိုက်ပျိုးလို့ရပါတယ်၊ စိုက်တဲ့အချိန်ကတော့ မေလနောက်ဆုံးအပတ်နဲ့ ဇွန်လဆန်းပိုင်းတွေမှာမှ စတင်စိုက်ပျိုးပါတယ်။ စိုက်ပျိုးပြီး ရက် ၂၀ သားလောက်မှာ ပေါင်းပေါက်ခြင်း၊ မြေပြုပြင်ခြင်းနဲ့ မြေဩဇာကျွေးခြင်းတွေကို လုပ်ဆောင်ရပါတယ်။ စိုက်ပျိုးပြီး သုံးလကြာတဲ့အခါမှာ ရိတ်သိမ်းပြီး အခွံချွတ်ခြင်း၊ အခြောက်လှန်းခြင်းနဲ့ စက်နဲ့ချွေပြီး အစေ့ထုတ်ခြင်းတွေ လုပ်ပါတယ်။ အစေ့ထုတ်ပြီး ပြောင်းဖူးစေ့တွေကို ပိုမိုခြောက်သွေ့အောင် ထပ်ပြီးတော့ အခြောက်လှမ်းရပါတယ်၊ ပြီးမှ ရောင်းတန်းဝင်အဆင့်ကို ရပါတယ်၊ ရောင်းချတဲ့အခါမှာလည်း ပျဉ်းမနား၊ တပ်ကုန်းမြို့တွေကိုလည်း သွားရောက်ရောင်းချတဲ့အပြင် ပွဲစားတွေက အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူတာလည်း ရှိပါတယ်။ ကာလပေါက်ဈေးအနေနဲ့ တစ်တင်းကို ကျပ်တစ်သောင်းနှုန်း ရောင်းရပါတယ်" ဟု ပြောင်းဖူးသုံးဧကစိုက်ပျိုးထားသည့် တောင်သူဦးသိန်းဌေးအောင်က ပြောသည်။



**(ခရိုင် ပြန်/ဆက်)**

## ကလေးသူငယ် ပြုစုပျိုးထောင်ရေး သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

မူလတန်းကြိုကျောင်း စတင်တက်ရောက်မည့် ကလေးငယ်များကို နည်းစနစ်မှန်ကန်စွာ ပြုစုပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်၍ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ခဲ့သော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း အပတ်စဉ် (၆/၂၀၁၅)ဆင်းပွဲကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကလေးသူငယ်ပြုစုပျိုးထောင်ရေးပင်မအထောက်အကူပြု ဗဟိုဌာန၌ စက်တင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက အမှာစကားပြောကြားခဲ့ပြီး သင်တန်းသူ ၄၈ ဦး အတွက် သင်တန်းဆင်းလက်မှတ်များကို ညွှန်ကြားရေးမှူးနှင့် ကျောင်းအုပ်ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးတို့က ပေးအပ်ခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**


"ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း"
BEST MIX CONCRETE
WE SUPPLY THE BEST
Best Mix Concrete သည်အင်္ဂလန်နိုင်ငံ UKAS အသိအမှတ်ပြု ISO 9001:2008
(Quality Management System) အရည်အသွေးမြင့်စီမံခန့်ခွဲမှုစနစ်အား
(Manufacture of Ready Mixed Concrete)Scope,
ISO Certificate number TH 15/8698 ဖြင့် ISO Certificate ကိုရရှိခြင်းခံရသည့်အတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့်နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
LESSO Myanmar Co.,Ltd
Home Plus Trading Co.,Ltd
Contact Us : 09-33688555, 09-33688666, 09-33688777


carsDB
no.1 car site in myanmar
သင့်ကား အမြန်ဆုံးရောင်းထွက်စေရန်
CarsDB ၏ Website တွင်
အခမဲ့ကြော်ငြာလိုက်ပါ။
Used Cars, New Cars
https://www.carsdb.com
Premium Dealers' Cars
Hyundai Porter II 2...
Mazda Bongo Truc...
Toyota RAV4
www.carsdb.com/np
09 33122144, 09 259343480, 09 259343490




# CREATE MORE HAPPINESS TO YOUR WHOLE FAMILY IS TO GO ALONG WITH BMW.

Prestige Automobiles ( BMW မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ် ) မှတင်သွင်းရောင်းချသော နည်းပညာနှင့်လုံခြုံမှုအတွက် အစဉ်အမြဲ ဆန်းသစ်တီထွင်မှု ဦးဆောင်နေသည့် နောက်ဆုံးပေါ် BMW မော်တော်ကားသစ်များကို စက်တင်ဘာလ (၁)ရက်မှ စက်တင်ဘာလ (၃၀) ရက်အတွင်း ဝယ်ယူပါက ကားအမျိုးအစားအလိုက် **3,000 USD** မှ **5,000 USD** နှင့် ညီမျှသောတန်ဖိုးကို ခံစားခွင့်ရရှိမည့် အပြင်ကားတန်ဖိုးအား ၁၂၀၀ ကျပ် / USD ဖြင့် ပေးချေနိုင်ပြီး၊ Service Warranty (၃) နှစ် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။


BMW မော်တော်ကားများအား စမ်းသပ်မောင်းနှင်ရန်အတွက် Prestige Automobiles သို့ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။
Phone : 01- 230 6133, Service Hotline : 01- 230 6144

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.

Join BMW Myanmar
www.facebook.com/BMWPAC

မြကန်သာ Condominium

# လှိုင်မြို့နယ် ISM ကျောင်းနှင့် သီရိမင်္ဂလာဈေးအနီး




၇၃ - စီ၊ မြကန်သာ(၄)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။

## လစဉ် ( ၁၀ ) သိန်း

## ( ၅၀ ) ခန်းတွက်ဝယ်ခွင့်ကို တာဝန်ယူမည်

မြေရှင် i GREEN

DEVELOPER i GREEN

CONSTRUCTION i GREEN

**တပ်မတော်ခန်းမ SEP 10 to 13**

**Junction Square SEP 16 to 18**

## အာမခံငွေပေးရန်မလို

# ၁၀နှစ် ငွေချေစနစ်

## သိန်း ( ၃၀ ) ယူလာမှ အခန်းရဖို့သေချာမယ်

iGREEN HeadOffie-82-A ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်။ Junction-8 ရှေ့

## အခွန်ကြွေးကျန်ငွေများပေးဆောင်ရန် အကြောင်းကြားခြင်း

၁။ ဒေါ်မြမြအေး ၁၂/ဗဟန(နိုင်)၀၂၆၉၆၆ သိသာရန်မှာ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် ၇၅ နေရပ်လိပ်စာတွင် Diamond Queen ရတနာဆိုင်အမည်ဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဗဟန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ၂၀၁၁-၂၀၁၂၊ ၂၀၁၂-၂၀၁၃၊ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်များအတွက် အမြတ်ခွန်၊ ၀င်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်များ ပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။ ထို့ကြောင့် လူကြီးမင်းမှပေးဆောင်ရန် ကျန်ရှိနေသည့် အခွန်ကြွေးကျန်ငွေများအား ၂၅-၉-၂၀၁၅ရက် နောက်ဆုံးထား ပေးဆောင်ရန် အကြောင်းကြားပါသည်။

၂။ ဖော်ပြပါ မပြေကျန်ငွေများအား ပေးဆောင်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်ပါက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်ဆင့်အသိပေး အကြောင်းကြားပါသည်။

**မြို့နယ်အခွန်ဦးစီးဌာနမှူး**
**ဗဟန်းမြို့နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃) အထည်စက်ရုံ ဝါစိုက်ကွင်း(စစ်ကိုင်း)ပိုင် မြေပေါ်ရှိ အသုံးမလိုတော့သည့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများနှင့် အဆောက်အအုံပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့် ရောင်းချလိုပါကြောင်း ကြေညာအပ်ပါသည်-

**တင်ဒါအမှတ်** - ၁/၂၀၁၅-၂၀၁၆
**တင်ဒါဖြန့်ရက်** - ၁၄-၉-၂၀၁၅ ရက်
**တင်ဒါပိတ်ရက်** - ၂-၁၀-၂၀၁၅ ရက်

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနများတွင် စုံစမ်းနိုင်ပါသည်-
(က) စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော် ထုတ်လုပ်ရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ဖုန်း-၀၆၇-၄၀၈၁၃၈၊၀၆၇-၄၀၈၄၃၉၊၀၆၇-၄၀၈၄၉၂
(ခ) အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)-မြေပြင်မျက်မြင်အခြေအနေကြည့်ရှုနိုင်ရန် ဖုန်း-၀၇၂-၂၂၃၄၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## နေပြည်တော်
## လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာတင်သွင်းရန် ကြေညာချက်(၁/၂၀၁၅)
## ၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်
## (၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ၂၀၁၅ ခုနှစ်အတွက် ခွင့်ပြုထားသော လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်း လိုင်စင်များသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ လက်ရှိလိုင်စင်သက်တမ်း ကုန်ဆုံးချိန်မှစ၍ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ကြောင်း အကြောင်းကြားရမည် ဖြစ်ပါသည်။

၂။ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင်များသက်တမ်းတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန (မန္တလေး)တို့သို့ ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **၂၀၁၆ ခုနှစ်အတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်း။** လိုင်စင်သက်တမ်းတိုး လျှောက်ထားလိုသူများသည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ရက်မှ ဒီဇင်ဘာ ၃၁ရက် မတိုင်မီကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ (ကျောက်စိမ်းတူးဖော်ရေးဌာန (မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမြို့)တို့တွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာများ တင်သွင်းရပါမည်။

(ခ) **လိုင်စင်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်း ဆက်လက်လုပ်ကိုင်လိုခြင်း မပြုလိုသူများ**
(၁) လုပ်ငန်းမရပ်စဲမီ တစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားပြီး သတ်မှတ်ချက်နှင့်အညီ လိုင်စင်များ ပြန်လည်အပ်နှံကြရန်ဖြစ်ပါသည်။
(၂) လုပ်ငန်းလိုင်စင်နှင့် ထုတ်ယူထားသော အရောင်းပြေစာ စာအုပ် (CASH MEMO)များ စာရင်းရှင်းလင်းအပ်နှံခြင်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် မတိုင်မီ လာရောက်ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (မြစ်ကြီးနားမြို့)နှင့် ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေးမြို့)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**http://www.mining.gov.mm/mge/**

### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာအမျိုးသားလေကြောင်း
### ကြော်ငြာအမှတ်(၄/၂၀၁၅)
## လေယာဉ်မယ် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာအမျိုးသားလေကြောင်းမှ ကြော်ငြာအမှတ်(၃/၂၀၁၅)ဖြင့် ခေါ်ယူထားသော လေယာဉ်မယ်ရာထူးနေရာ လျှောက်ထားလိုသူများသည် မိမိတို့၏လျှောက်လွှာများကို အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ မြန်မာအမျိုးသားလေကြောင်း (ရုံးချုပ်)၊ အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့သို့ ၃၀-၉-၂၀၁၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း ထပ်မံကြေညာအပ်ပါသည်။

၂။ (က) ရှေ့တည့်တည့်နှင့် ညာဘက်ဘေးမှ ရိုက်ကူးထားသည့် တစ်ကိုယ်လုံးပုံ (၅"×၇") ဆိုဒ်တစ်ပုံစီ
(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ သုံးပုံ
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းခံရပါက မူရင်းတင်ပြရန်)
(ဃ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်
(င) သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်၏ ပထမနှစ်အောင်မြင်ကြောင်း ထောက်ခံချက်
(စ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ

၃။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်မေးမြန်းရန်-ဖုန်း-၀၁-၃၇၈၄၇၁၊ ၀၁-၅၃၃၁၀၃၊ ၀၁-၃၇၄၅၈၅

**မြန်မာအမျိုးသားလေကြောင်း**

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(မေတ္တာမွန်)ဝင်းအတွင်းတွင် အောက်ဖော်ပြပါအတိုင်း အဆောက်အအုံ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဆောင်ရွက်မည့်လုပ်ငန်း**
မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်း(မေတ္တာမွန်)ဝင်းအတွင်းတွင် အလျား ၁၄၄'×အနံ ၄၀'(၈)ခန်းတွဲ၊ (၆)ထပ်အရွယ်ရှိ သံကူကွန်ကရစ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံနှစ်လုံး ဆောက်လုပ်ခြင်း။

၃။ **တင်ဒါစတင်ရောင်းချမည့်** - ၁၅-၉-၂၀၁၅ ရက် (အင်္ဂါနေ့)
**ရက်နှင့် နေရာ** - အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (မြို့ပြအင်ဂျင်နီယာဌာန)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၀-၂၀၁၅ ရက် (သောကြာနေ့) ၁၄:၀၀ နာရီ

၄။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၂၅၃၃၅၈ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရ ဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၁။ ဆေးနှင့်ဆေးပစ္စည်းများ
၂။ ဓာတ်ခွဲခန်းသုံးဆေးရည်များ
၃။ ဓာတ်မှန်ခန်းသုံးပစ္စည်းများ
**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁၀-၂၀၁၅ ရက် ညနေ ၁၆:၀၀ နာရီထိ
တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့် ဆေးဝါး/ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရေးကော်မတီ**
**မြောက်ဥက္ကလာပဆေးရုံကြီး**
**ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင်အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-
(က) Digital TS 05 3.4 m × 15m(11'×49') Weighbridge တန်(၈၀-၁၀၀)ကတ္တား (၁)လုံး
(ခ) သံချောင်းလုံးဆိုဒ်စုံ (၄၆၃)တန်

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၇-၉-၂၀၁၅ရက် ၁၆:၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## ငှားမည်

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၇/၈ လမ်းဆုံအနီး ပြည်ထောင်စုလမ်းမကြီး 3 RC တိုက်သစ်၊ Total 4800 Sq ft ဘဏ်ဖွင့်ရန် အလွန်သင့်တော်ပါသည်။

**ဖုန်း-၀၉-၅၀၇၀၀၃၁၊ ၀၉-၅၀၅၈၅၃၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးဝတ်စုံနှင့် သက်တမ်းပြည့်တူညီဝတ်စုံများကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) သက်တမ်းပြည့်တူညီဝတ်စုံ - ၂၃၁၀၈ စုံ
(ခ) လေ့ကျင့်ရေးဝတ်စုံ - ၁၄၀၀ စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ပဲခူးမြို့တွင် ၁၀-၉-၂၀၁၅ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၉-၉-၂၀၁၅ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-
(က) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဖုန်း-၀၅၂-၂၂၀၈၁၁
(ခ) တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၂-၂၂၂၁၂၇၂

## INVITATION FOR OPEN TENDER (7/2015)
## [TENDER NO. MPPE/ JET A1/T/2(2015-2016)]

1. Open Tender is invited for the myanma Petroleum Products Enterprise, the Ministry of Energy for the supply of JET A1 (282,000 bbl ± 10%)
2. Tender Closing Date & Time - 24-9-2015, 12:00 Hr
3. Tender Opening Date & Time - 24-9-2015, 13:00 Hr
4. Delivery Time - 1st November 2015 to 2nd January 2016
5. Tender documents and details information are available at the Department of Finance, the Myanma Petroleum Products Enterprise, Nay Pyi Taw, during office hours commencing 10-9-2015 on payment of Myanmar Kyat One Hundred Thousand (Kyat 100,000)per set.
6. Only bid from tenderer who has purchased tender document officially from the Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy, No(6) Complex, Nay Pyi Taw**
**Contact Phone No.**
**067-411487/411486/411280**

### ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A-3)မှ မဝေဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းတန်(ခ)ဦးသိန်းနိုင် ၉/တကန(နိုင်)၀၉၀၁၅၃ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မြို့သစ်ရပ်ကွက် ဦးတင်ဝင်း-ဒေါ်မတင်ရီတို့၏သား အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်အာကာဟိန်းအား မောင်ဇွဲလွင်ထူး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇွဲလွင်ထူး**

### ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A-3)မှ မရွှေယမင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်စိုး ၉/တကန(နိုင်)၀၃၆၆၃၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်း အထက(၂) တက္ကသိုလ်ဝင်တန်း A(4)မှ မောင်ရွှေတိုး ၉/တကန(နိုင်)၂၀၆၂၀၈ ၏ ဖခင်အမည်မှန်မှာ ဦးကိုကို(ခ)ဦးကျော်ဟန် ၉/တကန(နိုင်)၀၈၅၇၆၃ ဖြစ်ပါကြောင်း။

**ဦးကိုကို(ခ)ဦးကျော်ဟန်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (S-2)မှ ဦးမြင့်ဦး ၉/တကန(နိုင်)၁၄၃၅၄၀၏သမီး မမြတ်နိုးဝေ(ခ)မသကြာ်န်ဝေသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း ($A_4$)မှ မောင်ဟိန်းမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးဖိုးထောင် ၉/တကန(နိုင်)၁၂၆၀၈၉ ဖြစ်ပါကြောင်း။

**ဦးဖိုးထောင်**

### ပတ်စ်ပို့ပျောက်

ဦးဒိုင်ခေါင် ၁၃/ကခန(နိုင်)၀၆၈၈၇၁ ၏ ပတ်စ်ပို့(NO .မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၉၃၀၇၅၈၄**

### မွေးသက္ကရာဇ်အမှန်

ဦးသန်းဦး၏သမီး နေပြည်တော် အမှတ်(၉) အထက်တန်းကျောင်း ဆဋ္ဌမတန်း(က)မှ မမေသန္တာမြတ်နိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၈-၂၀၀၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(စီတာပူ) တက္ကသိုလ်ဝင်တန်း(C)မှ မရမ်ဂျာဆိုင်းပန်၏ ဖခင်အမည်မှန်မှာ ဦးမရမ်ဘောက်ဒီး ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ဗန်းမော်မြို့နယ်၊ ရွှေကျီးနားကျေးရွာ မစုစုအေး ၁/ဗမန(နိုင်)၀၉၅၃၁၄၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင်(ခ)ဦးထွန်းထွန်း ၁/ဗမန(နိုင်)၀၇၀၅၀၅ ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြည်ဝင်း ၁၂/ဗတထ(နိုင်)၀၁၂၉၉၉ အမည်ပေါက် သွင်းကုန်ပါမစ်အမှတ် ISP -IDV8 -13-14 7248 (21/05/13)မှာ ပုဇွန်တောင်မြို့နယ်အတွင်း သွားလာနေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးကြည်ဝင်း**
**ဖုန်း-၀၉-၇၃၀၂၈၃၄၂**

### ပျောက်ဆုံးကြောင်း

Minhla Agricultural Products Trading Special Rice Paddy Co., Ltd. ၏ သွင်းကုန်လိုင်စင်အမှတ် ISP 3 15-16 1184(27-4-15)၏ ID No.706288 (30-4-15)သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၀၈၂၅၃**

### ပြင်ဆင်ဖတ်ရှုပါရန်

၉-၇-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဆ)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၃)ဒေါ်နော်ဘာဘာရာ၏ ဂရန်သစ်တွင်လျှောက်ထားသူအမည်ဒေါ်နော်ဘာဘာရာအစားဒေါ်နော်ဘာဘာရာ(ခ)မယမင်း ဟုဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

၈-၄-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(ယ)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၆)ဒေါ်အမာချို၏မြေပုံကူးတွင်လျှောက်ထားသူအမည်ဒေါ်အမာချိုအစား ဒေါ်အမာချို+၁(၁၂/ဒဂမ(နိုင်)၀၀၅၀၁၆)ဟုဖတ်ရှုပါရန်။

## အထူးကျေးဇူးတင်ရှိခြင်း

၂-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်(ငြိမ်း)၏ ကွယ်လွန်ချိန်မှ ရက်လည်ဆွမ်းကျွေးပြီးချိန်အထိ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော ဦးငွေဦး(ဒု-ဥက္ကဋ္ဌ/ဥက္ကဋ္ဌပူးတွဲတာဝန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့်ဇနီး ဒေါ်နီနီဝင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ နာမကျန်းဖြစ်စဉ် ဆေးကုသပေးခဲ့သော ဝိတိုရိယဆေးရုံမှ ဒေါက်တာဦးစောအောင် (ပါမောက္ခ၊ ငြိမ်း)၊ ဆရာဝန်၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ OTS 49မှ သူငယ်ချင်းများ၊ ကိုအောင်မြတ်နှင့်ညီအစ်ကိုများ (ဟံသာဝတီ မော်တော်ယာဉ်ရောင်းဝယ်ရေးအဖွဲ့)၊ သမ္မတသက်န်းတိုက်မိသားစု၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ပြည်တွင်းပြည်ပမှနေ၍ ဖုန်း၊ သတင်းစာဖြင့် ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသူများ၊ လွမ်းသူ့ပန်းခြင်း၊ပန်းခွေနှင့်ရက်လည်ဆွမ်းကျွေးတရားတော်နာအတွက် လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသူများနှင့် အခြားကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းအောင်
### အသက်(၈၇)နှစ်

ဦးကျော်ဇင်ဦး(Director, Great Golden Wave Group Co.,Ltd.)၏အဘိုးသည် ၁၀-၉-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Great Golden Wave Group Co.,ltd. M.D နှင့် Director များ**
**ရွှေဆင်ပျံရေပိုက်မိသားစု**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဦး (နတ်မောက်)
### LL.B, လ/ထ ညွှန်မှူး(ငြိမ်း)၊ တရားရုံးချုပ်
### တရားရုံးချုပ်ရှေ့နေ
### အသက်(၇၆)နှစ်

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ညောင်ဦးခရိုင် ဦးစီးမှူး ဒေါ်လေးရွှေဇင်ဦး (ဒုတိယညွှန်ကြားရေးမှူး)၏ဖခင် ဦးတင်ဦး အသက်(၇၆)နှစ်သည် ၇-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးနှင့်ဝန်ထမ်းများ**
**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်မြင့် (တောင်တွင်းကြီး)
### ဓာတုဗေဒ၊ စိန်ပေါလ်ကျောင်းဆရာ(ငြိမ်း)
### အသက်(၇၅)နှစ်

ဦးလှိုင်မြင့်ထွန်း-ဒေါ်ဝင်းမာထွန်းတို့၏ဖခင် ဦးခင်မောင်မြင့် (တောင်တွင်းကြီး၊ ဓာတုဗေဒ၊ စိန်ပေါလ်ကျောင်းဆရာ၊ ငြိမ်း)သည် ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၅း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သောကြာနေ့သူငယ်ချင်းတစ်စု**

## ဦးထိန်လင်း
### မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ စက်မှုလက်မှု (င)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၁၃၆နေ (ဦးသိန်းလှ)-ဒေါ်စန်းသွယ်(ရွှေခြင်္သေ့ရေနံချေး၊ ဆေးကတ္တရာလုပ်ငန်း)တို့၏သား၊ ဦးမြင့်သိန်းထွန်း-ဒေါ်ချိုချို၊ ဦးထွန်းရီ-ဒေါ်မာမာလွင်၊ ဦးအောင်နိုင်-ဒေါ်ဝင်းဝင်းမော်၊ ဦးနိုင်ဝင်း-မလင်းလင်းတို့၏ညီ/မောင်၊ ဒေါ်ကေသီ၊ ဦးမောင်မောင်လွင်-ဒေါ်နီလာဝင်း၊ ဒေါ်သီတာစန်း၊ ဦးထိန်ဝင်း-မရင်၊ ဦးဇော်မင်း၊ ရဲမှူးအောင်ထိန်လင်း-ဒေါ်သန္တာအောင်တို့၏အစ်ကိုသည် ၉-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## တပ်ကြပ်နိုင်ဖိုးလှိုင်(စလင်း)
### အမှတ်(၂)တပ်မတော်ဆေးရုံ
### ခတင်-၅၀၀
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ ဇီဝကအိမ်ရာ၊ တိုက် ၅၊ အခန်း ၂၀နေ (ဦးရာပိုင်)-ဒေါ်သိန်းငွေတို့၏သား၊ ဦးသောင်းစိန်-ဒေါ်စန်းကြည်တို့၏သားသမက်၊မသင်းသင်းအေး (ဆည်မြောင်း)၏ ခင်ပွန်း၊ မောင်မြတ်ခိုင်၏ဖခင်သည် ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် အမှတ်(၁)မင်္ဂလာဒုံ တပ်မတော်ဆေးရုံ (ခတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နွယ်
### အမှတ်(၁)ရေနံချက်စက်ရုံ
### ဓာတ်ခွဲဌာန
### အသက်(၅၉)နှစ်

သန်လျင်မြို့နေ(ဦးတင်ရွှေ-ဒေါ်သန်းနု)တို့၏သမီး၊ (ဦးစောထွန်း)-ဒေါ်လှကြည်တို့၏သမီးချွေးမ၊ ရေနံရပ်ကွက်၊ လိုင်း ၁၄၊ အခန်း ၂နေ ဦးဟန်သာ (ခေတ္တ-စင်ကာပူ)၏ ချစ်လှစွာသော ဇနီး၊ ကိုညီညီဇော်(ခေတ္တ-ကိုရီးယား)-မစုပြည့်စန္ဒာတို့၏ ချစ်လှစွာသောမိခင်၊ မောင်ညီစစ်နောင်၏ အဘွားသည် ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြကြည်
### အသက်(၉၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ အောင်မင်္ဂလာ (၁)ရပ်ကွက်နေ ဦးအောင်ရှင်-ဒေါ်အမာ၊ (ဦးသိန်းစိန်)-ဒေါ်ဝေဝေတို့၏မိခင်၊ ကိုမင်းသုအောင်-မအေးငြိမ့်ငြိမ့်နိုင်၊ ကိုကျော်စိုးအောင်-မနေရီနိုင်၊ ကိုရဲထွေးအောင်၊ မဝါဝါသိန်းတို့၏အဘွား၊ မဝင်းမဒီအောင်၊ မအမရာမြင့်မိုရ်၊ မသုစန္ဒီအောင်၊ မောင်အောင်ဝေယံဟိန်း၊ မနှင်းရတီအောင်တို့၏ဘွားဘွားကြီး၊ (ဦးအုံးဖေ)၏ဇနီးသည် ၁၀-၉-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ပုသိမ်ကြီး မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောယဉ် အသက်(၈၆)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဖက်ကြပ်ရွာနေ (ဦးမောင်စော-ဒေါ်လှမေသူ)တို့၏သမီး၊ (ဦးဖြူချေ)၏ဇနီး၊ ဖက်ကြပ်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တယသေန၏အဒေါ်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုဇာတ၊ ဦးဇင်း(ဦးကေလာသ)၊ ဦးစံလှဘော်-ဒေါ်ငွေစိန်ခိုင်၊ ဦးတိုက်စံ-ဒေါ်မှိုင်းမ၊ ဦးစိန်ကျော်ဝင်း-ဒေါ်မှိုင်းစိန်မ၊ ဦးအေးသောင်း(ကျောင်းအုပ်ကြီး၊ အလက၊ ဖက်ကြပ်)-ဒေါ်မသောင်းစိန်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ခုနစ်ယောက်၊ တီ တစ်ယောက်တို့၏အဘွားသည် ၈-၉-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၀း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၆နာရီတွင် အောင်သိဒ္ဓိကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်မြင့် (တောင်တွင်းကြီး)
### ဓာတုဗေဒ၊ စိန်ပေါလ်ကျောင်းဆရာ(ငြိမ်း)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၆၀ (လေးလွှာ)နေ (ဦးတင်-ဒေါ်တင်ရွှေ)တို့၏သား၊ (ဦးတင်အုန်း-ဒေါ်ဒေါ်ခ)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်(အမက-၁၊ ပန်းဘဲတန်း၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်မြင့်သီတာ၊ ဦးမြင့်သိန်းထွဋ်-ဒေါ်အေးအေးမာ၊ ဦးလှိုင်မြင့်ထွန်း-ဒေါ်ဝင်းမာထွန်း၊ မလှိုင်မဥ္ဇူတို့၏ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၀-၉-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၅း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းအောင်(ခ)
## ဦးကျိုက်ဝှက်(ပျော်ဘွယ်ကြီး)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊သစ္စာလမ်း၊ အမှတ် ၃၃၅နေ (ဦးတင်-ဒေါ်ဂျူ)တို့၏သား၊ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ ဒေါက်တာဦးချစ်လီ (မေ့ဆေး ဆရာဝန်ကြီး)၊ ဒေါက်တာဒေါ်အေးအေးစိုး၊ ဦးလှဝင်း၊ ဒေါ်သက်သက်စိုး၊ ဦးရဲတင့်၊ ဦးဇော်ဝင်းထွန်း၊ ဒေါ်နှင်းနှင်းစိုးတို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၂း၄၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်အိုင်းလက်(စ်)စံတုတ်
### (Naw Ilus San Doke)
### ကန်တော့ခံဆရာမကြီး
### အထက(၂)စမ်းချောင်း
### အလယ်တန်းပြဆရာမ(ငြိမ်း)
### အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်း၊ အမှတ်(၂၁/ဂ)နေ (ဦးစံတုတ်-နော်ဝါပွင့်)တို့၏သမီး၊ (ဦးစောဝက်စလေကျား)-နော်နှင်းအေးတို့၏သမီးချွေးမ၊ စောကျော်လွင်-နော်ဆဲဖော၊ နော်ဆာဘလု-စောကော်ထူး၊ စောဆမ်းဆမ်ကျား - ဒေါ်ကြည်ကြည်ဝင်း၊ စောဒေးဗစ်ကျား - ဒေါ်မင်းမင်းသက်၊ စောအယ်လီစင်ကျား - နော်ဆဲဘွေထူး တို့၏မိခင်၊ မြေး ၁၅ယောက်တို့၏ အဘွား၊ (စောဘရိန်းကျား)၏ချစ်လှစွာသောဇနီးသည် ၉-၉-၂၀၁၅ရက် ည ၁၁း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် နံ့သာကုန်းကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိုးဝင်း (ဓနုဖြူ)
### လက်ထောက်မန်နေဂျာ(ငြိမ်း)
### ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
### အသက်(၇၆)နှစ်

ဓနုဖြူမြို့နယ်၊ (၁၅)ရပ်ကွက်နေ (ဦးထွန်းမြိုင် - ဒေါ်သန်းညွန့်)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာလမ်း၊ အမှတ် ၆၇နေ ဒေါ်လှမြင့်၏ခင်ပွန်း၊ မရီရီဝင်း-မစန်းစန်းဝင်း၊ ဦးစိုးအောင်မင်း-ဒေါ်ခင်စုစုနိုင်၊ ဦးလှမျိုးအောင်-ဒေါ်အိအိကြည်၊ ဦးနေမျိုးအောင်၊ (ဦးအောင်ထွန်း)-ဒေါ်စန္ဒာငြိမ်း၊ဦးသူရငြိမ်း-ဒေါ်မိမိငယ်၊ ဦးဝင်းမြင့်-ဒေါ်ဥမ္မာငြိမ်းတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ် တစ်ယောက်တို့၏ အဘိုးသည် ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဖြိုးအောင်
### CDC-၈၅၀၆
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ မြင်သာ ၁၁လမ်း၊ အမှတ် ၁၇၇/၁နေ (ဦးအောင်ကြည်-ဒေါ်လှမြင့်)၊ ဒေါ်သန်းမြင့်တို့၏သား၊ (ဦးရွှေ - ဒေါ်လှသွယ်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ ဦးအောင်ကျော်ကျော် (Raffles Shipping)-ဒေါ်ရွှေဝင်းနု၊ ဦးသက်နိုင်လင်း - ဒေါ်စမ်းအိဖြူတို့၏ဖခင်၊ မသက်ဖူးဖူးသော်၊ မောင်စည်သူကျော်စွာ၊ မရွှေရည်ပြည့်ပြည့်လင်းတို့၏အဘိုးသည် ၁၀-၉-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာကြီးဦးသာစိန်(ခ)
## ပီကင်းပြန်ဦးဘိုစိန်
### မြန်မာ့ရိုးရာလက်ဝှေ့(အဖွဲ့ချုပ်)
### အသက်(၈၆)နှစ်

သထုံမြို့၊ ပေါ်တော်မူကျေးရွာနေ (ဦးပန်းလှ - ဒေါ်ကြေး)တို့၏ သား၊ [ဦးသိန်းမောင် - ဒေါ်လွန်းသီ (ပဲခူး)] တို့၏သားသမက်၊ ဒေါ်လှသီ(ပဲခူး)၏ ခင်ပွန်း၊ ဦးဝင်းနိုင်စိန်-ဒေါ်လှသန်း၊ ဦးစိုးပိုင်(ခ)ပြည်တော်စိန် - မမိုးမိုး၊ ဒေါ်ဥမ္မာ၊ ကိုစိုးနိုင်(ခ)နိုင်နိုင်စိန်(FG Seaman)၊ မအေးအေးမာ၊ ကိုကျော်စွာဝင်း-မမာလာထွေး၊ ကိုဝင်းကို(ခ)နေသူရိန်-နော်မူအေးတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၉-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၅ရက် (သောကြာနေ့)ညနေ ၅နာရီတွင်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၁၅ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဘဂွမ်း (ပုလော)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၉၈၊ အခန်း (၅/ခ)နေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ ဦးလှဝင်း-ဒေါ်အုန်းမြင့်၊ (ဦးတင်ဝေ-ဒေါ်ငွေးလှ)၊ ဦးတိုးပို-ဒေါ်စိန်စိန်ဆင့်တို့၏ အစ်ကိုကြီး၊ (ဦးသန်းမောင်)-ဒေါ်ရှင်စိန်၊ ဦးကျော်လွင် - ဒေါ်သန်းသန်းငွေး၊ ဦးဇော်လွင်-ဒေါ်အင်လွမ်၊ ဦးသိန်းလွင်-ဒေါ်သီသီငွေး၊ ဦးအေးနိုင်-ဒေါ်ချိုချို၊ ဦးဆန်းလွင်-ဒေါ်ရီရီသန်း၊ ဦးမြတ်သူ - ဒေါ်စန္ဒာဝေတို့၏ ဖခင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးဘဂွမ် (ပုလော)
### အသင်းဝင်အမှတ်(၄၈၈)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၉၈၊ အခန်း (၅/ခ)နေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ ဦးသိန်းလွင် (တွဲဖက်အတွင်းရေးမှူး၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်သီသီငွေးတို့၏ ဖခင်သည် ၉-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၅ရက် (သောကြာနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဦးညွန့်ကြည်
### (ပန်းချီ ငြိမ်းလတ်အောင်)
### အသက်(၆၀)

ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဘသန်း-ဒေါ်လှကြည်)တို့၏သား၊ရန်ကုန်မြို့၊ ၃၅လမ်းနေ(ဦးမောင်ကလေး-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ဦးကိုကိုဇော်-ဒေါ်ခင်ဆွေဦး၊ ဦးဝင်းဆွေ-ဒေါ်နွယ်နီညွန့်၊ ဦးသန်းဝင်း-ဒေါ်ခင်ပြုံးရီတို့၏ညီ/မောင်၊ ဦးခင်မောင်ဆွေ-ဒေါ်ဝင်းဝင်းရွှေ၊ ဦးခင်မောင်အေး-ဒေါ်အေးအေးစိုးတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ် ၁၇(တတိယထပ်)နေ ဒေါ်ခင်ဖုန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊မောင်ချမ်းငြိမ်းဇော်၊ မနန္ဒာနွယ် (Native Power Technology Co.,Ltd.)တို့၏ ချစ်လှစွာသောဖခင်သည် ၉-၉-၂၀၁၅ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းစိန်
### ကျန်းမာရေးမှူး(ငြိမ်း)၊ (မာန်အောင်/ကျောက်ဖြူ)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ခွန်နီလမ်း၊ (၂၉)ရပ်ကွက်၊ အမှတ် ၁၁၄နေ (ဦးဖြူထွန်းဦး-ဒေါ်အေးစိန်)တို့၏သားကြီး၊ (ဦးသာချမ်းဦး-ဒေါ်မြင့်)တို့၏သားသမက်၊ ဦးထွန်းရှင်-ဒေါ်တင်နု၊ ဦးခင်မောင်ဦး-ဒေါ်ခင်ကြည်တို့၏အစ်ကိုကြီး၊ ဒေါ်ချမ်းနု၏ခင်ပွန်း၊ ဦးထွန်းနု(ဆိပ်ကမ်းမှူး၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်လှ၊ ဒေါ်တင်တင်နု၊ ဦးလှထွန်း(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်တင်တင်ခန့်၊ ရဲမှူးမောင်ငယ်-ဒေါ်တင်တင်ဆန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၀-၉-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအေး
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၂၄(C)နေ (ဦးထင်-ဒေါ်ကျော့တင်)တို့၏သား၊ (ဒေါ်ခင်ရီ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းလွင်၊ ဒေါက်တာမြင့်သိန်း - ဒေါ်ဥမ္မာသွင်၊ ဦးတင်မောင်သော်-ဒေါ်ခင်အေးသော်၊ ဦးစိုင်းအောင်ဆန်း - ဒေါ်ခင်လှမေ၊ ဒေါက်တာလှထွန်း - ဒေါ်သန်းသန်းငွေး၊ ဦးဝင်းဖေ-ဒေါ်တင်မီမီ၊ ဦးအုန်းမြင့်-ဒေါ်စန္ဒာအေး၊ ဦးအယ်ဒီသိန်း-ဒေါ်နီလာအေးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၉-၂၀၁၅ရက်(တနင်္လာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး
## ဦးသန်းတင့်
### အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ မင်းပိုင်းရပ်ကွက်၊ မင်းတံတားလမ်းနေ (ဦးလှမောင်-ဒေါ်သက်ပု)တို့၏သား၊ ဒေါ်မြရီ၏ခင်ပွန်း၊ (ဦးမြမောင်-ဒေါ်မြအေး)၊ (ဦးမောင်ကြီး-ဒေါ်တင်လှ)တို့၏ညီမောင်၊ ဦးလွန်းသီ-ဒေါ်ခင်မာအေးတို့၏အစ်ကို၊ ဦးမြင့်ဇော်-ဒေါ်အေးအေးမော်၊ (ဦးငွေးဝင်း)-ဒေါ်သန်းသန်းအုန်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် မင်းပိုင်းရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွမ်းခြံကုန်းမြို့သုသာန်၌မီးသင်္ဂြိုဟ်ပြီး အရိုးပြာအား ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးဆွေသန်း (မြိတ်)
### (မိသားစုရေခဲစက်)
### အသက်(၇၅)နှစ်

မြိတ်မြို့၊ အထက်ကန်ဖျားရပ်၊ ရဲသိပ္ပံ-ဦးဆွေသန်းလမ်း၊ အမှတ် ၉နေ ဒေါ်ရှုလွမ်၏ခင်ပွန်း၊ ကိုဘိုဘိုဝင်း-မမို့မို့အေး၊ မမို့မို့ခိုင်၊ မကြူကြူဝေ(ကထိက၊ သင်္ချာဌာန၊ မြိတ်တက္ကသိုလ်)၊ ကိုမျိုးမင်းစိုး၊ ကိုလှိုင်ဝင်းစိုး၊ ကိုသူရလင်း-မသီသီဝင်း(ခ)ဝိုင်းဝိုင်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်ကောင်းမြတ်သူ၊ မဝင်းဝတ်ရည်လင်းတို့၏အဘိုးသည် ၈-၉-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁း၃၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ဇေနိုင်
### ဒါရိုက်တာ(ရွှေအင်းလေးကုမ္ပဏီ)
### အသက်(၅၁)နှစ်

ရန်ကုန်မြို့နေ(ဦးနိုင်အောင်၊ အထက-၁၊ ဒဂုံ၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)-ဒေါ်ကြိုင်ကြိုင် (အထက-၁၊ လသာ၊ ငြိမ်း)တို့၏သား၊ ဒေါက်တာဦးသက်ဦး (ABC ဆေးခန်း)-ဒေါ်အေးမွန်နိုင်တို့၏မောင်၊ ဦးဇေဒင်နိုင်၏ညီ၊ ဦးကျော်ဦးနိုင် - ဒေါ်မင်းမင်းမောင်တို့၏အစ်ကို၊ တူ/တူမ သုံးယောက်တို့၏ဦးလေး၊ သာကေတမြို့နယ်၊မြခွာညို ၁လမ်း၊မြခွာညိုအိမ်ရာ၊အမှတ် ၁၂ (ယုနီဗာဆယ်)နေ ဦးကျော်ဇေနိုင်သည် ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၄း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၉-၂၀၁၅ရက်(စနေနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တိုးတိုးကြည်
### အထက(၂)ရန်ကင်း
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ ၃လမ်း၊ အမှတ် ၁၁၇/ခနေ(ဦးမျိုးညွန့်-ဒေါ်မာမာဆွေ)တို့၏သမီး၊ (ဦးမောင်-ဒေါ်ကျင်စိန်)တို့၏ချွေးမ၊ ဦးငွေအေး၏ဇနီး၊ ဦးမျိုးမြင့်အောင်-ဒေါ်ညွန့်ညွန့်ဝေ(အထက-၂၊ တောင်ဥက္ကလာပ)တို့၏ ညီမ၊ ဗိုလ်ကြီးသန်းဝင်းမောင်(ငြိမ်း) - ဒေါ်စီစီပြုံး(ငွေတိုက်ဦးစီးဌာန)တို့၏အစ်မ၊ မအိအိခိုင်၊ မောင်စည်သူပိုင်၊ မောင်ထက်ကောင်းလှိုင်၊ မအိကိုချစ်တို့၏ မိခင်သည် ၁၀-၉-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၈း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းနု (ဓနုဖြူ)
### အသက်(၆၀)

ဓနုဖြူမြို့နေ (ဦးအေးစိန်-ဒေါ်အေးညွန့်)တို့၏သမီး၊ ဓနုဖြူမြို့နေ ဦးသိန်း - (ဒေါ်ကျင်ငွေ)တို့၏ သမီးချွေးမ၊ ဦးအောင်မြ၊ (ဦးသောင်းကြည်)၊ ဦးစစ်နိုင်တို့၏ညီမ၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၁လမ်း၊ အမှတ် ၅၊ ငါးလွှာ(ယာ)နေ (ဦးသူရဝင်း) ဒေါ်လှိုင်မေဦး (မြန်မာ့လေကြောင်း)၊ ဦးစည်သူ (Ethan Co., Ltd.) တို့၏ မိခင်၊ မသူရဝတီခင် (အထက-၂၊ တာမွေ)၊ မောင်ပြည့်စုံသူရ (အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၁၀-၉-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၅ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အစ္စရေးနိုင်ငံသမ္မတအား သွားရောက်တွေ့ဆုံ

စာမျက်နှာ-၆

# ရေလွှမ်းမှုဖြစ်စဉ်များ ကြုံတွေ့သော်လည်း မြန်မာနိုင်ငံ၏ ယခုနှစ် ပြည်ပကုန်သွယ်မှုပမာဏ ယခင်နှစ်ကထက် မြင့်တက်



သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွေး

**နေပြည်တော် စက်တင်ဘာ ၁၀**

မကြာသေးမီကာလက ပြည်တွင်း၌ ရေလွှမ်းမိုးမှုဖြစ်စဉ်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့သော်လည်း မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့်ကုန်သွယ်မှုပမာဏသည် ယခု ၂၀၁၅ ဘဏ္ဍာနှစ်၏ ဩဂုတ်လကုန်ပိုင်းအထိ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၄၃၄ ဒသမ ၄၁၄ သန်းအထိ ရောက်ရှိနေပြီး ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက မြင့်တက်လာကြောင်းသိရသည်။

ယခု ၂၀၁၅ ဘဏ္ဍာနှစ်အစ ဧပြီလမှ ဩဂုတ်လကုန်ပိုင်းအထိ နိုင်ငံတကာနှင့် ကုန်သွယ်မှုတွင် ဒေါ်လာ ၁၁၄၃၄ ဒသမ ၄၁၄ သန်းရှိရာတွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၄၅၉၉ ဒသမ ၁၇၈ သန်း၊ သွင်းကုန်တန်ဖိုးဒေါ်လာ ၆၈၃၅ ဒသမ ၂၃၆ သန်းရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ် အလားတူကာလ မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့် ကုန်သွယ်မှုတန်ဖိုးသည် ဒေါ်လာသန်းပေါင်း၁၁၃၂၂ ဒသမ ၀၉၀ရှိရာတွင် ပို့ကုန်တန်ဖိုးမှာဒေါ်လာ ၄၈၁၅ ဒသမ ၆၉၆၊ သွင်းကုန်တန်ဖိုးမှာ

စာမျက်နှာ ၄ ကော်လံ ၁ ❖

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

၁၀-၉-၂၀၁၅

| | |
|---|---|
| မိတ္ထီလာမြို့ | ၃ ဒသမ ၃၈ လက်မ |
| မအူပင်မြို့ | ၃ ဒသမ ၃၈ လက်မ |
| ကော့သောင်းမြို့ | ၂ ဒသမ ၈၈ လက်မ |
| သပိတ်ကျင်းမြို့ | ၂ ဒသမ ၄၈ လက်မ |
| မုံရွာမြို့ | ၂ ဒသမ ၂၈ လက်မ |
| ကိုကိုးကျွန်းမြို့ | ၂ ဒသမ ၂၈ လက်မ |
| မြိတ်မြို့ | ၂ ဒသမ ၁၃ လက်မ |
| ဖောင်းတူမြို့ | ၂ ဒသမ ၀၅ လက်မ |
| ရေဦးမြို့ | ၁ ဒသမ ၇၃ လက်မ |
| မိုးကုတ်မြို့ | ၁ ဒသမ ၆၁ လက်မ |

## ချင်းတွင်း၊ ဝေန်၊ ဧရာဝတီမြစ်ရေမြင့်တက် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန် အကြံပြု

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။


ဝေန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ငါးပေခွဲခန့်၊ မော်လိုက်မြို့တွင် ခုနစ်ပေခွဲခန့်၊ ကလေးဝမြို့တွင် ခြောက်ပေခန့်၊ မင်းကင်းမြို့တွင် ငါးပေခွဲခန့်နှင့်

စာမျက်နှာ ၆ ကော်လံ ၅ ❋



**မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာတွင် စက်တင်ဘာ ၁၀ ရက်က ဧရာဝတီမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာရာ နွားများကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးစဉ်။** (သတင်း၊ စာမျက်နှာ-၉) ဓာတ်ပုံ-ပေါက်ကလေး(သရက်)



မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ဝ၆၇-၃၅၀၄၂၂၊ စာတည်းအဖွဲ့ ဝ၆၇-၃၅၀၄၄၁၊ ဖက်စ် ဝ၆၇-၃၅၀၄၆၀၊ ရန်ကုန်ရုံးခွဲ-အမှတ်(၂၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၁၊ စာတည်းအဖွဲ့ ဝ၁-၅၄၄၃၃၅၊ ဖက်စ် ဝ၁-၅၄၄၃၃၁၊ စီစဉ် ဝ၁-၅၄၄၃၃၄၊ ဖြန့်ချိရေး ဝ၁-၅၄၄၃၃၆၊ ကြော်ငြာ ဝ၁-၅၄၄၃၃၉။

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**မအူပင်လွမ်းချင်း**



စာ - ၃

လူမှုစီးပွား

**ဟိုမိန်းမြို့ ပေါ်ဒွ သံကူကွန်ကရစ်တံတားများ တည်ဆောက်**

စာ - ၆



# မာရှယ်နှင့် မန်ယူ၏ ပုစ္ဆာ

ဝေမိုးဆက်

ဒီနွေအပြောင်းအရွှေ့ဈေးကွက်နောက်ဆုံးကာလမှာ မန်ယူက မိုနာကို တိုက်စစ်မှူး မာရှယ်ကိုခေါ်တယ်။ အဲဒီအတွက် ပြောင်းရွှေ့ကြေး စစ်စစ်အဖြစ် ပေးခဲ့ရတာက ၃၆ သန်း။ ဒါပေမယ့် အပိုဆုကြေး အပါအဝင် မာရှယ်ကို ခေါ်ယူမှုအတွက် စာချုပ်ချုပ်ဆိုရာမှာ အဲဒီစာချုပ်ရဲ့စုစုပေါင်း တန်ကြေးက ပေါင် ၅၈ သန်း ကျော်သွားတယ်။ တိတိကျကျ ပြောရရင် မာရှယ်ကို ခေါ်ယူနိုင်ရေးအတွက် မန်ယူကုန်ကျခဲ့တဲ့ငွေကြေးဟာ ပေါင် ၅၈ ဒသမ၇ သန်းအထိ ရှိတယ်။ ဒီတော့ အဲဒီမှာ မာရှယ်အနေနဲ့ တကယ်ပဲပေါင် ၅၈ သန်းကျော် တန်မတန်ဆိုတာက ဆွေးနွေးစရာခေါင်းစဉ်တစ်ခုလို ဖြစ်လာတယ်။

အရှင်းဆုံးပြောရရင် မာရှယ်ကိုယ်တိုင်က သူ့အနေနဲ့ အဲဒီလောက်များပြားတဲ့ပြောင်းရွှေ့ကြေးပမာဏနဲ့ ထိုက်တန်မှုရှိမရှိဆိုတာ သူကိုယ်တိုင်တောင် မသိဘူးလို့ဆိုတယ်။ လီဗာပူးကစားသမားဟောင်း ကာရေဂါကလည်း မာရှယ်ရဲ့ ပြောင်းရွှေ့ကြေးမြင့်မားမှုကို အံ့အားသင့်မိတယ်လို့ပြောတယ်။ မန်ယူကစားသမားဟောင်း ဂယ်ရီနဗီးလ်ကျတော့ အလားအလာရှိတဲ့အပြင် လူငယ်ဖြစ်နေတဲ့အတွက် ထိုက်တန်မှုရှိတယ်လို့ ဆိုတယ်။

စာ ၇ သို့




## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)

UEFA CHAMPIONS LEAGUE

**အင်္ဂါနေ့ (၁၅-၉-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | ပီအက်စ်ဂျီ | - | မယ်လ်မို |
| နံနက် ၁း၁၅ | ရီးရဲ | - | ရှက်တာဒိုးနက် |
| နံနက် ၁း၁၅ | ဝုဖ်ဘတ် | - | စီအက်စ်ကေအေ |
| နံနက် ၁း၁၅ | အိုင်ဟိုဗင် | - | မန်ယူ |
| နံနက် ၁း၁၅ | ဂါလာတာစာရေး | - | အက်သလက် |
| နံနက် ၁း၁၅ | ဘင်ဖီကာ | - | အက်စ်တာနာ |
| နံနက် ၁း၁၅ | မန်စီးတီး | - | ဂျူဗင်တပ်စ် |
| နံနက် ၁း၁၅ | ဆီဗီလာ | - | ဂလာဘတ်ချ် |

**ဗုဒ္ဓဟူးနေ့ (၁၆-၉-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | လေဗာကူဆင် | - | ဘိုရီဆော့ဗ် |
| နံနက် ၁း၁၅ | ရိုးမား | - | ဘာစီလိုနာ |
| နံနက် ၁း၁၅ | ဒိုင်နမိုဇာဂရက်စ် | - | အာဆင်နယ် |
| နံနက် ၁း၁၅ | အိုလံပီယာကော့စ် | - | ဘိုင်ယန် |
| နံနက် ၁း၁၅ | ဒိုင်နမိုကိဗ် | - | ပေါ်တို |
| နံနက် ၁း၁၅ | ချယ်လ်ဆီး | - | တဲလ်အဗစ် |
| နံနက် ၁း၁၅ | ဗလင်စီယာ | - | ဇင်းနစ် |
| နံနက် ၁း၁၅ | ဂျန့် | - | လိုင်ယွန် |

# ပရီမီယာလိဂ် ချန်ပီယံစစ်တမ်း

လင်းဆက်

*၂၀၁၅-၂၀၁၆ အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲက စတင်ကျင်းပလာတာ ပွဲစဉ်(၄)ပဲရှိသေးတယ်။ ဒါပေမယ့် အဲဒီရာသီအစမှာတင် လက်ရှိချန်ပီယံ ချယ်လ်ဆီးကအစ ရလဒ်ကောင်းမွန်ဖို့ ရုန်းကန်နေရသလို မန်ယူ၊ အာဆင်နယ်တို့ရဲ့ခြေစွမ်းတွေကလည်း မတည်ငြိမ်တာကြောင့် ဒီဘောလုံးရာသီမှာ ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ဘယ်သူရမလဲဆိုတာကအစ ရာသီအစမှာတင် စိတ်ဝင်စားဖို့ကောင်းလာတယ်။ ဒါကြောင့်ပဲ ဒေးလီးမေးလ်ရဲ့ဆောင်းပါးရှင် ကီရန်ဂဲလ်က ဒီရာသီမှာ ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်ခြေရှိတယ်လို့ သတ်မှတ်ခံထားရတဲ့ ချယ်လ်ဆီး၊ မန်ယူ၊ အာဆင်နယ်၊ မန်စီးတီးတို့ရဲ့ လိုအပ်ချက်နဲ့ လက်ရှိအခြေအနေတွေကို သုံးသပ်တင်ပြထားခဲ့သလို အဆိုပါ ကီရန်ဂဲလ်ရဲ့သုံးသပ်မှုတွေကိုလည်း ပရိသတ်လေ့လာနိုင်ဖို့အတွက် မှီငြမ်းပြုစုပြီး သုံးသပ်တင်ပြပေးလိုက်ရပါတယ်။*




## ခံစစ်ပိုင်းလိုအပ်ချက်နဲ့ ချယ်လ်ဆီး

ပရီမီယာလိဂ်ရဲ့ လက်ရှိချန်ပီယံ ချယ်လ်ဆီးက မနှစ်က ဘောလုံးရာသီ တစ်လျှောက်လုံးမှာမှ ရှုံးပွဲသုံးပွဲသာကြုံတယ်။ ဒါပေမယ့် ချယ်လ်ဆီးဟာ ဒီရာသီအစပွဲစဉ် လေးပွဲအပြီးမှာတင် ရှုံးပွဲနှစ်ပွဲကြုံတွေ့ခဲ့ပြီ။ အဲဒီအတွက် သူတို့ရဲ့ အဓိကအားနည်းမှုက ခံစစ်ပိုင်းကလွဲလို့ အခြားမရှိနိုင်သလို အိုင်ဗန်နိုဗစ်၊ ဂယ်ရီကာဟေးလ်၊ ဂွန်တယ်ရီ၊ အက်စ်ပီလီကျူတာတို့ဦးဆောင်တဲ့ ချယ်လ်ဆီးခံစစ်ရဲ့ ဒီရာသီစွမ်းဆောင်နိုင်မှုဟာ ဂိုးမပေးရတဲ့ပွဲလုံးဝမရှိခဲ့တဲ့အထိ အားနည်းမှုတွေရှိခဲ့သလို ခံစစ်စည်းရှေ့ကနေ ပြိုင်ဘက်ထိုးစစ်ကို တားဆီးပေးနေရတဲ့ ဖာဘရီဂတ်စ်၊ မာတစ်တို့ရဲ့ စွမ်းဆောင်မှုကလည်း ထိရောက်ထင်ရှားခြင်း မရှိသေးဘူး။ အရှင်းဆုံးပြောရရင် ပရီမီယာလိဂ် ပွဲစဉ်(၄)အပြီးမှာ ကိုးဂိုးအထိပေးထားရတဲ့ ချယ်လ်ဆီးခံစစ်ကြောင်းဟာ ချန်ပီယံအသင်း တစ်သင်းမှာရှိသင့်ရှိအပ်တဲ့ ခံစစ်ကြောင်းမျိုးမဟုတ်သလို အဲဒီခံစစ်ကြောင်းကြောင့်ပဲ ချယ်လ်ဆီးဟာ တန်းဆင်းရမယ့်အသင်းလို့ ရေပန်းစားနေတဲ့ ဆန်းဒါးလန်းပြီးနောက် ပရီမီယာလိဂ်မှာ ဒုတိယပေးဂိုးအများဆုံး အသင်းဖြစ်နေသလို ၁၉၇၁ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးရာသီအစနဲ့လည်း ကြုံတွေ့ခဲ့ရတာဖြစ်တယ်။

ပြောမယ်ဆိုရင်ပေါ့။ ချယ်လ်ဆီးဟာ ဒီပြီးဆုံးခဲ့ပြီဖြစ်တဲ့ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မှာ ခံစစ်ပိုင်းကိုအားဖြည့်ဖို့ ကြိုးစားခဲ့မှုတွေ မအောင်မြင်ခဲ့ခြင်းက ချယ်လ်ဆီးရဲ့ ခံစစ်ကို အခုလိုအားလျော့စေတယ်လို့ဆိုနိုင်တယ်။ အထူးသဖြင့် မော်ရင်ညိုဟာ အဲဗာတန် ခံစစ်မှူးဂွန်စတုန်းကို ခေါ်ယူနိုင်ဖို့အတွက် လေးကြိမ်တိုင် ကမ်းလှမ်းခဲ့ပေမယ့် ပယ်ချခံခဲ့ရသလို မိုနာကိုခံစစ်မှူး အဒန်နိုယူကိုခေါ်ယူနိုင်ဖို့ ကြိုးစားမှုကလည်း မအောင်မြင်ခဲ့တဲ့အပြင် ပီအက်စ်ဂျီခံစစ်မှူး မာကွင်ဟိုစ်ကို ခေါ်ယူရေးကြိုးစားမှုကလည်း နောက်ကျခဲ့တာကြောင့် မော်ရင်ညိုဟာ ဒီနွေဈေးကွက်မှာ ခံစစ်ကို စိတ်တိုင်းကျ ပြုပြင်ဖန်တီးခွင့် မရခဲ့ဘူးလို့တောင် ဆိုနိုင်တယ်။

အထူးသဖြင့် မော်ရင်ညိုဟာ ဒီနွေဈေးကွက်အတွင်းမှာ ဒီဂျီလိုဘိုဂျီနဲ့ ဘာဘာရာမန်တို့ကို ခံစစ်ပိုင်းအတွက် ခေါ်ယူနိုင်ခဲ့သလို ဇူးမားလို ခံစစ်ကစားသမားတစ်ဦးရှိနေတယ်ဆိုပေမယ့်လည်း အဆိုပါ ဒီဂျီလိုဘိုဂျီနဲ့ ဘာဘာရာမန်တို့အပြင် ဇူးမားကပါ ပရီမီယာလိဂ်ပြိုင်ပွဲအတွေ့အကြုံ နုသူတွေဖြစ်နေခြင်းက ချယ်လ်ဆီးခံစစ်ပိုင်းကိုပိုပြီး ယိုယွင်းစေတယ်။ အရှင်းဆုံးပြောရရင် ကစားပြီးခဲ့တဲ့ ပရီမီယာလိဂ် လေးပွဲမှာ ချယ်လ်ဆီးရဲ့ ခံစစ်ကြောင်းဟာ ကာကွယ်ဖျက်ထုတ်နိုင်မှု ၆၁ ကြိမ်ပဲ လုပ်နိုင်ခဲ့သလို အဲဒီအကြိမ်အရေအတွက်ဟာ ဒီနှစ် ပရီမီယာလိဂ်ပြိုင်ပွဲဝင်အသင်းတွေအနက် ဒုတိယမြောက် အကြိမ်အနည်းဆုံးတောင် ဖြစ်နေရတယ်။ ဒါကြောင့် မော်ရင်ညိုအနေနဲ့ ချယ်လ်ဆီးကို ချန်ပီယံပြေးလမ်းကြောင်းထဲ ပြန်ရောက်စေချင်တယ်ဆိုရင် အပြောင်းအရွှေ့ဈေးကွက်ပိတ်သွားတဲ့ လက်ရှိအချိန်မှာရှိတဲ့ အင်အားစုနဲ့ခံစစ်ပိုင်းကို ပြန်လည်ကျစ်လျစ်အောင်ပြုပြင်တည်ဆောက်နိုင်ဖို့ လိုကိုလိုတယ်။




## တိုက်စစ်ချို့ယွင်းချက်နဲ့ မန်ယူ

တကယ်တော့ ရေပန်းစားနေတဲ့အသင်းကြီးတွေအထဲမှာ ချယ်လ်ဆီးတစ်သင်းသာ လိုအပ်ချက်ရှိနေတာမဟုတ်ဘူး။ ရှနိုက်ဒါလင်၊ စတိုင်ဂါ၊ ဒါမီယန်၊ ဒီပေး၊ ရိုမီယိုနဲ့ မာရှယ်တို့ကိုခေါ်ယူထားခဲ့တဲ့မန်ယူမှာလည်း ချို့ယွင်းချက်ရှိနေပါတယ်။ အထူးသဖြင့် မန်ယူဟာ ဒီရာသီအစမှာ တိုက်စစ်ပိုင်းပြဿနာနဲ့ ရင်ဆိုင်နေရပြီး အသစ်ခေါ်ယူခဲ့တဲ့ တောင်ပံကစားသမား ဒီပေးက ပရီမီယာလိဂ်မှာ ဂိုးသွင်းနိုင်ဖို့ရုန်းကန်နေရသလို အဓိကတိုက်စစ်မှူး ရွန်းနေးဟာလည်း ဂိုးပေါက်ပျောက်ဆုံးမှု ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ရွန်းနေးအနေနဲ့ မန်ယူက ဗီလာကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တဲ့ ဧပြီလ ၄ ရက်နေ့မှာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် ပရီမီယာလိဂ်မှာ ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိခဲ့သလို အဲဒါဟာ ဗန်ပါစီ၊ ဖယ်ကာအို၊ ဂျာနူဇက်တို့ မရှိတော့တဲ့ မန်ယူတိုက်စစ်အတွက် စိုးရိမ်စရာတစ်ခုလိုဖြစ်လာရတယ်။

ပြောမယ်ဆိုရင်ပေါ့။ မန်ယူတိုက်စစ်ဟာ ပရီမီယာလိဂ်မှာသုံးဂိုးသာ သွင်းယူထားနိုင်ပြီး အဲဒီသုံးဂိုးထဲမှာ စပါးနဲ့ပွဲအတွင်း ရခဲ့တဲ့ဂိုးကလည်း စပါးခံစစ်မှူး ဝေါလ်ကာရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိမှုကြောင့် ရခဲ့တာဖြစ်တယ်ဆိုတော့ အဲဒီချို့ယွင်းမှုဟာ မန်ယူရဲ့ ချန်ပီယံအိပ်မက်အတွက် အဓိက အဟန့်အတား တစ်ခုဖြစ်လာနိုင်တယ်လို့ဆိုရမယ်။ မှတ်တမ်းတွေအရ ပြောမယ်ဆိုရင် မန်ယူဟာ ပရီမီယာလိဂ်မှာ တစ်ပွဲကို ပျမ်းမျှဂိုးသွင်းနိုင်မှုမှာ ၀ ဒသမ ၇၅ ရာခိုင်နှုန်းသာရှိသလို ဂိုးပေါက်ကန်သွင်းမှုကလည်း ၃၂ ကြိမ်သာရှိတယ်။ ဒါ့အပြင် အဲဒီဂိုးကန်သွင်းမှုရဲ့ တစ်ဝက်ထက်နည်းပါးတဲ့ အကြိမ်အရေအတွက်လောက်သာ မန်ယူရဲ့ကန်ချက်တွေဟာ ဂိုးပေါက်တည့်ခဲ့ပြီး အချိုးကျတွက်ကြည့်မယ်ဆိုရင် မန်ယူရဲ့ ဂိုးပေါက်ကန်သွင်းမှုဟာ ရှစ်ရာခိုင်နှုန်းသာရှိခဲ့တယ်။ ဒါကြောင့်ပဲ မန်ယူတိုက်စစ်ရဲ့လိုအပ်ချက်ဟာ ထင်ထင်ရှားရှားပေါ်လွင်နေသလို အဲဒီချို့ယွင်းချက်ကို ပြုပြင်နိုင်ဖို့အတွက် ဗန်ဟားလ်ဟာ မိုနာကိုတိုက်စစ်မှူး မာရှယ်ကို ခေါ်ယူခဲ့ပေမယ့် မာရှယ်ဟာ အသက် ၁၉ နှစ်သာရှိသေးလို့ မန်ယူတိုက်စစ်ကို ဦးဆောင်နိုင်စွမ်းရှိပါ့မလားဆိုတာ သံသယဖြစ်စရာကောင်းနေတယ်။ ဗန်ဟားလ်အနေနဲ့ အဲဒီချို့ယွင်းချက်ကို မပြုပြင်နိုင်ခဲ့ရင် မန်ယူရဲ့ချန်ပီယံအိပ်မက်ဟာ အကောင်အထည်ဖော်ဖို့ခက်ခဲတာ ထင်ရှားလွန်းနေတယ်။



## အာဆင်နယ်၏ ကွက်လပ်များ

အထူးသဖြင့်ပေါ့။ အဲဒီလို လိုအပ်ချက်တွေရှိနေကြတဲ့ အသင်းကြီးတွေအထဲမှာ အာဆင်နယ်က ပိုများတယ်။ အရှင်းဆုံးပြောရရင် အာဆင်နယ်ဟာ ဒီနွေရာသီဈေးကွက်မှာ ကစားသမားအားဖြည့်မှု အတော်နည်းတယ်။ ပီတာဆက်ချ်ကိုသာ ခေါ်ယူခဲ့ပြီး ကွင်းလယ်နဲ့ တိုက်စစ်လိုအပ်ချက်ကို ပြုပြင်ဖို့ ကြိုးစားမှုတွေက အရာမထင်ခဲ့ဘူး။ ပြောရရင် အာဆင်နယ်မှာက ကွင်းလယ်အဖျက်ကစားသမားသိပ်နည်းတယ်။ အဲဒီလို အခြေအနေမှာ ဆောက်သမ်တန်ကနေ မန်ယူကို ပြောင်းသွားတဲ့ ရှနိုက်ဒါလင်ကို မခေါ်ယူခဲ့ခြင်းက မေးခွန်းထုတ်စရာကောင်းနေသလို အဲဒါကြောင့် ကွင်းလယ်ခံစစ်တာဝန်ကို ကိုကွီလင်တစ်ဦးတည်း ဆက်ထမ်းဆောင်နေရတာက အာဆင်နယ်ရဲ့ အကြီးမားဆုံး ကွက်လပ်တစ်ခုလိုဖြစ်လာတယ်။

မှတ်တမ်းမှတ်ရာတွေအရ ပြောရမယ်ဆိုရင်ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အာဆင်နယ်ဟာ ကိုကွီလင်ပါဝင်တဲ့ ၂၆ ပွဲအတွင်း ၁၈ ပွဲနိုင်ပြီး လေးပွဲသရေကျကာ လေးပွဲရှုံးတယ်။ ကိုကွီလင်မပါဝင်တဲ့ ၁၆ ပွဲမှာတော့ ခြောက်ပွဲသာနိုင်ပြီး ခြောက်ပွဲသရေကျကာ လေးပွဲရှုံးတယ်။ အရှင်းဆုံးပြောရရင် ကိုကွီလင် ပါဝင်တဲ့ပွဲတွေမှာ အာဆင်နယ်ဟာ တစ်ပွဲပျမ်းမျှ ၂ဒသမ၂ မှတ်ရရှိခဲ့ပေမယ့် ကိုကွီလင်မပါဝင်တဲ့ပွဲတွေမှာတော့ အာဆင်နယ်ဟာ တစ်ပွဲကို ပျမ်းမျှ ၁ဒသမ ၅ မှတ်သာရှိခဲ့တယ်။ ဒါကြောင့် အာဆင်နယ်ရဲ့အောင်မြင်မှုဟာ ကိုကွီလင်အပေါ်မှာ တည်မှီလွန်းနေပြီး ကိုကွီလင်ရဲ့နေရာမှာ အစားထိုးနိုင်တဲ့ ကစားသမားမျိုးကို မခေါ်ယူခဲ့မှုကြောင့် အာဆင်နယ်ဟာ ကိုကွီလင်မပါဝင်တဲ့ပွဲတွေ၊ ကိုကွီလင်ပွဲပန်းပြီး ခြေစွမ်းမပြနိုင်တဲ့ပွဲတွေမှာ မနှစ်ကလိုပဲ ရုန်းကန်ရနိုင်သလို တိုက်စစ်ပိုင်းကိုအားဖြည့်နိုင်မှုမရှိခြင်းကလည်း အာဆင်နယ်ကို အခက်တွေ့စေနိုင်တယ်။

ပြောမယ်ဆိုရင် အာဆင်နယ်ဟာ ဒီနွေဈေးကွက်မှာ ကာဗာနီ၊ ဘင်ဇီမာတို့လို တိုက်စစ်မှူးတွေကို ခေါ်ယူဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ လက်ရှိအချိန်မှာ အာဆင်နယ်တိုက်စစ်ဟာ ဂိုးပေါက်တည့်မှု ခြောက်ရာခိုင်နှုန်းသာရှိပြီး အဲဒါဟာ ဒီနှစ်ပရီမီယာလိဂ်အသင်းတွေအနက် ဒုတိယ အနည်းဆုံး ဂိုးပေါက်တည့်မှု ရာခိုင်နှုန်းအဖြစ် ရှိနေတယ်။ ဒါကြောင့် ဂီရောက်ဒ်၊ ဆန်းချက်ဇ်၊ ဝေါလ်ကော့တို့ရှိနေပေမယ့် အာဆင်နယ်တိုက်စစ်ဟာ ပြည့်စုံမှုမရှိသလို အဲဒီအချက်ကို မပြုပြင်နိုင်ခဲ့ခြင်းက ဝင်းဂါးရဲ့အမှားသာဖြစ်တယ်လို့ ဆိုရမယ်။

## မန်စီးတီးရဲ့ တည်ငြိမ်မှု

ဒါပေမယ့် အဲဒီလိုပြောခဲ့တာတွေကြောင့် အသင်းကြီးတိုင်း လိုအပ်ချက်တွေရှိနေတာမျိုး မဟုတ်ဘူး။ အထူးသဖြင့် ချယ်လ်ဆီး၊ မန်ယူ၊ အာဆင်နယ်တို့က လိုအပ်ချက်ကိုယ်စီရှိနေကြသော်ငြား မန်စီးတီးကတော့ ရာသီအစပိုင်းမှာတင် တည်ငြိမ်မှုတွေရနေတယ်။ ပြောရရင် မန်စီးတီးဟာ ပြီးခဲ့တဲ့ရာသီမှာ ၈၃ ဂိုးသွင်းပြီး သွင်းဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်ခဲ့သော်ငြား ဒီရာသီမှာ တိုက်စစ်ကိုထပ်ပြီးတော့ အားဖြည့်တယ်။ အထူးသဖြင့် မန်စီးတီးဟာ ဒီနွေမှာ စတာလင်းနဲ့ ဒီဘရူနီနှစ်ဦးကို ပေါင်သန်း ၁၀၀ နီးပါးသုံးပြီးခေါ်တယ်။ အဲဒီမှာ ဒီဘရူနီကပွဲမထွက်ရသေးလို့ သူ့ရဲ့ပေါင်းဖက်ဝင်ရောက်မှုအခြေအနေကို မသိနိုင်သေးပေမယ့် လေးပွဲမှာ ၁၀ ဂိုးအထိရယူခဲ့တဲ့ အခြေအနေကိုကြည့်ရင် စတာလင်းကို ခေါ်ယူမှုက မှန်ကန်ခဲ့တယ်လို့ဆိုနိုင်တယ်။ အထူးသဖြင့် မနှစ်ကရာသီမှာ မန်စီးတီးဟာ တစ်ပွဲပျမ်းမျှ ၂ ဒသမ ၂ ဂိုးသာ သွင်းနိုင်ခဲ့ပေမယ့် ဒီနှစ်ဂိုးသွင်းနှုန်းက တစ်ပွဲပျမ်းမျှ ငါးဂိုးအထိ ရှိလာတယ်။ ပြီးတော့ ကစားပြီးခဲ့တဲ့ လေးပွဲမှာ မန်စီးတီးဟာ ဂိုးကန်သွင်းမှု ၄၈ ကြိမ်ရှိခဲ့ပြီး ဂိုးပေါက်တည့်မှုက ၆၀ ရာခိုင်နှုန်းအထိ ရှိတယ်။

စာ ၇ သို့ >>



## ဧရာဝတီတိုင်းဒေသကြီး

# မအူပင်လွှမ်းချင်း




ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နှင့် သုံးခွကျွန်းဒေသကို ဆက်သွယ်ထားသည့် ပံတပွတ်တံတားဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီက အဆိုပါ တံတားအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပခဲ့ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်တို့ တက်ရောက်ခဲ့ကြပြီး ဘက်စုံထူးချွန်လူငယ်များဖြစ်သည့် မောင်ဟန်လင်းအောင်၊ မစုစုနွယ်နှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ရဲဖြိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

မအူပင်မြို့နယ် သုံးခွကျွန်းဒေသဖွံ့ဖြိုးတိုးတက်စေရန် ၁၉၉၈ ခုနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ဒေသအတွင်း မော်တော်ယာဉ်များ သွားလာနိုင်ရေးအတွက် သုံးခွကျွန်းတာပေါင်ပတ်လမ်းများဖြစ်သည့် ပံတပွတ်-ပန်းတောင်းလမ်း ၄/၆မိုင်၊ ပန်းတော-ကျုံသင် လမ်း ၂၅/၅မိုင်၊ အခြံ-မင်းဘောလမ်း ၉/၁မိုင်၊ မင်းဘော-ထန်းပင်ကွေ့အရှေ့လမ်း ၂/၄မိုင်၊ ထန်းပင်ကွေ့အရှေ့- ပံတပွတ်လမ်း ၂/၀မိုင် စုစုပေါင်း ၄၄/၀မိုင်ကို မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် နှစ်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

မအူပင်မြို့နှင့် သုံးခွကျွန်းကို ဆက်သွယ်ထားသည့် ပံတပွတ်တံတား အရှည်ပေ ၇၂၀ ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ် ၃၈၂၃ ဒသမ ၆ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပံတပွတ်တံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် သုံးခွကျွန်းဒေသအတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၇၆ ရွာမှ လူဦးရေ ၅၅၀၀၀ ကျော်နှင့် အခြားဆက်စပ်ဒေသများရှိ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ တံတားကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်အပြီး ဥဒဟိုဖြတ်သန်းသွားလာနေကြသော လူများ၊ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များကိုကြည့်၍ ၁၉၉၇ ခုနှစ်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်းက သံလွင်တံတား(တာကော်အက်) ဖွင့်ပွဲ အခမ်းအနားကို အမှတ်ရမိသည်။ တာကော်အက်တံတားကြီး တည်ဆောက်ပေးခြင်းအတွက် ဒေသခံ "ဝ"တိုင်းရင်းသားများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြပြီး အလွန်ရေစီးကြမ်းသော သံလွင်မြစ်ကို ငါတို့အနိုင်ရခဲ့ပြီဟု အော်ဟစ်ရေရွတ်၍ ပါလာသည့်ငွေဒင်္ဂါးအကြွေစေ့များဖြင့် မြစ်အတွင်းသို့ ပစ်ပေါက်ခဲ့ကြသည်။ တာကော်အက် ကူးတို့ဆိပ်သို့ ၁၉၈၃ ခုနှစ်တွင် စတင်ရောက်ဖူးခဲ့သော ကျွန်တော်၊ ထိုအချိန် ထိုကာလ၌ သံလွင်မြစ်ကို ပွန်တွန်းကူးတို့ဖောင်ဖြင့် ဖြတ်ကူးကြရသည်။ ၁၉၈၈ ခုနှစ်တွင် တန့်ယန်းဒေသတို့ ဒုတိယအကြိမ် ပြန်လည်ခြေချခွင့်ရသည်အထိ တာကော်အက်တံတားကြီး ဖြစ်ပေါ်မလာသေး။ တံတားကြီး တည်ဆောက်ရန်အတွက် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် နတလမှ ဗိုလ်မှူးသန်းထူး ဦးဆောင်ပြီး ပဆငမှ လက်ထောက် အင်ဂျင်နီယာများဖြစ်ကြသော ဦးသန်းလွင်၊ ဦးနေအောင်မြင့်၊ မြေတိုင်း(ပ)ဦးသောင်းညွန့်၊ ဦးမြင့်သန်း၊ နတလရုံးအကူဝန်ထမ်း မောင်မောင်ကျော် (ယခုဦးစီးအရာရှိ)တို့က မြေစမ်းသပ်ခြင်း၊ ကြိုးဆွဲတိုင်းတာခြင်း၊ လမ်းပုံထုတ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

"ဝ"ဒေသ ပန်ဆန်းမြို့သို့ သွားရောက်သည့်အခါတိုင်း သံလွင်တံတား(တာကော်အက်)ကိုဖြတ်ရသည်။ ထိုသောအခါ တစ်ချိန်က အသုံးပြုခဲ့ဖူးသည့် ကျေးဇူးရှင် ပွန်တွန်းကူးတို့ဖောင်လေးကို သတိရမိသည်။ ၁၉၉၁ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်ဒေသ၌ တာဝန်ထမ်းဆောင်စဉ်ကလည်း လီလုချောင်းကို ကူးတို့ဖောင်ဖြင့်ဖြတ်ကူးကြရသည်။ ထိုမှ လီလုချောင်းကူးတံတား ပေါ်ပေါက်လာချိန်၌ တံတားပေါ်မှဖြတ်သွားခွင့်မကြုံတော့သော်လည်း လွန်ခဲ့သည့် နှစ်နှစ်ခန့်က ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့၏ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နမ့်ဆန်မြို့ခရီးစဉ်တွင် အတူလိုက်ပါခွင့်ရရှိကာ ရဟတ်ယာဉ်ပေါ်မှနေ၍ လီလုချောင်းကိုငုံကြည့်မိသည်။ တံတားကို မြင်လိုက်ရစဉ်ခဏ တစ်ချိန်က တာဝန်ကျေပွန်ခဲ့သော ကူးတို့ဖောင်လေးကို အမှတ်ရမိပြန်ပါသည်။

ယခုလည်း မအူပင်မြို့နယ် သုံးခွကျွန်းဒေသ ပံတပွတ်တံတားကြီး ပေါ်ပေါက်မလာမီ လွန်ခဲ့သည့် ငါးနှစ်ခန့်က ပံတပွတ်ချောင်းကို ဖြတ်ကူးရန် အလျား ၃၅ ပေ၊ အနံ၁၂ပေ အရှည် ဇက်ရေယာဉ်တစ်စင်းကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ကိုယ်တိုင်ရေချအခမ်းအနား ပြုလုပ်ပေးခဲ့သည်။ ထိုဇက်ရေယာဉ်လေးသည် ဒေသခံတိုင်းရင်းသားပြည်သူများကို လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀ နှုန်း၊ ကလေး/ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၅၀ နှုန်း ဟိုမှာဘက်ကမ်းမှ ဒီမှာဘက်ကမ်းသို့ လူးလာခေါက်တုံ့မညည်းမညူ ပို့ဆောင်ပေးခဲ့ရုံမျှမက စက်ဘီးတစ်စီး ငွေကျပ်၁၀၀၊ ဆိုင်ကယ်တစ်စီး ငွေကျပ် ၃၀၀၊ ဂျစ်ကား/ထော်လာဂျီ/ကားလေးတစ်စီး ငွေကျပ် ၃၀၀၀၊ လက်တွန်းထွန်စက်တစ်စီး ငွေကျပ် ၂၀၀၀၊ ကျွဲ/နွားတစ်ကောင် ငွေကျပ် ၁၀၀၀၊ ဆိတ်တစ်ကောင် ကျပ် ၂၀၀၊ ဝက်တစ်ကောင် ငွေကျပ် ၅၀၀၊ ကြက်ခြင်းတစ်ခြင်း ငွေကျပ် ၂၀၀ နှုန်းဖြင့် တင်ဆောင်ကာ ဒေသ၏အကျိုးစီးပွားကို တာဝန်ကျေစွာထမ်းဆောင်ခဲ့ကြောင်း တွေ့ရသည်။ လူအများက တံတားကြီးပေါ်မှာ ဝမ်းမြောက်ပျော်ရွှင်စွာဖြတ်သန်းသွားလာသည်ကို ထိုဇက်ယာဉ်ကလေးသည် ဟိုးအရှေ့ဘက်ကမ်းမှနေ၍ ဝမ်းနည်းဝမ်းသာဖြင့် လှမ်းမျှော်၍ ကြည့်နေသယောင် တွေ့မြင်ခဲ့ရသည်။

တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းထွန်းနှင့်အတူ မအူပင်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန နတလဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည့် ပေ ၁၃၀×၃၀ နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ပန္နက်စိုက်ထူပေးခဲ့သည်။ ထိုမှတစ်ဆင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တိုင်းဒေသကြီးအတွင်း ၂၀၀၈ ခုနှစ်နောက်ပိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သော လမ်းမကြီး ၁၁ခုနှင့် တည်ဆောက်ပြီး တည်ဆောက်ဆဲ၊ တည်ဆောက်ရန်ကျန် တံတားကြီး/ငယ် အသွယ်သွယ်တို့နှင့် စပ်လျဉ်း၍လည်း ဤခရီးစဉ်အတွင်း လေ့လာသိရှိခဲ့ရသည်။ မိမိတို့မွေးရပ်ဇာတိ တိုင်း/ ဒေသကြီးအတွင်း လမ်းကွန်ရက်သဖွယ် ဖြစ်ပေါ်နေသည့် လမ်းမကြီး ၁၁ သွယ်မှာ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ပြင်စလူလမ်း ၇၂/၃ မိုင်၊ မအူပင်-ရေလဲကလေး - ရွှေတောင်မှော် - ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ၅၁/၆ မိုင်၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၆၂/၃ မိုင်၊ လပွတ္တာ-သယ်န်းကြီး-ပြင်စလူ လမ်း ၃၅/၂ မိုင်၊ ဘိုးကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း ၄၁/၂ မိုင်၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ၃၈/၅ မိုင်၊ ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်း ၅၁/၅ မိုင်၊ ကျုံကဒွန်း-စက်ဆန်းလမ်း၁၉/၁မိုင်၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆/၁ မိုင်၊ ဘိုကလေး-မော်လမြိုင်ကျွန်း - ကျုံမငေး - ဝါးခယ်မ-မြောင်းမြလမ်း ၆၆/၁ မိုင်၊ ပုသိမ်-ငပုတောလမ်း ၂၁/၁ မိုင်တို့ဖြစ်ပြီး စုစုပေါင်း လမ်းအရှည်မှာ ၅၅၅/၃ မိုင် ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ဒေသသည် အထူးဒေသကြီး ၂၄ ခုတွင် ပါဝင်ခဲ့သဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်ရေး အပါအဝင် အခြားသောကဏ္ဍများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ခဲ့ရသည်။ ဤသို့သော အခြေအနေတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဒေသခံတိုင်းရင်းသားကလေးငယ်များ ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ထမ်းရွက်ခွင့်ရသောကြောင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**မြင့်စိုး(နတလ)**



မြန်မာ့အလင်း
၁၁-၉-၂၀၁၅ (သောကြာနေ့)

ရခိုင်ပြည်နယ်

# ဆရာတော် ဦးဥတ္တမနေ့အခမ်းအနားများ ရခိုင်ပြည်နယ်တွင် မြို့ရွာ၊ တောပါ နေရာအနှံ့ကျင်းပ

≡ လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ - ဖရုံကာသား ≡

၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်သည်ကား (၇၆)နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့ပင် ဖြစ်ပေသည်။ မြန်မာနိုင်ငံအား သူ့ကျွန်ဘဝက လွတ်မြောက်အောင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတရားများကို မြန်မာနိုင်ငံအနှံ့ လှည့်လည်တရားဟောရင်း ဆရာတော် ဘဝနတ်နန်းစံမြန်းခဲ့သည်မှာ ယနေ့ဆိုလျှင် ၇၆ နှစ်တိုင်တိုင် ရှိခဲ့ပေပြီ။ ဆရာတော်အား ဂုဏ်ပြုသောအားဖြင့် ဆရာတော်ဦးဥတ္တမနေ့အခမ်းအနားများကို ပြည်နယ်မြို့တော် စစ်တွေမြို့၌သာမက ရခိုင်ပြည်နယ်ရှိ တောရွာများပါ နေရာအနှံ့ ကျင်းပကြောင်း သိရသည်။

ဆရာတော်ဦးဥတ္တမနေ့အခမ်းအနားများကို ၂၀၁၁ ခုနှစ်မှစ၍ လွတ်လပ်စွာကျင်းပခွင့်ရလာပြီး ထိုနေ့ရောက်တိုင်း ရဟန်း၊ ရှင်လူ ပြည်သူများအနေဖြင့် ဆရာတော်အား ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းများဖြင့်လည်းကောင်း၊ ဆီမီး၊ အမွှေးတိုင်များ ထွန်းညှိ၍လည်းကောင်း ပူဇော်ကြသည်။

(၇၆) နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့ အခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကာ စက်တင်ဘာ ၉ ရက်တွင် ကျင်းပသည်။ နံနက် ၅ နာရီခွဲမှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောမနှင့် စစ်တွေမြို့ပေါ်မှ ထေရ်ကြီးဝါကြီးဆရာတော် ၂၇ ပါးတို့ကို အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဦးဥတ္တမပန်းခြံရှိ ဆရာတော် ဦးဥတ္တမကြေးရုပ်တု၌ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်နှင့်အဖွဲ့က ပန်းခွေချခြင်း၊ မေတ္တာအမျှဝေခြင်းများကို ဆောင်ရွက်သည်။



ယင်းနောက် နံနက် ၉ နာရီတွင် ဦးဥတ္တမခန်းမအတွင်း၌ ဦးဥတ္တမနေ့အခမ်းအနားကို ကျင်းပရာ ခေတ္တဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာတော်၏ ထေရုပ္ပတ္တိကို ဗီဒီယိုဆလိုက်ဖြင့် ပြသခြင်းများ ဆောင်ရွက်သည်။ ထို့နောက် ဆရာတော် ဦးဥတ္တမနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ဟောပြောပွဲ၊ ပန်းချီပြိုင်ပွဲများ၌ ဆုရကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်သည်။

နံနက် အရုဏ်တက်ချိန်မှစ၍ ဆရာတော်ဦးဥတ္တမကြေးရုပ်တုသို့ ရဟန်းရှင်လူအပေါင်းတို့က လာရောက်ကာ ရှိခိုးပူဇော် ဦးခိုက်ကြကြောင်း သိရသည်။ ထိုသို့ လာရောက်ရာတွင် နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ ကျောင်းအသီးသီး၊ ရပ်ကွက်အသီးသီးမှ ပါဝင်ကြသည်။

"ကျွန်တော်တို့က ဆရာတော်ဦးဥတ္တမအကြောင်းကို လူကြီးတွေပြောပြမှသိရတာပါ။ ဆရာတော်ကို လေးစားလို့လည်း အခုလိုလာပြီး ဂါရဝပြုတာပါ" ဟု ကျောင်းသား မောင်အောင်ရွှေကျော်က ပြောသည်။

"မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ဆရာတော်ကို အခုလိုဂါရဝပြုရုံတင်မက ဆရာတော်ရဲ့ အတုယူဖွယ်ရာဂုဏ်ဒြပ်တွေကို အားကျပြီး ကြိုးစားကြစေချင်ပါတယ်။ ဒါမှလည်း ကျွန်တော်တို့နိုင်ငံမှာ ဆရာတော်ကဲ့သို့ မျိုးဆက်သစ်တွေ ပေါ်ပေါက်လာမှာဖြစ်ပါတယ်" ဟု လူငယ်စာရေးဆရာ ဝေဟင်အောင်က လူငယ်များကို တိုက်တွန်းစကားပြောကြားသည်။

ဆရာတော်ဦးဥတ္တမနေ့ အခမ်းအနားများကို ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မောင်တောနှင့် အခြားမြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်များ၌လည်းကောင်း၊ ကျေးလက်တောရွာများ၌လည်းကောင်း ကျင်းပကြကြောင်း သိရသည်။

ရခိုင်ပြည်နယ်

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

ရခိုင်ပြည်နယ် မောင်တောခရိုင်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက်က မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲတွင် ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ပွဲနှင့်ပတ်သက်ပြီး ကျေးရွာများအား အရင်းမပျောက်လည်ပတ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအောင်မြင်မှုများ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မောင်တောမြို့နယ်၌ ကျေးရွာ ၁၃ ရွာ၊ ဘူးသီးတောင် မြို့နယ်တွင် ကျေးရွာ ၁၃ ရွာတို့ကို တစ်ရွာလျှင် နိုင်ငံတော်အစိုးရက ငွေကျပ်သိန်း ၃၀၀ စီထောက်ပံ့မှုများ၊ မြစိမ်းရောင်ရန်ပုံငွေစဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး ကျေးရွာနှင့် မိသားစုတိုးတက်ရေးတို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက မောင်တောမြို့နယ် ကျေးရွာ ၁၃ ရွာအတွက် မြစိမ်းရောင်ရန်ပုံငွေများကိုလည်းကောင်း၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက ဘူးသီးတောင်မြို့နယ် ကျေးရွာ ၁၃ ရွာအတွက် မြစိမ်းရောင်ရန်ပုံငွေများကိုလည်းကောင်း ပေးအပ်ခဲ့သည်။ (ခရိုင် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး

သတင်းတိုများ

## မော်လမြိုင်ကျွန်း၌ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပေးအပ်

မော်လမြိုင်ကျွန်းမြို့နယ်တွင် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်သည့် လယ်မြေများကို လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇) ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက်က မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဇရာခန်းမ၌ ကျင်းပသည်။

ယင်းလယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စုရှိ ပယ်ဖျက်ပြီး သစ်တောမြေဧက ၁၄၄၅ ဧကတွင် သစ်တောမြေ လုပ်ကိုင်ကြသော ဗန္ဓုလကျေးရွာမှ တောင်သူ ၉၆ ဦး၊ ဆန်းသစ်ကျေးရွာမှ တောင်သူ ၆၄ ဦးနှင့် စိန်ပန်းကျေးရွာမှာ တောင်သူ ၆၂ ဦး စုစုပေါင်း တောင်သူ ၂၂၂ ဦးတို့၏ လယ်ယာမြေများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)တို့ကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပေးအပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ကျောင်းကုန်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းဖွင့်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ထောက်ရှာကျေးရွာအုပ်စု ကျွဲကူးဆိပ်ကျေးရွာ၌ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက ကိုယ့်အားကိုယ်ကိုးကျေးလက်ဆေးပေးခန်းဖွင့်ပွဲကို ကျွဲကူးဆိပ်ဆရာတော်၊ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းနှင့် တိုင်းကျန်းမာရေးလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသံလွင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်းကို ကျွဲကူးဆိပ်ဆရာတော်နှင့် တပည့်ဒါယကာ ဒါယိကာမများ စုပေါင်း၍ ငွေကျပ်သုံးသိန်းဖြင့် မတည်ကာ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး

## မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု



မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄ ခုနှစ်က ကင်းအရှေ့ကျေးရွာ၌ ကျေးရွာမြစိမ်းရောင် စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကင်းအရှေ့ကျေးရွာ မြစိမ်းရောင် စီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာနေ ပြည်သူများ ပူးပေါင်း၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စက်တင်ဘာ ၉ ရက် က ကွင်းဆင်းကြည့်ရှုသည်။

မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကင်းအရှေ့ကျေးရွာ မြစိမ်းရောင် စီမံကိန်း အောင်မြင်နိုင်ရေးအတွက် ကျေးရွာ မြစိမ်းရောင်ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့် အစဉ်ထိတွေ့ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် တွင် မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် မြစိမ်းရောင်စီမံကိန်းကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ နေဝါ(မိုးကုတ်)

မကွေးတိုင်းဒေသကြီး

## ချောက်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးဆောင်ရွက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်မှ စလေအုပ်စုရှိ ရေဘေးသင့်ပြည်သူများထံသို့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးလုပ်ငန်းများကို စလေကျေးရွာ မဟာဘုရားပရိဝုဏ်တွင် စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်/ဆက်မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်းနှင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ စလေအုပ်စု ရေဘေးသင့်ပြည်သူများနှင့် ကျေးရွာနေပြည်သူ ၂၄၈ ဦးအား မိမိဌာနမှ ဆေးများဖြင့် ဆေးကုသခြင်းနှင့် လှူဒါန်းပေးပို့သော ဆေးသေတ္တာများ ဖြန့်ဝေပေးခြင်း၊ ကွင်းဆင်း စစ်ဆေးကုသခြင်းနှင့်အတူ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မအိ(ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ

# ဓာတုကင်းလွတ်သော စိုက်ပျိုးမှုအခြေခံသင်တန်းဖွင့်



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖွင့်လှစ်သည့် ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ထောက်ခံချက်(PGS)စနစ်ဖြင့် Myanmar Organic Agriculture Foundation သင်တန်းကို စက်တင်ဘာ ၈ ရက်မှ စ၍ ငါးရက်ကြာ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ရှိန် ခေါင်းဆောင်၍ နေပြည်တော်ကောင်စီမှ ဦးဝင်းဦး၊ ဦးကျော်ကျော်ဦးနှင့် ဦးချစ်ဆွေဦး၊ စိုက်ပျိုးရေးဝန်ထမ်း ၂၂ ဦးနှင့် ကျေးရွာ ၁၀ အုပ်စုမှ တောင်သူ ၂၀ တို့ တက်ရောက်ကြသည်။

သင်တန်း၏ ရည်ရွယ်ချက်မှာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အစုအဖွဲ့ ဖွဲ့စည်း၍ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ထောက်ခံချက်စနစ်ဖြင့် ဓာတုကင်းလွတ်သော စိုက်ပျိုးရေး အခြေခံ သင်တန်းအဖြစ် ဖွင့်လှစ်ပြီးနောက် အာရှဖွံ့ဖြိုးရေးဘဏ် အကူအညီရယူကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

---

ချင်းပြည်နယ်

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲဝင်ကြသည့်ကျောင်းသား ကျောင်းသူများအား ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးမြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

# ကျေးရွာသမဝါယမအသင်းများသို့ လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ သမဝါယမအသင်းများသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဝယ်ယူထောက်ပံ့ပေးသော လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ပွဲကို မုံရွာမြို့ ကျောက်ကာလမ်းရှိ မြို့နယ်သမဝါယမ အသင်းစုရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမ ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးက ကျေးရွာသမဝါယမအသင်းစုများသို့ လက်တွန်းထွန်စက်များ လွှဲပြောင်းပေးအပ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးတို့က ကသာ၊ မော်လိုက်၊ ခန္တီး၊ တမူးခရိုင်တို့မှ ကိုယ်စားလှယ်များကို လက်တွန်းထွန်စက်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

"လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနေချိန်မှာ ကျွန်တော်တို့တောင်သူတွေအနေနဲ့ လယ်ယာသုံးစက်ပစ္စည်းတွေဝယ်ယူဖို့အတွက် ငွေကြေးအခက်အခဲတွေဖြစ်နေချိန်မှာ အခုလိုလက်တွန်းထွန်စက်တွေဖြန့်ဝေပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"ဟု တွင်းအောက်တောင်း စိုက်ပျိုးထုတ်လုပ်ရေးအသင်းမှ အသင်းသား ဦးမောင်ပန်က ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ပံ့ငွေဖြင့် လွှဲပြောင်းပေးအပ်သော လက်တွန်း ထွန်စက်များကို ကသာခရိုင်အတွင်းရှိ ကသာ၊ ထီးချိုင့်၊ ကောလင်းမြို့နယ်များသို့ သုံးစီး၊ ကလေးခရိုင်အတွင်းရှိ ကလေးနှင့်ကလေးဝ မြို့နယ်များသို့ နှစ်စီး၊ တမူးခရိုင်အတွင်းရှိ တမူးမြို့နယ်သို့ တစ်စီး၊ မော်လိုက်ခရိုင်အတွင်းရှိ မော်လိုက်နှင့်ဖောင်းပြင်မြို့နယ်များသို့ နှစ်စီး၊ ခန္တီးခရိုင်အတွင်းရှိ ခန္တီး၊ ဟုမ္မလင်း မြို့နယ်များသို့ နှစ်စီး ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**


---

# မိသားစု တစ်နိုင်သုံး ရေသန့်စက်လေး လုပ်ကြည့်ရအောင်

သာမန်လွယ်လွယ်ကူကူနားလည်လွယ်အောင်ဆိုပြီး ရေသန့်စက်လို့ အမည်ပေးထားသော်လည်း လုပ်ငန်းစဉ်မှာ စက်ဆို၍ လုံးဝအသုံးပြုထားခြင်းမရှိပေ။ ရေနှင့် Potential Energy တစ်ခုတည်းကိုသာ အသုံးပြုပြီး လုပ်ထားသည့် နည်းစဉ်လေးတစ်ခုဖြစ်သည်။ လူတိုင်းလွယ်လွယ်ကူကူလုပ်၍ရပြီး ယခုအချိန်တွင် အသုံးတည့်မည့် ပစ္စည်းတစ်ခုဖြစ်သည်။ ဤနည်းစနစ်ကိုသုံးပြီး ရေကိုသန့်စင်ပါက ရေထဲမှာပါသည့် မလိုလားအပ်သော အဖျင်းအမှော် 0.01 micron ထိ ဖယ်ရှားသန့်စင်ပေးနိုင်သည်။ 1 micron ပမာဏသည် ဘောပင်ထိပ်၏ အပုံတစ်ရာပုံ ပုံလျှင် တစ်ပုံမျှရှိသော အဖျင်းအမှော်ကို ဖယ်ထုတ်ပေးနိုင်သည့် သဘောပင်ဖြစ်သည်။

လိုအပ်သောပစ္စည်းများမှာ အောက်ခြေ၌ အပေါက်ဖောက်ထားသော စဉ့်အိုးတစ်လုံး (ကားလေးသံဖြင့်ပြုလုပ်ထားသော စို့ဖြင့်ကျောက်ဆစ်သလိုဖြည်းဖြည်းချင်းဖောက်၍ရပါသည်။ အဝအကျယ်ငါးလက်မ သို့မဟုတ် ခြောက်လက်မထားကာ သုံးပေအရှည်ရှိသော P.V.C ပိုက်ပြတ်တစ်လုံးနှင့် အောက်ခြေမှ ပိတ်ရန် ကြွေပြားတစ်ချပ်၊ သဲ၊ ဘိလပ်သုံးပြီး ပိတ်နိုင်သည်။ အဝအကျယ် လက်မဝက် သို့မဟုတ် တစ်လက်မရှိပြီး အရှည်လေးပေရှိသော P.V.C ပိုက်ပြတ်တစ်ချောင်း၊ ကျောက်ခဲ၊ အရိုးမီးသွေး၊ သဲနှင့်ဆက်သွယ်ရန် ပိုက်ပျော့ သုံးပေခန့် လိုအပ်ပါသည်။

အဆိုပါပစ္စည်းများတွင် အရိုးမီးသွေးမှလွဲ၍ ကျန်ပစ္စည်းများကို အလွယ်တကူဝယ်ယူနိုင်ပါသည်။ ကုန်ကျစရိတ်မှာလည်း ကျပ် ၄၀၀၀ လောက်သာရှိပါသည်။ စဉ့်အိုးမှာလည်း အိမ်တိုင်းလိုလိုရှိသဖြင့် အခက်အခဲမရှိပါ။ အရိုးမီးသွေး သို့မဟုတ် Activated Carbon ခေါ် အစွမ်းထက်ကာဗွန်သည် အရည်တစ်ခုအတွင်းပါဝင်နေသော အရောင်နှင့် အနံ့ကို စုပ်ယူနိုင်သည့်စွမ်းအား ပြင်းထန်သဖြင့် အရောင်ချွတ်ရာတွင် အသုံးပြုနိုင်သကဲ့သို့ ဓာတ်ငွေ့ကာပစ္စည်းအဖြစ်လည်း အသုံးပြုနိုင်သည်။




အရိုးမီးသွေးထုတ်လုပ်သည့် နည်းစဉ်မှာလည်း မခက်ခဲပါ။ မည်သည့်အရိုးကိုမဆို နှစ်လက်မ၊ သုံးလက်မခန့်အရွယ် ရိုက်ချိုး၍ သုံးပြည်ဝင်မြေအိုးထဲသို့ထည့်ကာ သဲအခြောက်အပြည့်ဖုံးဖြည့်၍ အဖုံးပိတ်ပြီး ဆက်တိုက်သုံးနာရီခန့်မျှ အောက်မှ မီးဖြင့် တိုက်ပါက ရရှိနိုင်ပါသည်။ အရိုးသည် လတ်ဆတ်နေပါက အရိုး၌ တွယ်ကပ်နေသော အသားမျှင်နှင့် အရွတ်များကြောင့် အနံ့အနည်းငယ်ထွက်နိုင်ပါသည်။

သုံးနာရီခန့်ကြာလာသောအခါ အဖုံးဖွင့်ပြီး အပေါ်ဆုံးမှ အရိုးတစ်ခဲကို မီးညှပ်နှင့်ယူပြီး ကြည့်ပါက တစ်ခဲလုံးမည်းနေလျှင် အရိုးမီးသွေးပြုလုပ်ရန်အဆင့်သို့ ရောက်ပြီ ဖြစ်ပါသည်။ တူဖြင့် ထုကြည့်ပါက ကွဲ ကြေသွားသည်ကို တွေ့ရပါမည်။ ထိုသို့ဆိုပါက တစ်အိုးလုံးအရိုးမီးသွေးဖြစ်သွားပါပြီ။

ထိုသို့ပြုလုပ်ပြီးပါက မြေကြီးပေါ်သို့ သွန်ချပြီး အအေးခံပါ။ အေးပြီဆိုပါက တစ်လက်မ၏ လေးပုံတစ်ပုံခန့်မျှရအောင် ထုရိုက်ရပါမည်။ ထို့နောက် ဟိုက်ဒရိုကလိုရစ်အက်စစ် အရပ်အခေါ် ဆားငရဲမီးအရိုင်း တစ်ပုလင်းကို ရေတစ်ပုလင်း ရောစပ်ပြီး ၅၀ ရာခိုင်နှုန်း သတ်မှတ်သည့် အချိန်ရအောင် ပြုလုပ်ရပါမည်။

အထက်မှ ထုရိုက်ထားသော အရိုးမီးသွေးများကို စဉ့်ရည် သုတ်ထားသည့် အင်တုံထဲသို့ထည့်ပြီး အဆိုပါအရည်ကို အရိုးမီးသွေးများမြုပ်သည်ထိ လောင်းထည့်ရပါမည်။

ဤနေရာတွင်လည်း သတိပြုရမည့်အချက်မှာ Hydrofluolic Acid အငွေ့များ ထွက်လာမည်ဖြစ်သဖြင့် လူများမရှူရှိုက်မိစေရန် လဟာပြင်တွင် လုပ်ရပါမည်။ အခန်းပိတ်၍ မလုပ်ရပါ။

ထို့နောက်ဓာတ်ပြုမှုပြီးဆုံးသောအခါ အငွေ့ထွက်မှုလည်း ရပ်ဆိုင်းသွားပါမည်။ ထိုအခါမှ အဆိုပါ အရိုးမီးသွေးများကို ဆန်ခါခံသွန်ယူပြီး ရေအထပ်ထပ်ဆေးရပါမည်။ ထို့နောက် ရေကြည်ရေသန့်တွင် တစ်နာရီခန့် စိမ်ထားရပါမည်။ ဤတွင် အစွမ်းထက်ကာဗွန်ကို ရပြီးဖြစ်ပါသည်။

အသုံးပြုမည့် သဲနှင့် ကျောက်တို့ကိုလည်း ရေဖြင့်အနည်အနှစ်ကုန်သည်အထိ ဆေးရန်ဖြစ်ပြီး ကျောက်စရစ်ခဲသည် ထုံးဓာတ်ပါနိုင်သဖြင့် အခြားကျောက် (လမ်းခင်းကျောက်) သို့မဟုတ် အာလူးကျောက် လက်မဝက်ခန့်အရွယ်သုံးလျှင် ရပါသည်။

ထို့နောက် ပုံတွင်ပြထားသည့်အတိုင်း ကျောက်တစ်ထပ်၊ အရိုးမီးသွေးတစ်ထပ်၊ သဲတစ်ထပ်ထည့်ပြီး စဉ့်အိုးမှ ရေကို ဖွင့်၊ ပိတ်ခလုတ်မှဖွင့်ပြီး လွှတ်ပေးပါက ၉၅ ရာခိုင်နှုန်းသန့်စင်သော ရေကို ရနိုင်ပါသည်။

လက်တွေ့ပြုလုပ်၍ အခက်အခဲတွေ့ပါက ဖုန်း- ၀၉-၃၃၂၂၈၈၆၉၊ ၀၉-၂၅၂၄၉၈၂၅၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မှတ်ချက်**။ ။အရိုးမီးသွေးအစား အုန်းမာလာခွံ မီးသွေးကိုလည်း အထက်ပါအတိုင်း ပြုလုပ်၍ အသုံးပြုနိုင်ပါသည်။ အုန်းမာလာခွံမီးသွေးကို ပြုလုပ်ရာတွင် ဟိုက်ဒရိုကလိုရစ်အက်စစ်ဖြင့် ဓာတ်ပြုပေးရန်မလိုပါ။ သို့သော် အရိုးမီးသွေး၏ စွမ်းရည်အဆင့်ထက် အနည်းငယ်နိမ့်ကြောင်း တွေ့ရပါမည်။

**ကျော်ဇော(လှသိပ္ပံ၊ ရွှေဘို)**

# မြန်မာ့သစ်မွှေးဆီကို စီးပွားဖြစ်စတင်ထုတ်လုပ်နိုင်ပြီ

မြန်မာနိုင်ငံ၌ နှစ်ရှည်စီးပွားရေးလုပ်ငန်းရှင်များကြား ကာလတိုအတွင်း လူသိများလာပြီး တွင်ကျယ်စွာ အောင်မြင်ဖြစ်ထွန်းလာသည့် သစ်မွှေးပင်(သို့) အကျော်ပင်များမှ သစ်မွှေးဆီထုတ်လုပ်မှုကို ယခုအခါစီးပွားဖြစ်စတင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သစ်မွှေးလုပ်ငန်းရှင်များထံမှ သိရသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် အဖိုးအနဂ္ဃထိုက်တန်သည့် သစ်မွှေးကို ယခင်က ကချင်ပြည်နယ်တစ်ခုအတွင်း စိုက်ပျိုးဖြစ်ထွန်းထင်ရှားခဲ့ပြီး ၂၀၀၇ ခုနှစ်မှသာ မြန်မာနိုင်ငံမြေပြန့်အပါအဝင် နိုင်ငံတစ်ဝန်းလူသိများလာကာ နှစ်ရှည်စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ပိုမိုတွင်ကျယ်စွာ စိုက်ပျိုးလာကြပြီး သစ်မွှေးဖြစ်တည်မှုနှင့်အတူ သစ်မွှေးဆီထုတ်လုပ်မှုများပါ လုပ်ကိုင်ခဲ့ကြသော်လည်း အထိုက်အလျောက်သာ အောင်မြင်မှုရှိခဲ့သည်။ ယခုအခါ မြန်မာ့သစ်မွှေးဖြစ်တည်မှုမှ တစ်ဆင့် သစ်မွှေးဆီကို စီးပွားဖြစ်အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အရင်ကတည်းက သစ်မွှေးလုပ်ငန်းရှင်တွေအနေနဲ့ သစ်မွှေးဆီကို ထုတ်လုပ်ခဲ့တာပါ။ အထိုက်အလျောက်အောင်မြင်ခဲ့တယ်။ ဒါပေမယ့် အခုလိုတော့ စီးပွားဖြစ်မထုတ်လုပ်နိုင်ခဲ့ဘူး။ အခုဟာကတော့သစ်မွှေးဆီကို ဒဏ်ကြေလိမ်းဆေးအဖြစ်ပါ အောင်မြင်စွာ ထုတ်လုပ်နိုင်နေပါပြီ"ဟု ကိုအောင်ဇော်ရှိန် (ပွင့်ဦးသစ်မွှေးလုပ်ငန်းရှင်) က ပြောသည်။

သစ်မွှေးပင်မှ သစ်မွှေးဆီထုတ်လုပ်မှုကို ယခင်ကပင် လုပ်ငန်းရှင်များအကြား ကြိုကြားကြိုကြား လုပ်ကိုင်ခဲ့သော်လည်း အထိုက်အလျောက်သာအောင်မြင်မှုရှိခဲ့သည်။ သစ်မွှေးဆီထုတ်လုပ်မှုတွင် သစ်မွှေးဖြစ်လာသည့် သစ်မွှေးစကို သေးငယ်သောအစဖြစ်အောင် စက်ဖြင့်ပြုလုပ်ပြီး ရေဖြင့် ၁၅ ရက်ခန့် ပေါင်းအိုးနှင့် စိမ်ကာမျှတသည့်မီးအရှိန်နှင့်ကျိုချက်ပေးပါက သစ်မွှေးဆီကိုရရှိနိုင်သည်။ သစ်မွှေးဆီ ရရှိမှုအရည်အသွေးသည် သစ်မွှေးဖြစ်တည်သည့်ပေါ်၌ မူတည်ပြီး ရရှိမည်ဖြစ်သည်။ သစ်မွှေးဆီကို ယခုအခါဒဏ်ကြေလိမ်းဆေးအသွင်ဖြင့် မြန်မာနိုင်ငံ၌ စီးပွားဖြစ်စတင်ထုတ်လုပ်နေပြီဖြစ်သည်။ သစ်မွှေးစ တစ်ကီလိုဂရမ်မှ သစ်မွှေးဆီ နှစ်စီစီကို ထုတ်လုပ်ရရှိနိုင်သည်။

ယနေ့ ကမ္ဘာ့သစ်မွှေးဆီ ပေါက်ဈေးတွင် တစ်စီစီကို ငွေကျပ် ၂၅၀၀၀ ဝန်းကျင်ပေါက်ဈေးဖြင့် ဝယ်ယူလျက်ရှိသည်။ ငါးနှစ်သားခြောက်နှစ်သား သစ်မွှေးပင်မှ လေးတိုလာ၊ ငါးတိုလာထွက်ရှိနိုင်သဖြင့် သစ်မွှေးတစ်ပင်မှ ငွေကျပ် ၁၀ သိန်းဝန်းကျင်ရရှိကြောင်း သစ်မွှေးလုပ်ငန်းရှင်များထံမှ သိရသည်။ တစ် တိုလာမှာ ၁၂ စီစီ ရှိသဖြင့် သစ်မွှေးဖြစ်တည်မှုအပေါ် မူတည်ကာ နှစ်သိန်းခွဲ၊ သုံးသိန်းခန့် ရရှိမည်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခုအခါ သစ်မွှေးပင်ကို နှစ်ရှည်စီးပွားရေးအသွင်တစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်း တရားဝင်လိုင်စင်များ ပြုလုပ်ကာ စိုက်ပျိုးလျက်ရှိသည်မှာ ယခုအခါ အပင်ပေါင်း ၂၅သိန်းကျော် အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

မောင်စိန်လွင်(မြန်မာ့အလင်း) ➤ ဓာတ်ပုံ-မင်းထက်



သစ်မွှေးစမှ သစ်မွှေးဆီ ထုတ်လုပ်နေစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)

# ဟိုမိန်းမြို့ပေါ်၌ သံကူကွန်ကရစ်တံတားများတည်ဆောက်

**ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ပြည်နယ်ရန်ပုံငွေကျပ် ၄၆၉ ဒသမ ၀၂ သန်းဖြင့် ဟိုမိန်းမြို့ အမှတ် (၃)ရပ်ကွက် မိန်းမိုင်နှင့် ပန်သပြေရပ်ကွက်များရှိ မူလသစ်သားတံတားလေးစင်းအား ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ခြင်းကို ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(စိုက်ဖေ့ကုမ္ပဏီ)အနေဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**



အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မိန်းမိုင်အမှတ် (၁) ၃၅ ပေ ကွန်ကရစ်တံတား၊ မိန်းမိုင် အမှတ် (၂) ၃၂ ပေ ကွန်ကရစ်တံတား၊ ပန်သပြေအမှတ် (၁) ပေ ၃၀ ကွန်ကရစ်တံတား၊ ပန်သပြေအမှတ် (၂) ၂၆ပေ ကွန်ကရစ်တံတား စုစုပေါင်း တံတားလေးစင်းကို သံကူကွန်ကရစ်တံတားများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ လုပ်ငန်းများ အရည်အသွေးပြည့်မီရေးအတွက် မြို့အုပ်ချုပ်ရေးမှူးဦးကျော်ဇေယျာဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းအတိုင်းလုပ်ငန်းများဆောင်ရွက်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနိုင်ရေးတို့ကို စက်တင်ဘာ ၉ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ

# ဟိုပုံးမြို့၌ ဘိန်းအစားထိုး ပျိုးပင်များ ပေးအပ်

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ဘိန်းစိုက်ပျိုးမှုကြောင့် သစ်တောပြုန်းတီးခဲ့ရာ သဘာဝဘေးဒဏ်များကျရောက်မှုမရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ဘိန်းအစားထိုးပျိုးပင်နှင့် အရိပ်ရလေကာပင်များပေးအပ်ခြင်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက ဘိန်းအစားထိုးပျိုးပင်ပေးအပ်ရာ ဒုံလိတန်ကျေးရွာမှ ဒေသခံဦးလှအောင်ကလည်းကောင်း၊ မြို့နယ်ရဲမှူး မောင်မောင်ဝင်းက ပျိုးပင်များပေးအပ်ရာ ထီတန်းလိတ်ကျေးရွာဒေသခံ ဦးခွန်သန်းထွန်းကလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနတာအုပ်ဦးစိုင်းမောင်သန်းက ပျိုးပင်များပေးအပ်ရာ လိုင်းကလကျေးရွာဒေသခံ ဦးခွန်လွန်းဖေကလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမင်းသန်းက ပုလဲသွယ်စပ်မျိုးစပါးပေးအပ်ရာ ဝမ်းစောက်ကျေးရွာဒေသခံ ခွန်အောင်ဇော်ထွန်းကလည်းကောင်း လက်ခံယူကြသည်။

အဆိုပါ ဘိန်းအစားထိုးပျိုးပင်များဖြစ်သည့် ထောပတ်ပင်၊ ရေသင်းဝင်ပင်၊ စိန်ပန်းပြာ၊ အော်ရီးရှား၊ ရှောက်ပင်၊ သံပရာပင်၊ ထင်းရှူးပင်တို့ကို နောင်လိုင်မူဖိတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းခမ်းဦး(ဟိုပုံး)**

စစ်ကိုင်းတိုင်းဒေသကြီး

# ကြွေးကျန်တောင်သူများကြောင့် မိုးစပါးချေးငွေ ရာနှုန်းပြည့်ထုတ်ချေးရန် နှောင့်နှေးကြန့်ကြာ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးမည့်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးလျက်ရှိရာ စက်တင်ဘာ ၇ ရက်အထိ ၉၀ ဒသမ ၄၇ ရာခိုင်နှုန်းထုတ်ချေးပေးပြီး ဖြစ်သည်။ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု ၆၃ အုပ်စုအတွက် ငွေကျပ် ၉၁၄၇၄ ဒသမ ၂၀ သိန်းချေးရန်လျာထားရာ ကျေးရွာအုပ်စု ၅၇ အုပ်စု၊ တောင်သူ ၁၅၃၁၀ ကို ချေးငွေကျပ် ၇၅၃၄၁ သိန်းကို အစုအဖွဲ့အလိုက် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

ယနေ့ထိထုတ်ချေးရန် ကျန်ရှိနေသေးသောကျေးရွာအုပ်စုများမှ တောင်သူများမှာ ၂၀၁၃-၂၀၁၄ နှင့် ၂၀၁၄-၂၀၁၅ မိုးသီးနှံ၊ ဆောင်းသီးနှံ ချေးငွေများပေးဆပ်ရန် ကျန်ရှိနေသဖြင့် ဘဏ်ချေးငွေ စည်းမျဉ်း၊ စည်းကမ်းများနှင့် မညီညွတ်၍ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ရာနှုန်းပြည့်ထုတ်ချေးရန် နှောင့်နှေးကြန့်ကြာနေရကြောင်း၊ ချေးငွေပေးဆပ်ရန်ကျန်သော ကျေးရွာများအနက် ကံသစ်ကျေးရွာကို ချေးငွေများပြေကျေပြီး အစုအဖွဲ့များအား မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို စက်တင်ဘာ ၁၁ ရက်တွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခင်ဦးမြို့နယ်ဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်အေးအေးခိုင်က ပြောသည်။

**ခင်ဦးစိုးဝေ**

အပြောင်းအရွှေ့ရာသီက ပိတ်သွားခဲ့ပြီ။ မန်ယူအသင်းက ခေါ်ယူဖို့ကြိုးစားခဲ့တဲ့ ပက်ဒရိုလည်း ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့သွားခဲ့ပြီ။ ဒါပေမယ့် ဒီနှစ် အပြောင်းအရွှေ့ရာသီမှာ အားလုံးအာရုံစိုက်မိသွားတာကတော့ မန်ယူအသင်းကနေ အသက် ၁၉ နှစ်အရွယ် လူငယ်ကစားသမား အန်ထော်နီမာရှယ်ကို ပေါင် ၃၆ သန်းအသုံးပြုပြီး ခေါ်ယူလိုက်ခြင်းဖြစ်ပါတယ်။ အဲ့ဒီအသင်းနဲ့အတူ နောက်ဆက်တွဲစိတ်ဝင်စားလာကြတာက ဥရောပမှာ ဒီလိုလူငယ် ပါရမီရှင်ကစားသမားတွေ ရှိနေသေးလားဆိုတာပါပဲ။ ဒါကြောင့် လက်ရှိဥရောပကလပ်အသင်းတွေထဲက အလားအလာရှိပြီး ပါရမီရှင်လို့ ပြောလို့ရတဲ့ အသက်၂၂ အောက် လူငယ်ကစားသမား ငါးဦးကိုဖော်ပြလိုက်ပါတယ်။



# စောင့်ကြည့်ရမယ့် ဥရောပရဲ့ ရှက်ပုန်းသီးများ

အောင်ကာ

## ဟာကန်ကယ်ဟာနိုဂူ(လေဗာကူဆင်)

ကယ်ဟာနိုဂူဟာ အခြားကစားသမားတွေလိုတော့ ထိပ်တန်းအသင်းကြီးတွေကနေ တစ်ရှိန်ထိုးနာမည်ကြီးလာသူတော့ မဟုတ်ပါဘူး။ သူဟာ ဘွန်ဒက်စ်လီဂါရဲ့ တတိယအဆင့်မှာရှိတဲ့ ကာရူဟာအသင်းရဲ့ လူငယ်အကယ်ဒမီကနေတက်လာခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ကာရူဟာအသင်းမှာကစားခဲ့တဲ့ ၂၀၁၂-၁၃ ရာသီမှာတော့ ၃၆ ပွဲကစားပြီး ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း သူ့ကို ဟမ်းဘတ်အသင်းက မျက်စိကျပြီး နှစ်နှစ်စာချုပ်နဲ့ ခေါ်ယူခြင်းခံလိုက်ရပါတယ်။ အဲ့ဒီနောက်ပိုင်း ကယ်ဟာနိုဂူဟာ ဟမ်းဘတ်အသင်းမှာ ၃၂ ပွဲပါဝင်ကစားပြီး ၁၁ ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် လေဗာကူဆင်အသင်းက ၂၀၁၄ ခုနှစ်မှာ ယူရို ၁၄ ဒသမ ၅သန်းနဲ့ ခေါ်ယူခြင်းခံလိုက်ရပါတယ်။ ကယ်ဟာနိုဂူရဲ့ ပြီးခဲ့တဲ့ ဘွန်ဒက်စ်လီဂါပွဲတွေကိုကြည့်မယ်ဆိုရင် ပျမ်းမျှအားဖြင့် သုံးပွဲမှာ တစ်ဂိုးသွင်းယူနိုင်တဲ့ ကစားသမားတစ်ဦးအဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့ရာသီက အသင်းမှာ ဂိုးရရှိဖို့အတွက် ၁၁ ကြိမ်တိုင် ပံ့ပိုးပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ သူ့ဟာ ဂိုးရရှိအောင်ဖန်တီးပေးနိုင်သလို အဆုံးသတ်ပိုင်းလည်း သေချာမှုရှိပြီး ဥရောပရဲ့ အကောင်းဆုံး ဖရီးကစ်ကန်သူအဖြစ် သတ်မှတ်ခြင်းခံထားရသူလည်းဖြစ်ပါတယ်။ မန်ယူအသင်းဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့ရာသီမပိတ်ခင်က ပေါင်၂၆ ဒသမ ၄ သန်းနဲ့ ကမ်းလှမ်းမှုများရှိခဲ့တဲ့သူဖြစ်တာကြောင့် သူဟာ လေဗာကူဆင်အသင်းမှာ တာရှည်စွာဆက်လက်ရှိနေနိုင်မယ့် ကစားသမားတစ်ဦးမဟုတ်ဘူးလို့တော့ ဆိုနိုင်ပါတယ်။

## အေမာရစ်လာပေါ်တီ(ဘီလ်ဘာအို)



ဘီလ်ဘာအိုအသင်းရဲ့ ခံစစ်မှူးလေးဖြစ်တဲ့ လာပေါ်တီကတော့ ကမ္ဘာကျော်အေးဂျင့်ကြီးဖြစ်တဲ့ ဂျော့မန်ဒက်စ်ရဲ့ ကစားသမားလေးဖြစ်ပါတယ်။ အသက် ၂၁ သာရှိနေသေးတဲ့ လာပေါ်တီဟာ အေးဂျင့်ဂျော့မန်ဒက်စ်အတွက် စျေးခေါ်လို့ကောင်းတဲ့ ကစားသမားတစ်ဦးအဖြစ်လည်း ရှိနေပါတယ်။ သူဟာ အသက်၂၁ နှစ်သာရှိနေသေးပေမယ့် သူ့ရဲ့ထက်မြက်ကောင်းမွန်လှတဲ့ ခြေစွမ်းတွေကြောင့် ဘီလ်ဘာအိုအသင်းရဲ့ လူငယ်ကစားသမားတွေထဲမှာတော့ ပြောင်းရွှေ့ကြေးမြင့်မားတဲ့ ကစားသမားတစ်ဦးအဖြစ် ရှိနေပါတယ်။ လာပေါ်တီရဲ့ လက်ရှိဘီလ်ဘာအိုအသင်းရဲ့ စာချုပ်ထဲမှာ ထည့်သွင်းချုပ်ဆိုထားတဲ့ ပြောင်းရွှေ့ကြေးကတော့ ပေါင် ၃၆ ဒသမ ၅သန်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ လာပေါ်တီကို ဥရောပရဲ့ ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီးနဲ့ ရီးရဲမက်ဒရစ်အသင်းတို့က စိတ်ဝင်စားနေတာကြောင့် ဘီလ်ဘာအိုကသင်းကတော့ စာချုပ်သစ်ထပ်မံချုပ်ဆိုနိုင်ဖို့ကို ကြိုးစားနေပါတယ်။ မန်ယူအသင်းအနေနဲ့ကတော့ လာပေါ်တီကို အသင်းကနေထွက်ခွာသွားခဲ့တဲ့ ဗီဒစ်ရဲ့နေရာမှာ အကောင်းဆုံး အစားထိုးနိုင်လိမ့်မယ်လို့ ယုံကြည်မှုရှိနေတဲ့အတွက် ခေါ်ယူဖို့ကြိုးစားနေတာလည်း ဖြစ်ပါတယ်။

## မူရိုအစ်ကာဒီ(အင်တာမီလန်)



အင်တာမီလန်အသင်းရဲ့ တိုက်စစ်မှူးအစ်ကာဒီဆိုရင် စီးရီးအေပရိသတ်တွေကတော့ ကောင်းကောင်းသိပါတယ်။ အစ်ကာဒီဟာ ကွင်းထဲမှာ ခြေစွမ်းတွေကြောင့် လူတိုင်းချီးမွမ်းစရာဖြစ်ပေမယ့် ကွင်းပြင်ကလုပ်ရပ်တွေကိုတော့ လူတိုင်းက ကဲ့ရဲ့မှုတွေတော့ရှိခဲ့ပါတယ်။ သူငယ်ချင်းရဲ့ မိန်းမဟောင်းကိုယူတဲ့သူအဖြစ် နာမည်ကြီးသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရာသီ အစ်ကာဒီရဲ့ အင်တာမီလန်အသင်းအတွက် စွမ်းဆောင်မှုတွေကတော့ လူတိုင်းကို အားသင့်စေခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီဟာ အင်တာမီလန်အသင်းအတွက်တော့ အခက်အခဲတွေနဲ့ ရုန်းကန်နေခဲ့ရပေမယ့် အစ်ကာဒီကတော့ ၅၈ ပွဲမှာ ၃၂ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အစ်ကာဒီကို ချယ်လ်ဆီး၊ မန်ယူနဲ့ မန်စီးတီးအသင်းတို့က စိတ်ဝင်စားစွာနဲ့ စောင့်ကြည့်နေကြတာလည်း ဖြစ်ပါတယ်။

## နာဘီဖာကီ(လိုင်ယွန်)



အသက်၂၂ နှစ်ရှိပြီဖြစ်တဲ့ လိုင်ယွန်တိုက်စစ်မှူး နာဘီဖာကီဟာ လက်ရှိအချိန်မှာ လိုင်ယွန်အသင်းအတွက်တော့ အားထားစရာကစားသမားတစ်ဦးဖြစ်သလို ငွေထုပ်ကြီးလည်းဖြစ်ပါတယ်။ ဘင်ဇီမာ၊ အက်ဆီယန်နဲ့ ပီဂျာနစ်တို့ကို ငယ်ရွယ်စဉ်ကတည်းက စျေးကောင်းကောင်းနဲ့ ရောင်းထုတ်ခဲ့တဲ့ လိုင်ယွန်အသင်းအတွက်တော့ ဖာကီဟာ နောက်ထပ်ငွေကြေးအမြောက်အမြားနဲ့ ထပ်မံ ရောင်းချလို့ရနိုင်တဲ့ အသင်းရဲ့မျိုးဆက်သစ်ကစားသမားတစ်ဦးလို့ ဆိုရမှာပါ။ သူဟာ ပြီးခဲ့တဲ့ရာသီက ၁၃ ဂိုးသွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် ကိုးကြိမ်တိုင် ကူညီပေးထားနိုင်တာကြောင့် သူ့ရဲ့ခြေစွမ်းကို ဥရောပအသင်းတော်တော်များများက သတိထားမိနေပါပြီ။ သူဟာ တိုက်စစ်ကစားသမားတစ်ဦးဖြစ်ပေမယ့် ကွင်းလယ်တိုက်စစ်ပိုင်းကို အားသန်တဲ့သူလို့ ပြောရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ သူ့ရဲ့ခြေစွမ်းကို ပရီမီယာလိဂ်ထိပ်တန်းအသင်းတွေကလည်း စောင့်ကြည့်နေတာကြောင့် လာမယ့်အပြောင်းအရွှေ့ရာသီတွေမှာတော့ လိုင်ယွန်အသင်းမှာ ဆက်လက်ရှိနေဖို့ကတော့ ခက်ခဲနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။

## ဟိုဆေးလူးဝစ်ဂါယာ(ဗလင်စီယာ)



အသက်၂၀ သာရှိနေသေးတဲ့ ခံစစ်မှူးလူးဝစ်ဂါယာဟာ ဗလင်စီယာအသင်းရဲ့အလားအလာအရှိဆုံး လူငယ်ကစားသမားခံစစ်မှူးတစ်ဦးလို့ ပြောရမှာပါ။ ဒါဟာ ဗလင်စီယာအသင်းအတွက်တော့ မာတာ၊ ဒေးဗစ်ဆေးလ်ဗားတို့နောက်ပိုင်း ထပ်မံထွက်ပေါ်လာခဲ့တဲ့ လူငယ်ပါရမီရှင်ကစားသမားတစ်ဦးလို့ ပြောရမှာဖြစ်ပါတယ်။ လူးဝစ်ဂါယာဟာ ဘာစီလိုနာအသင်းကိုထွက်ခွာသွားခဲ့တဲ့ ဂျိုဒီအယ်လ်ဘာ၊ ဘိုင်ယန်မြူးနစ်အသင်းကို ထွက်ခွာသွားခဲ့တဲ့ ဟွမ်ဘာနက်တို့နဲ့အတူ ဗလင်စီယာအသင်းမှာ ကစားခဲ့တဲ့သူလည်းဖြစ်ပါတယ်။ ဂါယာဟာ ခံစစ်ပိုင်းမှာသာမက တိုက်စစ်ပိုင်းကိုလည်း အကောင်းဆုံးအားဖြည့်ပေးနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ နွေရာသီဈေးကွက်မှာ အာဆင်နယ်အသင်းက ပေါင် ၁၅ သန်းနဲ့ ကမ်းလှမ်းခဲ့ပေမယ့် ဗလင်စီယာအသင်းက ငြင်းဆိုခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဂါယာကို ချယ်လ်ဆီး၊ မန်စီးတီးနဲ့ ရီးရဲမက်ဒရစ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် ဗလင်စီယာအသင်းကတော့ ၂၀၂၀ အထိ စာချုပ်သစ်ထပ်မံချုပ်ဆိုထားပါတယ်။ စာချုပ်ထဲမှာ ထည့်သွင်းချုပ်ဆိုထားတဲ့ ပြောင်းရွှေ့ကြေးကတော့ ယူရိုသန်း ၅၀ ဖြစ်ပါတယ်။ ဒါပေမယ့် ဂါယာဟာ အနာဂတ်မှာတော့ ဥရောပရဲ့ထိပ်တန်းအသင်းကြီးတွေမှာ တွေ့မြင်ရဖို့ရှိနိုင်တဲ့ ကစားသမားတစ်ဦးလို့ ဆိုရမှာပါ။

>> ရှေ့ဖုံးမှ

ဒါပေမယ့် တချို့သော ကျွမ်းကျင်သူတွေကတော့ မာရှယ်နဲ့ အဲဒီပြောင်းရွှေ့ကြေးထိုက်တန်မှုရှိမရှိဆိုတာ လတ်တလောဆုံးဖြတ်ဖို့ခက်တယ်လို့ အကောက်အယူလုပ်ကြတယ်။ အရှင်းဆုံးပြောရရင် ဘောလုံးသမားတစ်ဦးနဲ့ ပြောင်းရွှေ့ကြေးတစ်ရပ်ထိုက်တန်မှုရှိမရှိဆိုတာ အချိန်ကာလတစ်ခုလိုကို လိုတယ်။ အဲဒီကစားသမားပြသတဲ့ ခြေရည်ခြေသွေးပမာဏကိုကြည့်ပြီးမှ ထိုက်တန်မှုတစ်ခုဆိုတဲ့ထုထည်ကို အဖြေထုတ်နိုင်မှာဆိုတော့ မာရှယ်ဟာ အဲဒီပြောင်းရွှေ့ကြေးနဲ့ မာရှယ်ထိုက်တန်မှုရှိမရှိဆိုတာ လတ်တလောမှာစဉ်းစား အဖြေထုတ်စရာ ပုစ္ဆာတစ်ပုဒ်မဟုတ်ဘဲ တကယ်က မာရှယ်ကိုခေါ်ယူခဲ့တဲ့ မန်ယူရဲ့လုပ်ကွက် မှန်ကန်မှုရှိမရှိဆိုတာကိုသာ လတ်တလောမှာ စဉ်းစား အဖြေရှာဖို့လိုတယ်လို့ ကောက်ချက်ဆွဲကြတယ်။

ပြောမယ်ဆိုရင်ပေ့ါ။ မာရှယ်ဟာ အလားအလာရှိတဲ့လူငယ်ကစားသမားတစ်ဦးဆိုတာတော့ မှန်တယ်။ ပြင်သစ်မှာဆိုရင် သူ့ကိုအွန်နရီလက်သစ်လို့တောင် ချီးကျူးကြတယ်။ ဒါပေမယ့် မာရှယ်ဟာ အခုမှ အသက် ၁၉ နှစ်သာ ရှိသေးတယ်။ အဲဒါနဲ့အမျှ အတွေ့အကြုံပိုင်းကစပြီး သူ့မှာ လိုအပ်ချက်တွေရှိနေသေးတယ်လို့ အားလုံးက အကောက်အယူလုပ်ကြတယ်။ ပြင်သစ်ရဲ့နာမည်ကြီး အားကစားကလောင်ရှင် အော့စီလာကဆိုရင် မာရှယ်ဟာ အရည်အသွေးရှိသော်ငြား တိုးတက်မှုဘယ်လောက်ရှိမလဲဆိုတာ မသိနိုင်ဘူးလို့တောင် ထောက်ပြဝေဖန်တယ်။ အော့စီလာက "သူ့ကို ပြင်သစ်မှာတော့ အွန်နရီလက်သစ်လို့ချီးကျူးကြတယ်။ သူဟာ အွန်နရီလိုတော့ အရပ်မမြင့်ဘူး။ ဒါပေမယ့် သူ့ရဲ့လျင်မြန်မှုကတော့ လျှပ်စီးလိုပဲ။ သူဟာ နည်းဗျူဟာပိုင်း ပိုင်နိုင်သလို ဘောလုံးပညာပြည့်ဝသူလည်းဖြစ်တယ်။ ပြီးတော့ သူဟာ အဆုံးသတ်ပိုင်းသေချာတယ်။ ဒါပေမယ့် သူဟာ အခုအချိန်မှာတော့ အလားအလာရှိတဲ့ လူငယ်ကစားသမားတစ်ဦးသာဖြစ်ပြီး သူ့အနေနဲ့ ဘယ်လောက်အထိ တိုးတက်မှုတွေရှိလာမလဲဆိုတာ မသိနိုင်သေးဘူး"လို့ ကောက်ချက်ဆွဲပြခဲ့တာဖြစ်တယ်။

ပြောမယ်ဆိုရင် မန်ယူရဲ့လိုအပ်မှုဟာ လတ်တလောသဘောဆောင်တယ်။ အခုပရီမီယာလိဂ်က ပွဲစဉ်(၄)ပြီးပြီ။ အဲဒီမှာ မန်ယူကနှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ကစားထားနိုင်လို့ ရလဒ်ပိုင်းအရ မဆိုးဘူးလို့ ဆိုနိုင်သော်ငြား အဲဒီမှာ မန်ယူတိုက်စစ်ဟာ တစ်ဂိုးထက်ပိုသွင်းနိုင်တဲ့ပွဲမရှိဘူး။ စပါးကို ၁-၀၊ ဗီလာကို ၁-၀ နဲ့နိုင်ပြီး ကာဆယ်နဲ့ ဂိုးမရှိသရေ၊ ဆွမ်ဆီးကိုကျတော့ ၂-၁ နဲ့ ရှုံး၊ လေးပွဲမှာ သုံးဂိုး။ ဂိုးမရတာတစ်ပွဲဆိုတော့ မန်ယူတိုက်စစ်ရဲ့ လိုအပ်ချက်က ထင်ထင်ရှားရှားရှိသလို အဲဒါဟာ မဖြည့်မဖြစ် ဖြည့်ကိုဖြည့်သင့်တဲ့ အရာဆိုတာ မြင်သာလွန်းတယ်။

အရှင်းဆုံးပြောရရင်တော့ မန်ယူရဲ့ တိုက်စစ်လိုအပ်ချက်ဟာ ကာဗာနီ၊ မိုဗစ်၊ ဘင်ဇီမာ၊ လီဝမ်ဒေါစကီး၊ ကားလို့စ်ဘာကာ၊ ဂျက်ဆန်မာတီနက်တို့လို အသင့်သုံးတိုက်စစ်မှူးမျိုးတွေနဲ့မှ အံဝင်ခွင်ကျရှိမယ်လို့ ဆိုကြတယ်။ ဘာကြောင့်လဲဆိုရင် လက်ရှိမန်ယူတိုက်စစ်မှာက ရွှန်းနေနဲ့ ဂျိမ်းဝီလ်ဆင်တို့ နှစ်ဦးပဲရှိတယ်။ အဲဒီမှာ ဂျိမ်းဝီလ်ဆင်က လူငယ်တိုက်စစ်မှူး။ သူ့ကို တိုက်စစ်တာဝန်တစ်ခုလုံးပုံအပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ သူ့မှာ လိုအပ်ချက်များစွာရှိတယ်။ ရွှန်းနေကျတော့ ဝါရင့်တိုက်စစ်မှူးတစ်ဦးဖြစ်သော်ငြား သူဟာလတ်တလောအဆုံးသတ်ပိုင်းမသေချာဘူး။ အထူးသဖြင့် ရွှန်းနေဟာ မန်ယူကို ရောက်ခဲ့ပြီးနောက်မှာ ဗဟိုတိုက်စစ်မှူးစစ်စစ်အဖြစ် ကစားရတာနည်းပြီး နောက်ချန်တိုက်စစ်မှူးအဖြစ် ကွင်းလယ်နဲ့ တိုက်စစ်ကိုချိတ်ပေးရသူအဖြစ် ကစားခဲ့ရတာများတယ်။ အရှင်းဆုံးပြောရရင် ရွှန်းနေဟာ ဗဟိုတိုက်စစ်မှူးစစ်စစ်အဖြစ် ကစားနိုင်တဲ့အရည်အသွေးတွေပျောက်ဆုံးနေပြီး နယူးကာဆယ်နဲ့ပွဲမှာဆိုရင် ရွှန်းနေဟာ တစ်ချိန်လုံးခြေစွမ်းပျောက်ခဲ့ပြီး ဟာနန်ဒက်ဇ်ဝင်လာပြီးနောက် နောက်ချန်တိုက်စစ်မှူးအဖြစ် ကစားရမှသာ ခြေစွမ်းပြနိုင်ခဲ့တာက သက်သေဖြစ်တယ်။

ဒီတော့ တိတိကျကျပြောရရင် မန်ယူအနေနဲ့ အသင်းမှာ ချက်ချင်းအသားကျ အစွမ်းပြနိုင်ပြီး တိုက်စစ်ကို ဦးဆောင်မှုပေးနိုင်ကာ အဆုံးသတ်လည်း သေချာတဲ့အသင့်သုံးအဆင့်မီ တိုက်စစ်မှူးကောင်းတစ်ဦး ဖြည့်ဖို့လိုချိန်မျိုးမှာ မန်ယူက မာရှယ်လိုကစားသမားကို ခေါ်ခဲ့တာဆိုတော့ အရဲကိုးလွန်းတဲ့ အပြောင်းအရွှေ့တစ်ခုလို သတ်မှတ်ကုန်ကြတယ်။ ပြောချင်တာက မာရှယ်ကို အရည်အသွေးမရှိဘူးဆိုတဲ့သဘောမဟုတ်ဘူး။ ဒါပေမယ့် သူဟာ အလားအလာကောင်းတွေရှိသော်ငြား အော့စီလာပြောသလို သူဘယ်လောက်တိုးတက်လာမလဲဆိုတာ မသိနိုင်ဘူး။ သူဟာ ရင့်ကျက်လာချိန်မှာ တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်လာနိုင်သော်ငြား လတ်တလောမှာ သူဟာ အလားအလာရှိတယ်ဆိုတာထက် မပိုဘူး။ အရှင်းဆုံးပြောရရင် သူဟာ တိုက်စစ်တစ်ခုလုံးကို ဦးဆောင်နိုင်ဖို့ လိုအပ်ချက်တွေရှိနေသေးသလို မိုနာကိုမှာ ၆၈ ပွဲကစားတာတောင် ၁၅ ဂိုးသာသွင်းနိုင်ခဲ့မှုအရ။ အရှင်းဆုံးပြောမယ်။ မန်ယူလိုအပ်တာက အသင့်သုံးအဆင့်မီ တိုက်စစ်မှူး၊ မာရှယ်က အနာဂတ်ကောင်းရှိသော်ငြား လက်ရှိမှာအဆင့်တစ်ခုလိုသေးသူဆိုတော့ မန်ယူရဲ့လုပ်ကွက် မှန်ကန်မှုရှိရဲ့လားဆိုတာ. . . . .။

>> စာ-၂ မှ

အဲဒီလို အခြေအနေမှာ ဒီဘရူနီသာ ခြေစွမ်းပြနိုင်ခဲ့ရင် မန်စီးတီးတိုက်စစ်က ပိုမိုထက်မြက်လာဖို့သာရှိသလို ခံစစ်စွမ်းဆောင်ရည်ကလည်းကောင်းနေပြီး ပေးဂိုးမရှိသေးဘူး။ ပြီးတော့ မန်စီးတီးခံစစ်က အော့တာမန်ဒီ ရောက်လာလို့လည်း အရန်အင်အားကအစ ပိုပြီးတောင့်တင်းခိုင်မာသွားတယ်။

ဒါကြောင့် မန်စီးတီးအနေနဲ့ အဆိုပါတည်ငြိမ်မှုကိုသာ ဆက်ထိန်းသွားနိုင်ရင် လိုအပ်ချက်ကိုယ်စီရှိနေတဲ့ ချယ်လ်ဆီး၊ မန်ယူ၊ အာဆင်နယ်တို့အနေနဲ့ မန်စီးတီးကို ကျော်ဖြတ်အောင်ပွဲခံနိုင်ဖို့က သိပ်ခက်သွားနိုင်မယ်လို့သာ ဆိုချင်မိပါတယ်။

**လင်းဆက်**

မြန်မာ့အလင်း
၁၁-၉-၂၀၁၅ (သောကြာနေ့)



# ဥရောပ၏ တန်ဖိုးအရှိဆုံး ခေါ်ယူမှုအဖြစ် ဆန်းချက်ဇ်သတ်မှတ်ခံရ

၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီ၏ အပြောင်းအရွှေ့ဈေးကွက်များအတွင်း ဥရောပကလပ်များ၏ ကစားသမား ခေါ်ယူမှုများအပေါ် Soccerex Transfer Review အဖွဲ့က လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီးနောက် အာဆင်နယ်အသင်းက ဘာစီလိုနာအသင်းထံမှ တောင်ပံတိုက်စစ်ကစားသမား အလက်ဇီဆန်းချက်ဇ်ကို ခေါ်ယူခဲ့ခြင်းသည် ဥရောပဘောလုံးလောက၏ တန်ဖိုးအရှိဆုံး ကစားသမားခေါ်ယူမှုအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ချီလီကစားသမားဆန်းချက်ဇ်သည် ဘာစီလိုနာမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး နှစ်ရှည်စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။ ဆန်းချက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၅၂ ပွဲ ပါဝင်ကစားပေးခဲ့ကာ ၂၅ ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး အသင်းဖော်များ ဂိုးသွင်းယူနိုင်ရန် ၁၂ ကြိမ် ဖန်တီးပေးနိုင်ခဲ့သူဖြစ်သည်။ ၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီမစတင်မီ နွေရာသီဈေးကွက်ကာလအတွင်း မန်ယူအသင်းက ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၅၉ ဒသမ ၇ သန်းဖြင့် ရီးရဲမက်ဒရစ်အသင်းထံမှ တောင်ပံတိုက်စစ်ကစားသမား အိန်ဂျယ်ဒီမာရီယာအား ခေါ်ယူခဲ့ခြင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ၏ စိတ်ပျက်စရာ အကောင်းဆုံး ခေါ်ယူမှုအဖြစ် သတ်မှတ်ခံခဲ့ရသည်။

**ရွှန်းနေရဲ့ ဂိုးသွင်းစံချိန်ဟာ ဘယ်လောက်နဲ့ ရပ်တန့်သွားမလဲဆိုတာကို ကျွန်တော်တို့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ သူ့ရဲ့ သွင်းဂိုးပမာဏကို ကျွန်တော်အမီလိုက်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။**

# ရွှန်းနေ၏ ဂိုးသွင်းစံချိန်ကို အမီလိုက်နိုင်ရန် အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း ရည်မှန်းထား

အောင်က

**အင်္ဂလန်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းက အင်္ဂလန်အသင်းခေါင်းဆောင်တိုက်စစ်မှူး ဝိန်းရွှန်းနေ၏ နိုင်ငံလက်ရွေးစင်အသင်းအတွက် ဂိုးသွင်းစံချိန်ကို အမီလိုက်နိုင်ရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။**

မန်ယူအသင်းတိုက်စစ်မှူး ဝိန်းရွှန်းနေ (၂၉နှစ်)သည် ပြီးခဲ့သည့် စက်တင်ဘာ ၉ ရက်တွင် အင်္ဂလန်က အိမ်ကွင်း၌ ဆွစ်ဇာလန်အသင်းကို ၂-၀ ဖြင့် အနိုင်ရရှိခဲ့သော ယူရို ၂၀၁၆ ခြေစစ်ပွဲတွင် ပွဲချိန် ၈၄ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် အင်္ဂလန်အတွက် ဒုတိယဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် အင်္ဂလန်အသင်း တိုက်စစ်ကစားသမားဟောင်းကြီး ဆာဘော်ဘီချာလ်တန် တင်ထားခဲ့သည့် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ဂိုးသွင်းအများဆုံးစံချိန်ကို ချိုးဖြတ်ကာ သွင်းဂိုး ၅၀ ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သူဖြစ်သည်။

စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်း (၂၂နှစ်)က "အခုဆိုရင် တိုက်စစ်မှူး ရွှန်းနေဟာ အင်္ဂလန်အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့ပါပြီ။ သူဟာ နိုင်ငံအသင်းအတွက် နောက်ထပ်ဂိုးတွေလည်း သွင်းယူပေးနိုင်ဦးမှာပါ။ ရွှန်းနေရဲ့ ဂိုးသွင်းစံချိန်ဟာ ဘယ်လောက်နဲ့ ရပ်တန့်သွားမလဲဆိုတာကို ကျွန်တော်တို့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ သူ့ရဲ့ သွင်းဂိုးပမာဏကို ကျွန်တော် အမီလိုက်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ ကျွန်တော်ဟာ အင်္ဂလန်အသင်းအတွက် ရွှန်းနေရဲ့ ဂိုးသွင်းမှုတွေကို ကြည့်ပြီး ကြီးပြင်းလာရသူပါ။ ဒါကြောင့် ရွှန်းနေနဲ့အတူ ကွင်းအတွင်း အောင်ပွဲခံခွင့်ရရှိခဲ့တာက ကြီးမားတဲ့ ဂုဏ်ယူစရာပဲဖြစ်ပါတယ်။ ရွှန်းနေရဲ့ စွမ်းဆောင်နိုင်ခဲ့မှုအတွက်လည်း ကျွန်တော်အလွန် ဂုဏ်ယူမိတယ်။ သူဟာ နိုင်ငံအသင်းအတွက် ဂိုးတွေထပ်မံသွင်းယူပေးနိုင်ဦးမယ်ဆိုတာကလည်း အသေအချာပါပဲ"ဟု ပြောသွားသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် လေးပွဲပါဝင်ကစားထားပြီး သုံးဂိုးသွင်းယူပေးထားသူဖြစ်သည်။ သို့သော်လည်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲတွင် စပါးအသင်းအတွက် လေးပွဲ ပါဝင်ကစားပေးပြီးချိန်၌ ဂိုးသွင်းယူနိုင်ခြင်းမရှိသေးပေ။ မန်ယူတိုက်စစ်မှူး ဝိန်းရွှန်းနေကလည်း ဟယ်ရီကိန်းသည် နိုင်ငံအသင်းအတွက် ဂိုးများစွာ သွင်းယူပေးနိုင်မည့် ကစားသမားဖြစ်လာမည်ဟု ဟောကိန်းထုတ်ပြောဆိုခဲ့သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၁၆ ခြေစစ်ပွဲ လက်ကျန်ပွဲနှစ်ပွဲအဖြစ် လာမည့် အောက်တိုဘာ ၁၀ ရက်တွင် အိမ်ကွင်း၌ အက်စ်တိုးနီးယားအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၁၃ ရက်တွင် အဝေးကွင်း၌ လစ်သူယေးနီးယားအသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်သည်။

# ခံစစ်မှူး ပီကေးအား လှောင်ပြောင်နေမှုများကို ရပ်တန့်ရန် စပိန်အားကစားဝန်ကြီး တိုက်တွန်း



စပိန်နိုင်ငံမှ ကာတာလိုနီးယားပြည်နယ်ခွဲထွက်ရေးကို ထောက်ခံခဲ့ခြင်းကြောင့် အသက် ၂၈ နှစ်အရွယ်ရှိ ပီကေးကို စပိန်လက်ရွေးစင်အသင်း ကစားခဲ့သည့်ပွဲများတွင် စပိန်ပရိသတ်များက ၎င်းအား ပစ်မှတ်ထားကာ လှောင်ပြောင်မှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့် စက်တင်ဘာ ၆ ရက်တွင် စပိန်အသင်းက ဆလိုဗက်ကီးယားအသင်းကို အိမ်ကွင်း၌ ၂-၀ ဖြင့် အနိုင်ရရှိခဲ့သော ယူရို ၂၀၁၆ ခြေစစ်ပွဲမတိုင်မီ ညပိုင်းတွင် နိုက်ကလပ်တစ်ခုသို့ ပီကေးသွားရောက်ခဲ့ခြင်းကြောင့် ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

စပိန်လက်ရွေးစင်အသင်းနည်းပြ ဒဲလ်ဘော့စကေးကလည်း ပီကေးအား လှောင်ပြောင်မှုများကို ပြစ်တင်ရှုတ်ချလိုက်ပြီး ပီကေးကို ညဘက်အပြင်ထွက်ရန် မိမိခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

စပိန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှုနှင့် အားကစားဝန်ကြီး အိုင်နီဂိုမန်ဒီဇ်ဒီဗီဂိုက "နိုင်ငံအသင်းဂျာစီကို ဂုဏ်ယူစွာ ဝတ်ဆင်ကစားနေတဲ့ ကစားသမားတစ်ဦးကို လှောင်ပြောင်တာဟာ အင်မတန် ဆိုးရွားတဲ့ အပြုအမူပါ။ နိုင်ငံအသင်းအတွက် ပါဝင်ကစားနေတဲ့ ကစားသမားတွေကို မလှောင်ပြောင်သင့်ပါဘူး။ ဒီလို ကစားသမားတွေကို လေးစားမှု၊ ချစ်ခင်မှုထားရှိရမှာ ဖြစ်ပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအပေါ် လေးစားရမှာဖြစ်ပြီး အဲဒီလို လူမျိုးကိုလည်း လေးစားရမှာပါ။ လူတိုင်းဟာ နိုင်ငံတစ်နိုင်ငံ၊ အလံတော်နဲ့ နိုင်ငံသားတွေအတွက် ကိုယ်စားပြုနေသူတွေအပေါ် လေးစားမှု ထားရှိရမှာဖြစ်ပါတယ်။ ဒါက ကလေးငယ်တွေကို ကျွန်တော်တို့ သင်ကြားပေးရမယ့်အချက်ပါ"ဟု ပြောသွားသည်။

ခံစစ်မှူး ပီကေးအပေါ် လှောင်ပြောင်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် နိုဝင်ဘာ ၁၃ ရက်တွင် ဘာနေဗျူးကွင်း၌ စပိန်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲကို စပိန်ဆီဂန်ဒါဘီမှ ဟာကျူလက်စ်အသင်း၏ အိမ်ကွင်းဖြစ်သော ပရိသတ် ၂၉၅၀၀ သာ ဝင်ဆံ့သည့် Jose Rico Perez ကွင်းတွင် ကစားမည်ဖြစ်ကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ်က ပြီးခဲ့သည့် စက်တင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါ ခြေစမ်းပွဲကို စပိန်အသင်းအနေဖြင့် ယူရို ၂၀၁၆ ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်မှသာ ကစားသွားမည်ဖြစ်သည်။ ■

## ပရီမီယာလိဂ်ပွဲစဉ် (၅)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၂-၉-၁၅)** | | | |
| ည ၆း၁၅ | အဲဗာတန် | - | ချယ်လ်ဆီး |
| ည ၈း၃၀ | နော့ဝှစ်ချ် | - | ဘုန်းမောက် |
| ည ၈း၃၀ | ပဲလေ့စ် | - | မန်စီးတီး |
| ည ၈း၃၀ | ဝက်စ်ဘရွန်း | - | ဆောက်သမ်တန် |
| ည ၈း၃၀ | အာဆင်နယ် | - | စတုတ် |
| ည ၈း၃၀ | ဝက်ဖို့ဒ် | - | ဆွမ်ဆီး |
| ည ၁၁း၀၀ | မန်ယူ | - | လီဗာပူး |
| **တနင်္ဂနွေနေ့ (၁၃-၉-၁၅)** | | | |
| ည ၇း၀၀ | ဆန်းဒါးလန်း | - | စပါး |
| ည ၉း၃၀ | လက်စတာ | - | ဗီလာ |
| **တနင်္လာနေ့ (၁၄-၉-၁၅)** | | | |
| နံနက် ၁း၃၀ | ဝက်စ်ဟမ်း | - | ကာဆယ် |

## စပိန်လီဂါပွဲစဉ် (၃)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၁-၉-၁၅)** | | | |
| နံနက် ၁း၀၀ | လီဗန်တေး | - | ဆီဗီလာ |
| **စနေနေ့ (၁၂-၉-၁၅)** | | | |
| ည ၈း၃၀ | အက်စ်ပန်ညို | - | ရီးရဲ |
| ည ၁၀း၄၅ | ဂီဂျွန် | - | ဗလင်စီယာ |
| နံနက် ၁း၀၀ | အက်သလက် | - | ဘာစီလိုနာ |
| နံနက် ၂း၃၀ | ဘက်တစ် | - | ဆိုစီဒက် |
| **တနင်္ဂနွေနေ့ (၁၃-၉-၁၅)** | | | |
| ညနေ ၄း၃၀ | ဂရန်နာဒါ | - | ဗီလာရီးရဲ |
| ည ၈း၃၀ | ဘီလ်ဘာအို | - | ဂီတာဖေး |
| ည ၁၀း၄၅ | ဆယ်တာဗီဂို | - | လက်ပဲမတ်စ် |
| နံနက် ၁း၀၀ | မာလာဂါ | - | အီဘာ |
| **တနင်္လာနေ့ (၁၄-၉-၁၅)** | | | |
| နံနက် ၁း၀၀ | ဗယ်လက်ကာနို | - | ဒီပို့တီဗို |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၄)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၁-၉-၁၅)** | | | |
| နံနက် ၁း၀၀ | ဂလာဘတ်ချ် | - | ဟမ်းဘတ် |
| **စနေနေ့ (၁၂-၉-၁၅)** | | | |
| ည ၈း၀၀ | ဘိုင်ယန် | - | အော့စ်ဘတ် |
| ည ၈း၀၀ | လေဗာကူဆင် | - | ဒရန်စတက် |
| ည ၈း၀၀ | ဟန်နိုဗာ | - | ဒေါ့မွန် |
| ည ၈း၀၀ | ဟာသာဘာလင် | - | စတုဂတ် |
| ည ၈း၀၀ | အင်ဂိုဆလပ် | - | ဝုဖ်ဘတ် |
| ည ၁၁း၀၀ | ဖရန့်ဖတ် | - | ကိုလုံး |
| **တနင်္ဂနွေနေ့ (၁၃-၉-၁၅)** | | | |
| ည ၈း၀၀ | ဟော့ဖန်ဟိန်း | - | ဝါဒါဘရီမင် |
| ည ၁၀း၀၀ | ရှော်လ်ကေး | - | မိန့်ဇ် |

## စီးရီးအေပွဲစဉ် (၃)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၂-၉-၁၅)** | | | |
| ည ၁၀း၃၀ | ဖီအိုရင်တီးနား | - | ဂျီနိုအာ |
| ည ၁၀း၃၀ | ဖရိုစီနိုနီ | - | ရိုးမား |
| နံနက် ၁း၁၅ | ဂျူဗင်တပ်စ် | - | ချီယေဗို |
| **တနင်္ဂနွေနေ့ (၁၃-၉-၁၅)** | | | |
| ညနေ ၅း၀၀ | ဗီရိုနာ | - | တိုရီနို |
| ည ၇း၃၀ | အမ်ပိုလီ | - | နာပိုလီ |
| ည ၇း၃၀ | ပါလာမို | - | ကာပီ |
| ည ၇း၃၀ | ဆမ်ဒိုးရီးယား | - | ဘိုလော့ဂ်နာ |
| ည ၇း၃၀ | ဆက်ဆူအိုလို | - | အတ္တလန်တာ |
| ည ၁၀း၃၀ | လာဇီယို | - | အူဒီးနီးစ် |
| နံနက် ၁း၁၅ | အင်တာမီလန် | - | အေစီမီလန် |